www.burmeseclassic.com

၂၀၀၂ ခုနှစ်

ပခုက္ကူဦးအုံးဖေစာပေဆုရ

# လူထုပညာ



## မောင်မင်း

www.burmeseclassic.com

ww.burmeseclassic.com

# စာရေးသူ၏ အမှာစာ

လူထုပညာ၏ နှစ် (၅၀) ပြည့် “ရွှေရတုသဘင်” ကို ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အလှူတော်မင်္ဂလာခန်းမဆောင်တွင် ကျင်းပခဲ့ပါသည်။ ထိုပွဲကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဝန်ကြီးဗိုလ်ချုပ်ပြည့်စုံ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

လူထုပညာရေး ကောင်စီဝင်ထဲမှ ရှားရှားပါးပါး သက်ရှိထင်ရှားရှိသူ ဆရာမကြီး ဒေါ်ရီကြိန်လည်း တက်ရောက်ပါသည်။ လူထုပညာရေးမှူးသင်တန်း သင်တန်းမှူး အသက် ၉၂ နှစ်ရှိ သက်တော်ရှည်ဆရာကြီး ဦးသန်းမောင်၊ သင်တန်းဆရာ ဦးလှရွှေနှင့် စာရေးဆရာကြီး တက်တိုးတို့လည်း တက်ရောက်ကြပါသည်။ လူထုပညာရေးမှူးနှင့် အမျိုးသမီးမှူးများ (၁၃၂) ယောက်တို့ ပြန်လည်ဆုံတွေ့ခဲ့ကြပါသည်။

မှတ်မှတ်သားသား ထိုရွှေရတုပွဲမှာ ဆရာမကြီး ဒေါ်ရီကြိန်က “[illegible]မင်းအောင် မင်းရေးတဲ့ဆောင်းပါးတွေ ဖတ်ရတယ်၊ လူထုပညာ[illegible]ကြောင်းလဲ ရေးပါကွယ်” ဟု တိုက်တွန်းခဲ့ခြင်းကို အကြောင်းပြု၍ “လူထုပညာ” ကို ရေးဖြစ်ခဲ့ပါသည်။

အနာဂတ်မှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြသော ပြည်ထောင်စု[illegible] သူငယ်လူရွယ်များအတွက် တောရိုင်းကို ခုတ်ထွင်ရှင်းလင်း[illegible] [illegible] ယာမြေများ တည်ခဲ့သော တောင်သူလယ်သမား [illegible]

ww.burmeseclassic.com

တဲ့သို့ မြန်မာပြည်လွတ်လပ်ရေးခေတ်ဦးကာလမှာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လူထုပညာရေးမှုများ၏ ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း မှတ်တမ်းကို လေ့လာသိရှိစေလိုသော စေတနာဖြင့် ဤစာမူကို ရေးသားခြင်းဖြစ်ပါသည်။

စာမူမှာ အခန်းခွဲခြင်း၊ ခေါင်းစဉ်ငယ်များတပ်ခြင်း၊ မာတိကာ ရေးနည်းများကို အကြံပေးညွှန်ပြသူ စာပေဗိမာန်ဆုရှင် ပခုက္ကူ ဦးအုံးဖေ စာပေဆုပေါင်း (၁၇) ဆု ရရှိထားသော ဆရာမောင်ယဉ်လှိုင်း (ဖျဉ်းမမြိုင်) ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်က လက်ရည်တစ်ပြင်တည်း စိတ်တူ ကိုယ်တူ ဆောင်ရွက်ခဲ့ကြသူများအနက် ကွယ်လွန်သူတို့လည်း အများပင်ဖြစ်ပါသည်။ စေတနာအရင်းခံလျက် ဆိုးတူကောင်းဖက် ဆောင်ရွက်ခဲ့ကြသူများအကြောင်း မှတ်တမ်းတင်ခြင်းသည် ကွဲကွာသွားသူတို့အား ပြန်လည်အမှတ်ရစေပါသည်။

တစ်ချိန်က နိုင်ငံအတွက် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများကို တည်မြဲကျန်ရစ်စေလိုသော ဆန္ဒဖြင့် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

မောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



# လူထုပညာ့နိဒါန်း

"လူထုပညာ" အကြောင်းရေးလျှင် မြို့မကျောင်း၏ဖခင်ကြီး ကျောင်းအုပ်ဆရာကြီး "ဦးဘလွင်" ကို ချန်ထားလျှင် မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ် အစိုးရ၏ လက်အောက်မှာရှိစဉ်ကတည်းက ဆရာကြီးဦးဘလွင်နှင့် စိတ်တူ သဘောတူ မျိုးချစ်ပုဂ္ဂိုလ်ကြီးများစုပေါင်း၍ ကျေးလက် ပြုပြင်ရေးနှင့် ကျေးလက်မြှင့်တင်ရေးလုပ်ငန်းတို့ကို စေတနာ့ ဝန်ထမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၁၉၃၆ ခုနှစ်တွင် ရန်ကုန်မြို့၊ မြို့မကျောင်း၊ ကျောင်းအုပ်ကြီး ဦးဘလွင်နှင့်ဇနီး ဒေါ်ခင်သက်တင်၊ ဒေါ်ခင်မေဆက်၊ ကြီးပွားရေး ဦးသိန်း၊ ဦးကျော်မြင့်လေး၊ ဦးစိန်ခို၊ ဦးမြတ်သာ၊ ဦးတင်မောင်တို့ ဦးဆောင်သောအဖွဲ့သားများသည် အင်းစိန်ခရိုင်၊ လှည်းကူးမြို့နယ် ရဲမွန်ရွာသို့သွားကြပြီး ဆရာကြီး ဦးစံဘ၏ အစိုးရအလယ်တန်းကျောင်းတွင် စခန်းချ၍ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ကျေးလက်ပြုပြင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

ထိုမျိုးချစ်ပုဂ္ဂိုလ်ကြီးများသည် သတင်းစာများ၊ မဂ္ဂဇင်းများ ဖတ်ပြခြင်း၊ ဆွေးနွေးခြင်း၊ ဝေငှခြင်း၊ ကျေးလက်ပြုပြင် [illegible] ပတ်သက်သော အကြောင်းအရာများကို ဟောပြော [illegible] များ ပြုလုပ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများက မီးဖိုချောင်သန့်ရှင်းရေး၊ ချက်ပြုတ်ရေး၊ အိမ်တွင်း အိမ်ပြင်သန့်ရှင်းရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး လုပ်ငန်းများကို ကျေးရွာသူများအား စည်းရုံး၍ အတူလက်တွဲ ဆောင်ရွက်ကြပါသည်။

အမျိုးသားအဖွဲ့ဝင်များကလည်း ရေဗွက်၊ ရေအိုင်ဖို့ခြင်း၊ ရေမြောင်းများဖောက်ခြင်း၊ လမ်းပြင် လမ်းဖြောင့်ခြင်း၊ ရေတွင်း ရေကန်သန့်ရှင်းခြင်း၊ တူးဖော်ခြင်း တို့ကို ကျေးရွာသားများအား စည်းရုံး၍ အတူတွဲဆောင်ရွက်ကြပါသည်။

ကျေးရွာအဖွဲ့ငယ်များဖွဲ့၍ ကျေးလက်ပြုပြင်ရေးလုပ်ငန်း များကို ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်နိုင်စေရန် ဦးဆောင် လမ်းညွှန်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတော်တွင် ပထမဦးစွာ "ကျေးလက်ပြုပြင်ရေး သင်တန်း" ကို ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၁၅ ရက် နေ့ထိ ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ချုပ်ကကြီးမှူး၍ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့တွင် ဖွင့်လှစ်သင်ကြားပြီး သမိုင်းမှတ်တိုင် စိုက်ထူခဲ့ ပါသည်။

ထိုသင်တန်းကို အထက်လွှတ်တော်အမတ်၊ မြို့မကျောင်း အုပ်ကြီး ဦးဘလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြည်ထဲရေး ဝန်ကြီး ဆာပေါ်ထွန်းကိုယ်စား၊ ပညာရေးဝန်ကြီး သာယာဝတီ ဦးမောင်မောင်က ဖွင့်လှစ်ပေးခဲ့ပါသည်။ သင်တန်းတွင် ဘုန်းတော် ကြီး ၅ ပါး၊ အမျိုးသမီး ၁၀ ယောက်နှင့် အမျိုးသား ၇၀၀ ကျော် က်သင်ကြားကြပါသည်။ အမျိုးသမီး သင်တန်းသူများကို ် ဒေါ်မြရွှေက အုပ်ချုပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတွင် ကျေးရွာပြုပြင်ရေးလက်တွေ့လုပ်ငန်း၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ ပျားမွေးမြူရေး၊ သမဝါယမ လုပ်ငန်း၊ စီးပွားရေး၊ ရှေးဦးသူနာပြု၊ ကျေးရွာဆေးပေးခန်း၊ မိခင်နှင့် ကလေးကျန်းမာရေး၊ ကင်းထောက်၊ ရှေးဦးသူနာပြု၊ ကာယပညာ၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာ့ရာဇဝတ်မှုအကြောင်းများကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူ ဌာနဆိုင်ရာအကြီးအကဲ ၂၈ ဦး တို့က သင်ကြားပို့ချပေးခဲ့ပါသည်။

သို့သော် ဒုတိယကမ္ဘာစစ်မီးက မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ အရှိန်ပျက်ပြီး ရပ်တန့်သွားပါသည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးသောအခါ အင်္ဂလိပ်အစိုးရလက်အောက်တွင် အဘက်ဘက်ကနိမ့်ကျ အောက်တန်း နောက်တန်းကျခဲ့သော ပြည်ထောင်စုသားများအတွက် ကျေးလက်ပြုပြင်ရေး၊ ပြည်သူပြည်သားများ အရည်အချင်းပြည့်ဝရေးတို့အတွက် မြို့မကျောင်းသူကျောင်းသားဟောင်းများကို ဆရာကြီး ဦးဘလွင်၊ ဦးချန်ထွန်း၊ ဦးအေးမောင်၊ ဦးအောင်မင်း၊ ဦးအောင်မြင့်၊ ဦးတင့်၊ ဒေါက်တာ ရွှေသွင်နှင့် မြို့မဆရာဟောင်းတို့က စည်းဝေးတိုင်ပင်ကြပါသည်။ နွေရာသီကျောင်းနှစ်လပိတ်သည့်အချိန်မှာ အင်းလျားကန်စောင်း၌ နွေရာသီသင်တန်းဖွင့်လှစ်၍ မြို့မဆရာများနှင့် ကျောင်းသားဟောင်းကြီးများမှ သင်ကြားပို့ချပေးရန် အဆိုပြုဆွေးနွေးကြပါသည်။ "ပြည်သူ့ပညာပြန့်ပွားရေး" လုပ်ငန်းသည် "ပြည်သူ့ဘားတောင်းသင်တန်း" ဟု ခေါ်ဆိုထိုက်ကြောင်း၊ ထို့ကြောင့် မြို့မ ကျောင်းသူ၊ ကျောင်းသားဟောင်းများအတွက်သာ မရည်[illegible]ဘဲ နိုင်ငံတစ်ဝန်းလုံးမှာရှိသော တိုင်းချစ်ပြည်ချစ်စိတ်[illegible] အထူးဝန်ထမ်းစိတ်ထားရှိသူများ၊ မိမိတို့ဘဝ[illegible]

www.burmeseclassic.com


မြှပ်နှံပြီး အစဉ်ဆောင်ရွက်မည့်သူများကို ပါဝင်လာစေရန် စီမံကိန်း တစ်ခုရေးဆွဲ၍ နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြရန်ဟု ဆုံးဖြတ်ကြပါသည်။

အဆိုပါ မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ အဖွဲ့ငယ်သည် အကြိမ်ကြိမ်စည်းဝေးခြင်း၊ ဆွေးနွေးခြင်းတို့ ပြုလုပ်ကြပြီး ကမ္ဘာမှာရှိသော လွတ်လပ်ပြီးစနိုင်ငံများ၏ အခြေအနေနှင့် ထိုနိုင်ငံများတွင် ဆောင်ရွက်ကြပုံများကိုပါ လေ့လာသုံးသပ်ကြပါသည်။ အိမ်နီးချင်း နိုင်ငံကြီးများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင် ဆောင်ရွက်နေသော အခြေအနေများကိုလည်း လေ့လာသုံးသပ်ကြပြီး မြန်မာနိုင်ငံ ပြည်ထောင်စုသားများနှင့် ကိုက်ညီမည့် စီမံကိန်းကို ရေးဆွဲကြပြီး နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်သွင်းအစီရင်ခံချက်အရ "လူထုပညာ" လုပ်ငန်းတစ်ခု စတင်ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | | |
|---|---|---|---|
| ၁။ | လူထုပညာဥပဒေ | ... | ၁ |
| | လူထုပညာရေးကောင်စီဝင်များ | | |
| | ပြည်နယ်ကောင်စီများ | | |
| | ကောင်စီအစည်းအဝေးနှင့်အဖွဲ့ငယ်များ | | |
| | အလုပ်အမှုဆောင်အဖွဲ့ | | |
| | ပြန်လည်ထူထောင်ရေး | | |
| ၂။ | လူထုပညာရေးမှူးများ၏အရည်အချင်း | ... | ၁၆ |
| | သင်တန်းဝင်ခွင့် | | |
| | သင်တန်း | | |
| | သင်တန်းကာလ | | |
| | သင်တန်းတွင်ဆက်ဆံပုံ | | |
| | နေ့စဉ်လုပ်ငန်းအချိန်ဇယား | | |
| | ပို့ချသော ဘာသာရပ်များ | | |
| ၃။ | လူထုပညာရေးမှူး | ... | ၂၆ |
| ၄။ | စတင်တာဝန်ထမ်းဆောင်ခြင်း | ... | ၂၈ |
| ၅။ | တာဝန်ကျကျေးရွာသို့ ကွင်းဆင်းခြင်း | ... | ၃၄ |
| | လွတ်လပ်ရေးအောင်ပွဲ | | |
| | တောင်သူလယ်သမားညီလာခံ | | |
| ၆။ | တွန်မြူနစ်သူပုန်များဝင်လာခြင်း | ... | ၄၃ |
| ၇။ | ထောင်တွင်းသင်တန်း | ... | ၅၁ |
| | ကျေးရွာလူထုပညာပြန့်ပွားရေးအဖွဲ့များဖွဲ့စည်းခြင်း | | |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | အကြောင်းအရာ | |
|---|---|---|
| ၈။ | ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး | ... ၆၀ |
| | ပစ္စည်းများအသုံးပြုရန်မူ။ | |
| | ပစ္စည်းကပ်လှူပွဲအခမ်းအနား။ | |
| | ညွှန်ကြားဝန်ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးခြင်း။ | |
| | ကုဋ္ဌနူနာရောဂါသယ်များ ဆေးကုပေးခြင်း။ | |
| | ဘုန်းတော်ကြီးကျောင်းပညာရေးမှုးသင်တန်း | |
| | ဘ၊ကမှ မူလတန်းကျောင်းအဖြစ်ပြောင်းလဲခြင်း | |
| ၉။ | နွေရာသီ လူထုပညာရေးလက်တွေ့လေ့ကျင့်ရေး စီမံကိန်း | ... ၃၄ |
| | လေ့လာစုံစမ်းရန်အချက်များ။ | |
| | နွေရာသီလူထုပညာရေးသင်တန်းစခန်းဖွင့်ပွဲ။ | |
| | ကျေးရွာကျန်းမာသန့်ရှင်းရေး။ | |
| | အိမ်တွင်းလက်မှုပညာ။ | |
| | တစ်ပိုင်တစ်နိုင်မွေးမြူရေး။ | |
| | ကျွန်းကလေးကျေးရွာစခန်း။ | |
| | အသံလွှင်ဇာတ်လမ်း။ | |
| | စံပြကျေးရွာစီမံကိန်း။ | |
| | ကျေးလက်သာယာဖွံ့ဖြိုးရေး။ | |
| ၁၀။ | လူသစ်ဖန်တီးရေးစီမံကိန်း | ... ၉၂ |
| | ဘုရားကျွန်ကျောင်းကျွန်၊ ကယ်ပါ | |
| | သူတောင်းစားများ | |
| | ...ပညာရေးကောင်စီနှင့်ကယ်ပါဘဝ | |
| | ...က်ရေး | |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ပထမအကြိမ် ကယ်ပါဘဝ လွတ်မြောက်ရေး နှီးနှော ဖလှယ်ပွဲ | ...၁၀၁ |
| | ကယ်ပါကိုယ်စားလှယ်များ၊ | |
| | ဆွေးနွေးချက်များ၊ | |
| | ဝန်ကြီး၏ မိန့်ခွန်း၊ | |
| | ဒုတိယအကြိမ်၊ ကယ်ပါဘဝ လွတ်မြောက်ရေး | |
| | နှီးနှောဖလှယ်ပွဲ | |
| | ဗဟိုကော်မတီ | |
| | ခရိုင်ကော်မတီ | |
| | ဒုတိယအကြိမ်မြောက် လူသစ်ဖန်တီးရေး | |
| | နှီးနှောဖလှယ်ပွဲညီလာခံကြီး | |
| | အမိဌာန်ကြွေးကြော်၍ ညီလာခံရုပ်သိမ်းခြင်း။ | |
| | နိုင်ငံတော်အစိုး၏ ဂုဏ်ပြုညစာစားပွဲကြီး | |
| ၁၂။ | မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများတွင် ဘဝသစ်အဖွဲ့များ စေလွှတ်ဆောင်ရွက်ခြင်း | ...၁၁၃ |
| | ဘဝသစ်ဖန်တီးရေးအဖွဲ့ | |
| | စေလွှတ်သောပြည်နယ်ဒေသများ | |
| | မိုင်းမောဒေသ ဘဝသစ်အဖွဲ့ဝင်များ။ | |
| | မိုင်းမောဒေသတည်နေရာ။ | |
| | လမ်းပန်းအဆက်အသွယ်။ | |
| | လူဦးရေ။ | |
| | အလုပ်အကိုင်။ | |
| | လူနေမှုအဆင့်အတန်း။ | |
| | ပညာရေး။ | |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကိုးကွယ်မှု။ | |
| | ဗုဒ္ဓဘာသာကိုးကွယ်မှု။ | |
| | ဘဝသစ်အဖွဲ့၏ဆောင်ရွက်ချက်များ | |
| | လေ့လာရေးအဖွဲ့။ | |
| ၁၃။ | နာဂ-ဟတ္ထိစခန်းဘဝသစ်အဖွဲ့။ | ...၁၃၂ |
| | အဖွဲ့ဝင်များ။ | |
| | ဟတ္ထိစံပြကျေးရွာ။ | |
| ၁၄။ | လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပေါင်းလိုက်ခြင်း။ | ...၁၄၃ |
| | နိဂုံး။ | |
| | လူထုပညာသီချင်း။ | |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## လူထုပညာဥပဒေ

"၁၉၈၄ ခုနှစ်၊ လူထုပညာ သင်ကြားရေးကောင်စီ ဥပဒေ" ဤဥပဒေကြမ်းကို ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်အစည်းအဝေး၌ တင်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေကို အတည်ပြုပြီးလျှင် နိုင်ငံတော်သမ္မတကြီးက ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ (၁၃၁၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) တွင် အက်ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အောက်ဖော်ပြပါ အက်ဥပဒေကို ရန်ကုန်မြို့ သမ္မတအိမ်တော်မှ ထုတ်ပြန်ကြေညာသည်။

၁။ (၁) ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ လူထုပညာ သင်ကြားရေးကောင်စီ အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် အာဏာတည်စေရန် ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။ ထို့ပြင် ဤအက်ဥ[illegible] အာဏာတည်ခြင်းမှ ရပ်စဲရမ[illegible]

www.burmeseclassic.com


သမ္မတက ၅ နှစ်မပြည့်မီ အမိန့်ကြော်ငြာစာဖြင့် မကြေညာလျှင် ၅ နှစ်တိုင်တိုင် အာဏာတည်နေရမည်။

၂။ ဤအက်ဥပဒေတွင် "ကောင်စီ" ဟူသည်မှာ ပုဒ်မ (၃) အရ ဖွဲ့စည်းထားသော လူထုပညာသင်ကြားရေး ကောင်စီကို ဆိုလိုသည်။

၃။ (၁) ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာ ကောင်စီတစ်ခုဖွဲ့စည်း တည်ထောင်ရမည်။ ထိုကောင်စီကို လူထုပညာသင်ကြားရေး ကောင်စီဟု ခေါ်ဆိုရမည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ပညာရေးဌာနဝန်ကြီး။

(ခ) သတင်းနှင့်ပြန်ကြားရေးဌာနဝန်ကြီး။

(ဂ) ပညာရေးဌာန ညွှန်ကြားရေးဝန်။

(ဃ) နိုင်ငံတော်သမ္မတက ခန့်ထားမည့် အခြား လူကြီးဆယ့်နှစ်ဦး။

(၂) ကောင်စီသည် ကောင်စီလူကြီးများအနက် တစ်ဦးကို ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ရမည်။

(၃) ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၄) အစိုးရအရာရှိမဟုတ်သော ကောင်စီလူကြီးများကို နိုင်ငံတော်သမ္မတက သတ်မှတ်ထားသော စရိတ် ...ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ကောင်စီလူကြီးနေရာတစ်ခုခု လစ်လပ်နေသော်လည်း သို့တည်းမဟုတ် ကောင်စီလူကြီးတစ်ဦးဦး ခန့်ထားရာ၌ ချွတ်ယွင်းချက်တစ်ခုခုရှိသော်လည်း ကောင်စီ၏ဆောင်ရွက်မှုများသည် အတည်ဖြစ်ရမည်။

(၆) ကောင်စီသည် ကောင်စီအစည်းအဝေးအားလုံး သို့တည်းမဟုတ် ကောင်စီဆိုင်ရာ ကော်မတီအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်များနှင့် မှတ်တမ်းများကိုလည်းကောင်း၊ ကောင်စီ၏ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်နှစ်ပတ်လည် အစီရင်ခံစာများကိုလည်း ကောင်းနိုင်ငံတော် သမ္မတထံ တင်သွင်းရမည်။

၄။ ကောင်စီလူကြီးသုံးဦး သို့တည်းမဟုတ် လေးဦးပါဝင်သော ကော်မတီများကို သာမန်အားဖြင့်ဖြစ်စေ၊ အထူးကိစ္စအတွက်ဖြစ်စေ ခန့်ထားနိုင်သည်။ ထိုကဲ့သို့ ခန့်ထားသော ကော်မတီသည် ကောင်စီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံလျက် ပုဒ်မ (၁၆) အရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့် မိမိအားလွှဲအပ်သည့် ကောင်စီတာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကိုဆောင်ရွက်ရမည်။

၅။ (၁) ဥက္ကဋ္ဌသည် မိမိသင့်တော်မည်ထင်သည့် အချိန်နှင့် နေရာတွင် ကောင်စီ... (ဝ) ကျင်းပရန် ဆင့်ခေါ်နိုင်... တ်

www.burmeseclassic.com

www.burmeseclassic.com


ခြောက်ယောက်အောက် မနည်းသော ကောင်စီလူကြီးများက အစည်းအဝေး ခေါ်ပေးရန် တောင်းဆိုလျှင် ခေါ်ပေးရမည်။

(၂) အစည်းအဝေးတိုင်း၌ လူကြီးခုနစ်ဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။

(၃) ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေးသို့ မတက်ရောက်သောအခါ တက်ရောက်သော လူကြီးများအနက်မှ တစ်ယောက်ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

(၄) ကောင်စီအစည်းအဝေး၌ ပေါ်ပေါက်သော ပြဿနာ အားလုံးကို အစည်းအဝေးတက်ရောက်မဲပေးသော လူကြီးများ၏ များရာမဲဖြင့် လည်းကောင်း၊ မဲအရေအတွက် တူညီနေသောအခါ ဥက္ကဋ္ဌက အနိုင်မဲပေးခြင်းဖြင့်သော် လည်းကောင်း ဆုံးဖြတ်ရမည်။

၆။ (၁) ကောင်စီသည် မိမိ၏ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အရာရှိများနှင့် အမှုထမ်းများကို ခန့်ထားနိုင်သည်။

(၂) ကောင်စီအရာရှိများနှင့် အမှုထမ်းများ၏ လစာများ၊ စရိတ်များနှင့် အမှုထမ်းစည်းကမ်းများသည် ကောင်စီက နိုင်ငံတော်သမ္မတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံလျက် ပုဒ်မ (၁၆) ခုရ ...လုပ်သည့် စည်းကမ်းဥပဒေများဖြင့် ...န်းသည့် အတိုင်းဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


(၃) ကောင်စီသည် ကောင်စီအရာရှိများနှင့် အမှုထမ်းများ၏ တာဝန်ဝတ္တရားနှင့် အလုပ်ဝတ္တရားများကို ပုဒ်မ (၁၆) အရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၇။ ကောင်စီသည် မိမိအား အကြံဉာဏ်ပေးရန် အတွက် မည်သူ့ကိုမဆို ခန့်ထားနိုင်သည့်အပြင် ထိုသူအား အခကြေးငွေများ သို့တည်းမဟုတ် စရိတ်များ ပေးနိုင်သည်။

၈။ ကောင်စီက အောက်ပါကိစ္စများကို ဆောင်ရွက်ရမည်။

(၁) လူထုအား ယေဘုယျအားဖြင့် အတတ်ပညာ သင်ကြားပေးရန် အရပ်ရပ်ပညာရေးမူများ ပြဋ္ဌာန်းခြင်းကိစ္စနှင့် စီမံကိန်းများ ပြုလုပ်ခြင်းကိစ္စ။

(၂) လူထုပညာသင်ကြားရေးအတွက် စည်းရုံးရေးမှူးများနှင့် ဝန်ထမ်းများကို သင်ကြားလေ့ကျင့်ရေး စခန်းများ တည်ထောင်ခြင်းကိစ္စ။

(၃) လူထုပညာသင်ကြားရေးအတွက် စည်းရုံးမှူးများနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့တစ်ခု ဖွဲ့စည်းခြင်းကိစ္စ၊ ထို့ပြင် –

(၄) လူထုအား အရပ်ရပ်အတတ်ပညာ သင်ကြားပေးရန် ပြုလုပ်ထားသည့် စီမံကိန်းများတို့ သာမန်အားဖြင့် ဆောင်ရွက်ခြင်းကိစ္စ။

၉။ ကောင်စီအား မိမိ၏တာဝန်ဝတ္တ... အလုပ်ဝတ္တရားများကို ဆော...

www.burmeseclassic.com

www.burmeseclassic.com



အတွက် နိုင်ငံတော်အစိုးရသည် မိမိသင့်မည် ထင်မြင်သည့် ငွေပေါင်းကို ကောင်စီသို့ ထုတ်ပေးနိုင်သည်။

၁၀။ ကောင်စီသည် လူထုပညာသင်ကြားရေး ရန်ပုံငွေခေါ် ရန်ပုံငွေတစ်ရပ်ကို ထားရှိရမည်။ ထိုရန်ပုံငွေသို့ နိုင်ငံတော် အစိုးရထံမှ ရရှိသော ငွေအားလုံးကို ထည့်သွင်းရမည်။

၁၁။ ကောင်စီသည် လူထုပညာသင်ကြားရေး ရန်ပုံငွေကို အောက်ပါကိစ္စများအတွက် သုံးစွဲရမည်။

(က) လေ့ကျင့်ရေးဌာနများ၏ အသုံးစရိတ်များနှင့် လေ့ကျင့်စခန်းများ၏ အသုံးစရိတ်များ ပါဝင်သော ကောင်စီရုံး အသုံးစရိတ်များကို ပေးခြင်း။

(ခ) သင်တန်းတက်သူများအား သင့်တော်သော ထောက်ပံ့ငွေများ ပေးသည့်အတွက် ကုန်ကျစရိတ်များကို ကျခံခြင်း၊ ထို့ပြင် –

(ဂ) လိုအပ်သည်ဟု ယူဆသော အခြားအသုံးစရိတ်များကို ကျခံခြင်း။

၁၂။ ကောင်စီသည် မိမိ၏ ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၌ဖြစ်စေ၊ နိုင်ငံတော် သမ္မတက သဘောတူညီသည့် အခြားဘဏ်တစ်ခုခု၌ဖြစ်စေ၊ အပ်နှံထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ (၁) ကောင်စီသည် ဘဏ္ဍာတော်နှစ်အသီးသီး မကုန်ဆုံးမီ နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်ရယူရန် တင်သွင်းရမည်။ ကောင်စီသည် အဆိုပါ ခန့်မှန်းခြေငွေစာရင်းများကို ပြင်ဆင်သည့် နောက်ထပ်ပြုလုပ်သော ခန့်မှန်းခြေငွေစာရင်းများကို ကာလအားလျော်စွာ ဆိုခဲ့သည့် နည်းလမ်းအတိုင်း တင်သွင်းနိုင်သည်။

သို့သော် ကောင်စီသည် မိမိအလုပ်စတင်လုပ်ကိုင်သည့် ပထမနှစ်နှင့် ပတ်သက်၍ အလုပ်စတင် လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ် ကုန်ဆုံးသည်အထိ ကာလအပိုင်းအခြားအတွက် ခန့်မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ တင်သွင်းရမည်။

(၂) ဤပုဒ်မအရ ခွင့်ပြုသည့် ငွေစာရင်းထက် ပို၍ ကောင်စီက အကုန်အကျမခံရ။

၁၄။ (၁) နိုင်ငံတော်သမ္မတက ဆင့်ဆိုသည့် ကာလအပိုင်းအခြားအတွက် ငွေစာရင်းများကို ကောင်စီက နိုင်ငံတော် သမ္မတထံ တင်ပို့ရမည်။

(၂) ကောင်စီသည် ရန်ပုံငွေစာရင်းများကို နိုင်ငံတော် သမ္မတ၏ သဘောတူညီခွင့်ပြုချက်[illegible] ၁၃(၁) စစ်ချုပ်က ပြဋ္ဌာန်းသည့် ပုံစံအင်[illegible] ...တ်

www.burmeseclassic.com

www.burmeseclassic.com


(၃) ကောင်စီ၏ ငွေစာရင်းများကို နိုင်ငံတော် စာရင်းစစ်ချုပ်က စစ်ဆေးရမည်။ ထိုငွေစာရင်းများနှင့် ပတ်သက်သည့် နိုင်ငံတော် စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ တင်သွင်းရမည်။

၁၅။ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အတွက် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

၁၆။ နိုင်ငံတော်သမ္မတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံလျက် ကောင်စီသည် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ခုအတွက်ဖြစ်စေ၊ ဤအက်ဥပဒေနှင့်အညီဖြစ်သော စည်းကမ်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) ကောင်စီ၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့် ကောင်စီအစည်းအဝေးတွင် လိုက်နာဆောင်ရွက်ရန် နည်းလမ်း၊

(ခ) ကောင်စီအရာရှိများနှင့် အမှုထမ်းများ ခန့်ထားခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း၊ ထိုသူတို့၏ လစာနှင့် အမှုထမ်း စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဂ) ပုဒ်မ (၄) အရ ကောင်စီက ကော်မတီများသို့ အာဏာလွှဲအပ်ခြင်း။ ထို့ပြင် –

(ဃ) ကောင်စီအရာရှိများနှင့် အမှုထမ်းများ၏ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကို ...ဝချထားခြင်း ။

www.burmeseclassic.com

www.burmeseclassic.com


၁၇။ ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့် သို့တည်းမဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် အမှုတစ်ခုခုနှင့် ပတ်သက်၍ ကောင်စီအား သို့တည်းမဟုတ် ကောင်စီလူကြီး တစ်ဦးဦးအား၊ သို့တည်းမဟုတ် ကောင်စီအရာရှိတစ်ဦးဦးအား ကောင်စီအမှုထမ်း တစ်ဦးဦးအား မည်သည့် တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြား အမှုအခင်းကိုမျှ စွဲဆိုခြင်းမပြုရ။

၁၈။ ဤအက်ဥပဒေဖြင့် ကောင်စီအားပေးထားသည့် တာဝန်ဝတ္တရားတစ်ခုခုကိုဖြစ်စေ၊ အလုပ်ဝတ္တရား တစ်ခုခုကိုဖြစ်စေ၊ ကောင်စီက ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု နိုင်ငံတော်သမ္မတသည် မည်သည့်အချိန်၌မဆို ထင်မြင်သဘောရရှိလျှင် နိုင်ငံတော်သမ္မတသည် ကောင်စီကို ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းသောအခါ လူထုပညာ သင်ကြားရေး ရန်ပုံငွေမှ လက်ကျန်ငွေများနှင့် ကောင်စီဥက္ကဋ္ဌပိုင် ပစ္စည်းအားလုံးသည် နိုင်ငံတော် အစိုးရ၌ တည်ရှိရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ထိုးသည်။
စပ်ရွှေသိုက်
နိုင်ငံတော် ယာယီသမ္မတ
ပြည်ထောင်စုမြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၄၈ ခု၊ နိုဝင်ဘာလ ၄ ရက်)
အမိန့်အရ
ရွှေဘော်
နိုင်ငံတော်သမ္မတအတွင်းဝန်။

အထက်ပါ လူထုပညာရေးသင်ကြားရေးကောင်စီ အက်ဥပဒေကို နိုင်ငံတော်သမ္မတကြီးက လက်မှတ်ရေးထိုး ပြဋ္ဌာန်းပြီးနောက် လုပ်ငန်းမစမီ လူထုပညာပြန့်ပွားရေးနှင့်ပတ်သက်၍ ဗဟုသုတများ လက်တွေ့လေ့လာရန် ပုဂ္ဂိုလ်နှစ်ဦး (၁) ဦးစိုးတင့်၊ (၂) ဦးစိုးညွန့် တို့ကို ရွေးချယ်လျက် မြန်မာနိုင်ငံတော်အစိုးရက အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ လေ့လာသူတို့ ပြန်လည်ရောက်ရှိကြပြီးနောက် ၁၉၄၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် လူထုပညာ သင်ကြားရေးကောင်စီ အက်ဥပဒေအရ အောက်ပါအတိုင်း "လူထုပညာရေးကောင်စီ" ကို နိုင်ငံတော်သမ္မတကြီးက ဖွဲ့စည်းစေခဲ့သည်။

## လူထုပညာရေးကောင်စီဝင်လူကြီးများ

| | | |
|---|---|---|
| ၁။ ပြန်ကြားရေးဝန်ကြီး | ဦးထွန်းဖေ | (ရာထူးအရ) |
| ၂။ ပညာရေးဝန်ကြီး | ဦးလှအေး | (ရာထူးအရ) |
| ၃။ ပညာမင်းကြီး | ဦးချို | (ရာထူးအရ) |
| ၄။ ဦးဘလွင် | မြို့မကျောင်းအုပ်ကြီး။ | |
| ၅။ ဦးချန်ထွန်း | နိုင်ငံတော်ရှေ့နေချုပ်ကြီး။ | |
| [illegible]ိန်းဟန် | တက္ကသိုလ်စာကြည့်တိုက်မှူး။ | |
| | ဘားမင်းသတင်းစာဆရာဟောင်း။ | |

www.burmeseclassic.com

www.burmeseclassic.com


၈။ ဦးအေးမောင် — လွှတ်တော်ရှေ့နေကြီး။

၉။ ဦးဘဖေ — ကတိအရ မြန်မာနိုင်ငံဆရာအတတ်သင် သိပ္ပံ။

၁၀။ ဦးလှကျော် — မီးသတ်ဌာနညွှန်ကြားရေးဝန်။

၁၁။ ဦးစံထွား — စာထည်းမှူး၊ ဘာသာပြန်စာပေအသင်း။

၁၂။ ဦးဟိန် — ဖြန့်ချိရေးမှူး၊ ဘာသာပြန်စာပေအသင်း။

၁၃။ ဒေါ်ရီကြိန် — လက်ထောက်စာတည်း၊ ဘာသာပြန်စာပေအသင်း။

၁၄။ ဒေါ်နှစ် — ကျောင်းဆရာမကြီး၊ ကြည့်မြင်တိုင်အမျိုးသမီးကျောင်း။

၁၅။ ဦးသန့် — အတွင်းဝန်၊ ပြန်ကြားရေးဌာန။

အတွင်းဝန်များရုံး၌ ပထမအကြိမ်တျင်းပသော ကောင်စီအစည်းအဝေးတွင် တောင်တန်းနယ်များမှ ကိုယ်စားလှယ်များကို ကောင်စီလူကြီးများအဖြစ် ခန့်အပ်ပါလျှင် ပြည်ထောင်စုစည်းရုံးရေးအတွက် ပိုမိုကြံ့ခိုင်ခြင်းလည်း ရှိမည်။ ပြည်ထောင်စု စိတ်ဓာတ်လည်း ပို၍ စည်းလုံးမှုရှိမည်ဟု ဆွေးနွေးကြပါသည်။ တောင်တန်းနယ်မှ ကိုယ်စားလှယ်များကို ကောင်စီတွင် ထည့်သွင်းနိုင်ရန်အတွက် လက်ရှိကောင်စီလူကြီးအချို့ မိမိတို့သဘောအလျောက်နုတ်ထွက်ပေးရန် ဆုံးဖြတ်ပါသည်။ ထိုဆုံးဖြတ်ချက်အရ မူလကောင်စီဝင် လူကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးသိန်းမောင်၊ ဦးသန့်၊ ဦးတင့်ဆွေနှင့် ဦးအေးမောင်တို့ ငါးဦးသည် မိမိ[illegible] အလျောက် နုတ်ထွက်ပေးကြသည်။

www.burmeseclassic.com


တောင်တန်းပြည်နယ်နှင့် ကောင်စီများသို့ ကိုယ်စားလှယ်တစ်ဦးကျစီ စေလွှတ်ပေးရန် မေတ္တာရပ်ခံသည့်အတိုင်း အောက်ပါပုဂ္ဂိုလ်ငါးဦးတို့ကို ရွေးချယ်စေလွှတ်ပေးပါသည်။

(၁) ဦးထွန်းအေး ရှမ်းပြည်နယ်အစိုးရ ပညာရေးဝန်ကြီး။
(၂) ဦးဘဦး ကချင်ပြည်နယ်အစိုးရ ပညာရေးဝန်ကြီး။
(၃) ဦးမိုးလတ် ကယားပြည်နယ်အစိုးရ အတွင်းဝန်။
(၄) ဦးလျှန်ထုံ ချင်းရေးရာကောင်စီ သဘာပတိ။
(၅) မန်းထွန်းရင် ကရင်ရေးရာကောင်စီပါလီမန်အမတ် တို့ကို နိုင်ငံတော်သမ္မတကြီး၏ သဘောတူညီချက်အရ လူထုပညာရေးကောင်စီဝင် လူကြီးများအဖြစ် ဖြည့်စွက်ခန့်ထားခဲ့လေသည်။

၁၉၄၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အတွင်းဝန်များရုံး၌ စည်းဝေးသော အစိုးရအဖွဲ့ ကက်ဘိနက်အစည်းအဝေးက "လူထုပညာရေးကောင်စီ" ကို ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ဆောင်ရွက်စေခဲ့ပါသည်။

## ပြည်နယ်ကောင်စီများ

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် လူထုပညာရေးကောင်စီတစ်ခုစီ သီးခြားဖွဲ့စည်းထားရှိပါသည်။ ထိုပြည်နယ်လူထုပညာရေးကောင်စီမှ လူထုပညာသင်တန်းသားများကို ရန်ကုန်မြို့ရှိ လူထုပညာသင်တန်းမှ သင်တန်းတက်စေပြီး သင်ကြားပေးပါသည်။

ရှမ်းပြည်နယ် လူထုပညာရေးကောင်စီအောက်တွင် လူထုဌာန (၁၀) ဌာနနှင့် လူထုပညာရေးမှူး ၁၉ ယောက် ရှိပါသည်။ [illegible]ပြည်နယ်တွင် လူထုဌာန (၄) ဌာနနှင့် လူထုပညာရေးမှူး [illegible]ပါသည်။ နယ်လှည့်ပညာရေးယာဉ် ၂ စီးလည်း

www.burmeseclassic.com

www.burmeseclassic.com


## ကောင်စီအစည်းအဝေးနှင့် အဖွဲ့ငယ်များ

ကောင်စီအစည်းအဝေးပွဲများကို တစ်လလျှင် တစ်ကြိမ်ကျ လစဉ် ဒုတိယတနင်္လာနေ့တိုင်း ကျင်းပပါသည်။ ကောင်စီ၏ လုပ်ငန်းရပ်အသီးသီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် . . .

(၁) အဆောက်အအုံအဖွဲ့၊

(၂) စာအုပ်စာတမ်းပြုစုရေးအဖွဲ့၊

(၃) ရုပ်ပြပညာသင်ပစ္စည်းပြုစုရေးအဖွဲ့၊

(၄) ဘဏ္ဍာရေးအဖွဲ့၊

(၅) ရွေးချယ်ခန့်ထားရေးအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ပါသည်။ ရွေးချယ်ခန့်ထားရေးအဖွဲ့မှအပ ကျန်အဖွဲ့များတို အနည်းဆုံး တစ်လလျှင်တစ်ကြိမ် (သို့မဟုတ်) လုပ်ငန်းအရ အခါအားလျော်စွာ ကျင်းပခဲ့ပါသည်။

အဆောက်အအုံအဖွဲ့တွင် ကောင်စီအဆောက်အအုံ တာဝန်ခံကလည်းကောင်း၊ စာအုပ်စာတမ်းအဖွဲ့တွင် လက်ထောက် အုပ်ချုပ်ရေးမှူး (ထုတ်လုပ်ရေး) ကလည်းကောင်း၊ ရုပ်ပြ ပညာသင် ပစ္စည်းပြုစုရေးအဖွဲ့တွင် လက်ထောက်အုပ်ချုပ်ရေးမှူး (ရုပ်ရှင်) က လည်းကောင်း၊ ဘဏ္ဍာရေးအဖွဲ့နှင့် ရွေးချယ်ခန့်ထားရေးအဖွဲ့ များတွင် အုပ်ချုပ်ရေးမှူးကလည်းကောင်း အတွင်းရေးမှူးအဖြစ် အသီးသီးဆောင်ရွက်ကြသည်။ အဖွဲ့များ၏ ဆုံးဖြတ်ဆောင်ရွက် ချက်များကို ကောင်စီ၏ လစဉ်အစည်းအဝေးများက အတည်ပြုပေး ပါသည်။ ကောင်စီသည် လုပ်ငန်းအရပ်ရပ်ကို စီမံအုပ်ချုပ်ရာ၌ နိုင်ငံတော်အစိုးရက အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော လူထု... ကောင်စီနည်းဥပဒေများ၊ စည်းတမ်းဥပဒေများ... နှင့် (ဝ) ... ထားရှိရေး ပြဋ္ဌာန်းချက်များအရ လိုက်နာဆော... တ်

www.burmeseclassic.com

www.burmeseclassic.com


## အလုပ်အမှုဆောင်အဖွဲ့

လူထုပညာရေးကောင်စီက ချမှတ်ပေးသော လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းထားရှိရပါသည်။ အလုပ်အမှုဆောင်အဖွဲ့တွင် အုပ်ချုပ်ရေးမှူးသည် တာဝန်ခံအကြီးအကဲဖြစ်၍ ၎င်းအား ဒုတိယအုပ်ချုပ်ရေးမှူး (အုပ်ချုပ်ရေး)၊ ဒုတိယအုပ်ချုပ်ရေးမှူး (နယ်လုပ်ငန်းစီစဉ်ရေး) နှင့် လူထုပညာရေးသင်တန်းမှူးတို့က တာဝန်ခံကူညီဆောင်ရွက်ကြရပါသည်။

အုပ်ချုပ်ရေးလက်အောက်တွင်-

(၁) အထွေထွေအုပ်ချုပ်ရေး၊
(၂) ငွေနှင့်ဘဏ္ဍာရေး၊
(၃) စာအုပ်စာတမ်းထုတ်လုပ်ရေး၊
(၄) ရုပ်ပြပညာသင်ပစ္စည်းထုတ်လုပ်ရေး၊
(၅) စာစောင်ထုတ်လုပ်ရေး နှင့်
(၆) အဆောက်အအုံဆောက်လုပ်ရေးအဖွဲ့များ ရှိပါသည်။

နယ်လုပ်ငန်းစီစဉ်ရေးလက်အောက်တွင်-

(၁) နယ်စည်းရုံးရေးဆောင်ရွက်ရေး၊
(၂) ဘဝသစ်ဖန်တီးရေး၊
(၃) ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး၊
(၄) နွေရာသီလူမှုဝန်ထမ်းနှင့် စာမတတ်သူပပျောက်ရေး၊
သစ်ဖန်တီးရေးလုပ်ငန်းများ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## လူပြန်လည်ထူထောင်ရေး

တစ်နှစ်အတွက် ရည်ရွယ်လျှင် သီးနှံစိုက်ပါ။
ဆယ်နှစ်အဖို့ ရည်ရွယ်လျှင် သစ်ပင်စိုက်ပါ။
နှစ်တစ်ရာအဖို့ မျှော်ကိုးလျှင် လူကိုထူထောင်ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံသည် စစ်ဒဏ်ကို နှစ်ကြိမ်တိုင် ခံစားခဲ့ရခြင်းနှင့် လွတ်လပ်ရေးနှင့်အတူ ဖွားဖက်တော်ဖြစ်ခဲ့သော သောင်းကျန်းသူများ၏ ဖျက်ဆီးမှုဒဏ်ကို ကြိမ်ဖန်များစွာ ခံစားခဲ့ရခြင်းတို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အိုးအိမ် တိုက်တာအဆောက်အအုံများကို ပြန်လည်ထူထောင်ရုံမျှဖြင့် မလုံလောက်နိုင်ပါ။ ပြည်ထောင်စုသားများအားလုံးကိုလည်း ပြန်လည်ထူထောင်ရန် လိုအပ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## လူထုပညာရေးမှူးများ၏ ပညာအရည်အချင်း

ပညာရေးမှူးလောင်းများအတွက် ပညာအရည်အချင်း သတ်မှတ်ချက်မှာ အင်္ဂလိပ်မြန်မာ ၁၀ တန်း၊ မြန်မာ ဒသမတန်း၊ နဝမတန်း အောင်မြင်ပြီးသူများ၊ ကျောင်းထွက်လက်မှတ်ရသူများ ဖြစ်ရမည်။ ရွေးချယ်ရာတွင် ပညာအရည်အချင်းအဖြစ် သာသနာပြု စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်၊ ပရဟိတ ဝန်ထမ်းစိတ်ဓာတ်ရှိသူ များနှင့် ကျေးလက်တွင် ကျောင်းဆရာလုပ်ခဲ့ဖူးသူများကို ဦးစားပေး ရွေးချယ်ပါသည်။

### သင်တန်းဝင်ခွင့်

သင်တန်းဝင်ခွင့်လျှောက်သူများသည် စာမေးပွဲအောင် လက်မှတ်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများ ကို ပူးတွဲလျက် လူထုပညာရေးကောင်စီအုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းလျှောက်ထားရပါသည်။ သင်တန်းတွင် ဖွင့်စနှစ်က ထောက်ပံ့ကြေးကို တစ်လလျှင် ၅၀ ကျပ်သာ ပေးခဲ့သော်လည်း နောင်အခါတွင် ကျပ် ၆၀ သို့ တိုးမြှင့်ပေးခဲ့ပါသည်။

သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရခြင်း၊ လူတွေ့စစ်ဆေးခြင်း တို့ကိုလည်း အခြားဌာနသင်တန်းများကဲ့သို့ စစ်ဆေးဆောင်ရွက်ခဲ့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## သင်တန်း

ပထမပတ်သင်တန်းကို ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ အမှတ် ၄၀ ဂူဂျာရတီကျောင်းဟောင်း အဆောက်အအုံတွင်လည်းကောင်း၊ ဒုတိယပတ် သင်တန်းမှ ပဥ္စမပတ်သင်တန်းထိ အမှတ် ၁၄ တင့်လမ်း အဆောက်အအုံတွင်လည်းကောင်၊ ဆဋ္ဌမပတ်မှ အဋ္ဌမ ပတ်ထိ သင်တန်းများကို ချော်တွင်းကုန်း ဂျူးဘန်းလမ်းရှိ သင်တန်း ကျောင်းတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

ပဥ္စမပတ်သင်တန်းမှစ၍ အမျိုးသမီးသင်တန်းသူများ လက်ခံသင်ကြားပေးပြီး အမျိုးသားပညာရေးမှုးများနှင့်တန်းတူ သင်တန်းတက်၍ သင်ကြားကြရပါသည်။

## သင်တန်းကာလ

လူထုပညာရေးမှုးများ၏ သင်ကြားမှုဘာသာရပ်များမှာ အလွန်ကျယ်ပြန့်ပြီး ဆန်းသစ်မှုရှိခြင်းကြောင့် တစ်နှစ်သင်တန်း သတ်မှတ်ခဲ့သော်လည်း လွတ်လပ်ပြီးစ ပြည်ထောင်စုမြန်မာနိုင်ငံ ကို ပြန်လည်ထူထောင်ရေးလုပ်ငန်း စတင်နိုင်ရန် အရေးတကြီး လိုအပ်နေခြင်းကြောင့် (၆) လသာ သတ်မှတ်လိုက်ရပါသည်။

သင်တန်းကာလအတွင်း နေ့အားမရှိ၊ ခွင့်ရက်မရှိ၊ စနေ၊ တနင်္ဂနွေနှင့် ဂေဇက်ဝင်ရုံးပိတ်ရက်များကိုလည်း ရက်အားမပေးဘဲ အင်တိုက်အားတိုက် သင်ကြားခဲ့ပါသည်။

## သင်တန်းတွင် ဆက်ဆံပုံ

(က) မိသားစုစိတ်ဓာတ် (ခ) သာသနာ[illegible] ...နှ (ဂ) နိဝါတစိတ်ဓာတ် (ဃ) သင်္ဂဟစိတ်ဓာတ် (င) သ[illegible] ...တ်

www.burmeseclassic.com

www.burmeseclassic.com

နှင့် (စ) ရဲဘော်ရဲဘက်စိတ်ဓာတ်များ ဖြစ်ပွားပေါ်ထွန်းလာစေရေး တို့အတွက် လေ့ကျင့်ပေးပြီး အချင်းချင်း ဆက်ဆံခေါ်ပြောရာတွင် ဆရာ၊ ဆရာမဟု သုံးနှုန်းဆက်ဆံကြရပါသည်။

ဒီမိုကရေစီအလေ့အကျင့် ရရှိစေရေးအတွက် သင်တန်းသား၊ သင်တန်းသူများသည် မိမိတို့ အဆောင်များတွင် တစ်ဆောင်လျှင် အဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပြီး တစ်ဖွဲ့လျှင်ခေါင်းဆောင် တစ်ယောက် ရွေးချယ်ရပါသည်။ ထိုခေါင်းဆောင်များထဲက သင်တန်းခေါင်းဆောင်တစ်ဦးရွေးချယ်၍ စားသောက်ရေး၊ သင်တန်းသာယာရေး၊ သန့်ရှင်းရေးကိစ္စများကို အလှည့်ကျ တာဝန်ခွဲဝေဆောင်ရွက်ရပါသည်။ ခေါင်းဆောင်မှု အလေ့အကျင့်ကို သင်တန်းသားများရရှိစေရေးအတွက် တစ်လတစ်ကြိမ် ရွေးချယ်တင်မြှောက်ရပါသည်။

သင်တန်းသားများအတွက် ရှပ်ဖြူလက်ရှည်၊ ပင်နီတိုက်ပုံနှင့် ပုဆိုးစိမ်းများကို ဝတ်ဆင်ရပါသည်။ သင်တန်းသူများအတွက် အကျီအဖြူလက်ရှည်နှင့် နီညိုရောင်လုံချည်များဖြင့် တူညီဝတ်စုံသတ်မှတ်ပေးပါသည်။

## သင်တန်းသား/သူများ၏နေ့စဉ်လုပ်ငန်းအချိန်ဇယား

| | |
|---|---|
| ၁။ နံနက် ၅ နာရီ ၃၀ မိနစ် | အိပ်ရာထ၊ အလံတော်အလေးပြု၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ် |
| ၂။ နံနက် ၆ နာရီ | နံနက်စာ လက်ဖက်ရည် (သို့) မြန်မာမုန့်၊ ရေနွေးကြမ်း |
| ၃။ နံ[illegible] နာရီ ၃၀ မိနစ် | သင်တန်းစခန်း လက်တွေ့သန့်ရှင်းရေး |

www.burmeseclassic.com

ww.burmeseclassic.com


| | | |
|---|---|---|
| ၄။ | နံနက် ၉ နာရီ | နံနက်စာ ထမင်းစားချိန် |
| ၅။ | နံနက် ၉နာရီ ၃၀မိနစ် | အဆောင်သန့်ရှင်းရေးစစ်ဆေးခြင်း |
| ၆။ | နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ | စာတွေ့သင်တန်းပို့ချချိန် |
| ၇။ | မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ | လက်တွေ့သင်တန်းများ |
| ၈။ | ညနေ ၄ နာရီမှ ၅ နာရီ | အားကစား ကိုယ်လက်လှုပ်ရှား |
| ၉။ | ညနေ ၆ နာရီ | ညစာထမင်းစားချိန် |
| ၁၀။ | ည ၇ နာရီမှ ၉ နာရီ | ဆွေးနွေးပွဲ၊ ဟောပြောပွဲများ လက်တွေ့လေ့ကျင့်ချိန် |
| ၁၁။ | ည ၉ နာရီမှ ၉း၃၀ နာရီ | ဘုရားဝတ်ပြု ပရိတ်ရွတ်ချိန် |
| ၁၂။ | ည ၁၀း၃၀ နာရီ | အိပ်ချိန် |

## ပို့ချသောဘာသာရပ်များ

### (က) မြန်မာလူမှုရေးနှင့်ယဉ်ကျေးမှု

၁။ ကမ္ဘာ့ရာဇဝင်၊ မြန်မာရာဇဝင်နှင့် ခေတ်အဆက်ဆက် လူမှုရေးနှင့်ယဉ်ကျေးမှုပြောင်းလဲလာပုံ၊

၂။ မြန်မာ့ရိုးရာစဉ်လာ ဓလေ့ထုံးစံများ၊ ရိုးရာဂီတ၊ ကျေးလက်ဂီတနှင့် အကအခုန်များ၊

၃။ မြန်မာ့ယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာခြေဖာ သက်ရောက်ပုံများ၊ ဘုန်းတော်ကြီးကျောင်းပညာရေး၊

၄။ မြန်မာတိုင်းရင်းသားများကို နိုင်ငံခြားသ ဘာသနာ ပြုကြပုံများ၊

www.burmeseclassic.com

www.burmeseclassic.com


(ခ) နိုင်ငံရေးအယူအဆများ

၁။ သမိုင်းဦးဘုံမြေခေတ်မှ ယခုခေတ်တိုင် နိုင်ငံရေးအယူအဆ အတွေးအခေါ်အဆင့်ဆင့် ပြောင်းလဲလာပုံများ၊

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊

၃။ အစိုးရဌာန အသီးသီး၏ လုပ်ငန်းများ၊ စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊

(ဂ) ကျန်းမာရေးနှင့်သန့်ရှင်းရေး

၁။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွင်းသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊

၂။ ကြက်ခြေနီ အဆင့်အတန်းမီ ရှေးဦးသူနာပြုလုပ်ငန်း၊

၃။ အဓိက ရောဂါကြီးများ၊ ဖျားနာစသည့်ရောဂါများ၊ ကူးစက်တတ်သည့် ရောဂါများ၊ ရောဂါဖြစ်ခြင်းအကြောင်းနှင့် ကာကွယ်နည်း၊

(ဃ) မွေးကင်းစကလေးသူငယ်များ စောင့်ရှောက်ရေး

၁။ မမွေးမီ မိခင်နှင့် မွေးပြီးစကလေးသူငယ်များ စောင့်ရှောက်ရေး၊

၂။ မိခင်နှင့် ကလေးများ ကျန်းမာရေး စောင့်ရှောက်ခြင်း၊

၃။ ကလေးများ အဆင့်ဆင့်ကြီးထွားမှု စောင့်ရှောက်ရေး၊

၄။ မိသားစု ကျန်းမာသာယာရေး၊

၅။ အဟာရဓာတ်ပြည့်ဝစွာ ချက်ပြုတ်စားသောက်ရေး၊

www.burmeseclassic.com

www.burmeseclassic.com


(င) စီးပွားရေး

၁။ သမဝါယမအသင်းများ အခြေခံ၍ မြန်မာ့စီးပွားရေး၊

၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဆောင်ရွက်ရေး၊

၃။ မွေးမြူရေး၊ လက်တွေ့နှင့် ကုသရေး၊

၄။ အိမ်တွင်းမှုပညာ

အိမ်တွင်းလက်မှုပညာ၊ စက်ချုပ်၊ လက်ချုပ်၊ ဇာထိုးပန်းထိုး သိုးမွေးထည်၊ စက္ကူပန်း၊ အရုပ်လုပ်နည်း အသုံးစာရင်း ရေးဆွဲနည်း၊ ချွေတာစုဆောင်းနည်းနှင့် စာရင်းစစ်ဆေးနည်းပညာ၊

(စ) အခြေခံစိတ်ပညာ

၁။ စိတ်ပညာနှင့် လူထုပညာဆက်သွယ်ပုံ၊

၂။ စေတနာ့ဝန်ထမ်း လူမှုဝန်ထမ်းလုပ်ငန်း၊

၃။ သဟဇာတဖြစ်အောင် ပေါင်းသင်းနေထိုင်နည်း၊

(ဆ) အခြေခံစာကြည့်တိုက်ပညာ

၁။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စုဆောင်းနည်း၊

၂။ စာအုပ်အမျိုးအစားခွဲခြားထားသိုနည်း၊

၃။ စာအုပ်များငှားရမ်းနည်းနှင့် မပျက်စီးမပျောက်ဆုံးရန် ထိန်းသိမ်းစောင့်ရှောက်နည်း၊

(ဇ) မီးသတ်ပညာ

၁။ အိမ်တွင်းမီးဖိုထားသိုသုံးစွဲနည်း၊

၂။ မီးသတ်ဆေးဘူးသုံးစွဲ မီးသတ်နည်း၊

www.burmeseclassic.com

www.burmeseclassic.com


၃။ မီးလောင်လျှင် လက်ဆင့်ကမ်း ရေသယ်ယူ ငြိမ်းသတ်နည်း၊

၄။ မီးကူးစက်မှု မရှိစေရန် ဆောင်ရွက်နည်း၊

၅။ ဖယောင်းတိုင်၊ မီးခွက်၊ မီးအိမ်တို့ စနစ်တကျထားသို သုံးစွဲနည်း၊

(ဈ) ကင်းထောက်ပညာနှင့် ရှေးဦးသူနာပြုနည်း

၁။ ကင်းထောက်၏ အဆင့်ဆင့်ဆောင်ရွက်နည်းများ၊

၂။ အရေးပေါ်ကြက်ခြေနီနည်းဖြင့် အသက်ကယ်ပြုစုကုသနည်းများ၊

(ည) ကာယပညာ

၁။ အားကစားနည်းများ၊ ကျေးလက်မြန်မာ အားကစားနည်းများ၊

၂။ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး၊ သရေကွင်းပစ်၊ ကြက်တောင်ရိုက်နည်းများ၊

၃။ ထုတ်စီးထိုး၊ ကြက်ခွပ်၊ ခေါင်းအုံးရိုက် စသည့်ကျေးလက်အားကစားနည်းများ၊

(ဋ) လူထုပညာရေးလုပ်ငန်း

၁။ သဘောတရားနှင့် လက်တွေ့ကွင်းဆင်းစည်းရုံးဆောင်ရွက်နည်း၊

၂။ ပြည်သွင်း၊ ပြည်ပလူမှုဝန်ထမ်းလုပ်ငန်းများ၊

၃။ အသုံးလုံးပညာ၊ သက်ကြီးပညာ၊ ဒေသလူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၊

www.burmeseclassic.com

www.burmeseclassic.com


၄။ ကျေးရွာပညာရေး၊ ကျန်းမာရေး သဘာဝဝါသမ၊ အိုးအိမ် ပြန်လည်ထူထောင်ရေး၊ စိုက်ပျိုးရေး၊

၅။ အိမ်တွင်းဖူလုံမှု စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးပညာများ၊

အထက်ဖော်ပြပါ ဘာသာရပ်များကို သင်တန်းကထိကနှင့် သင်တန်းမှ ဆရာကြီး၊ ဆရာမကြီးများက စာတွေ့ လက်တွေ့သင်ကြားပို့ချပေးပါသည်။

## ပြင်ပမှ ပညာရှင်များ၏ ဘာသာရပ်ဆိုင်ရာ ပို့ချပေးချက်နည်းများ

၁။ မြန်မာမှုဘာသာရပ်များတွင်

(က) ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဘာသာရပ်ကို အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း (အမ်အေ) တလည်းကောင်း၊

(ခ) ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးစံများကို ယဉ်ကျေးမှုဌာန ညွှန်ကြားရေးဝန် ဦးသာမြတ်က လည်းကောင်း၊

(ဂ) မင်္ဂလာတရားတော်များ၊ ပရိတ်တော်များနှင့် ဓမ္မစကြာတရားတော်များကို ဓမ္မာစရိယ ဦးကျော်ထွန်းတလည်းကောင်း၊

(ဃ) ရှိုးရာဂီတနှင့် ကျေးလက်တေးဂီတအကြောင်းကို အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်တလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com


၂။ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးကို ရှမ်းပြည်နယ် တိရစ္ဆာန်ဆေးကုသရေးဌာနမှ ဒေါက်တာ လှကျော်က လည်းကောင်း၊

၃။ သမဝါယမ အကြောင်းကို သမဝါယမမင်းကြီး ဦးဘိုးသုံ နှင့် သမဝါယမဌာန ဒုတိယမင်းကြီး ဦးတင်အုန်း၊ လက်ထောက်မင်းကြီး ဦးလှကြိုင်တို့ကလည်းကောင်း၊

၄။ ကျန်းမာရေးနှင့် ဆေးဝါးကုသရေးကို ဆေးမင်းကြီး ဒေါက်တာ ဦးမောင်မောင်ကလေးက လည်းကောင်း၊ ကူးစက်ရောဂါနှင့် ကိုယ်ရေပြားရောဂါ တို့ကို လက်ထောက် ညွှန်ကြားရေးဝန် ဒေါက်တာ သာဆိုင် က လည်းကောင်း၊ မိသားစုကျန်းမာသာယာရေးကို ကျန်းမာရေးဌာန ညွှန်ကြားရေးဝန် ဒေါက်တာ သိန်းမောင် ကလည်းကောင်း၊

၅။ အားကစားနှင့် ကာယပညာ စာတွေ့လက်တွေ့ကို မြို့မကျောင်း ကာယပညာဆရာ ဦးဘသောင်းက လည်းကောင်း၊

၆။ စိတ်ပညာကို ယခင်ပါမောက္ခချုပ်၊ ပညာရေးဝန်ကြီး ဒေါက်တာကျော်စိန်နှင့် ဒေါက်တာစိန်တူတို့ကလည်းကောင်း၊

၇။ ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးများအတွက် သင်္ချာ၊ ပထဝီ၊ ရာဇဝင် သင်ကြားနည်းများ[illegible]ရာအတတ်[illegible]င် သိပ္ပံမှ ကထိကများကလည်း ကောင်း၊

၈။ စာကြည့်တိုက်ပညာကို အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက လည်းကောင်း၊

၉။ ကင်းထောက်ပညာကို ကင်းထောက်မင်းကြီး ဦးဘ[illegible] လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



၁၀။ မီးသတ်ပညာကို မီးသတ်ညွှန်ကြားရေးဝန် ဦးလှကျော်က လည်းကောင်း၊

၁၁။ သက်ကြီးပညာ၊ အသုံးလုံးပညာနှင့် လူထုပညာ ဘာသာရပ်များကို ယူနက်စကို မြန်မာနိုင်ငံကော်မရှင် အတွင်းရေးမှူး ဒုတိယ ပညာမင်းကြီး ဦးအေးမောင်ကလည်းကောင်း သင်ကြားပို့ချ ပေးခဲ့ကြပါသည်။

လူထုပညာရေးမှူးသင်တန်းကို ၁၉၄၉ ခုနှစ်မှ စတင်ဖွင့်လှစ်၍ ၁၉၅၄ ခုနှစ်အထိ (ငါးနှစ်အတွင်းမှာ) အမျိုးသားမှူး ၄၄၄ ယောက်၊ အမျိုးသမီးမှူး ၁၈၂ ယောက် စုစုပေါင်း ၉၅၉ ယောက် သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

# လူထုပညာရေးမှူး

လူထုပညာရေးမှူးဆိုသည်မှာ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်အပြေး ဂျပန်အဝင်နှင့် တော်လှန်ရေးကာလ၊ ဂျပန်အပြေး မဟာမိတ်တပ်များ ပြန်အဝင်တွင် စစ်တလင်း နှစ်ကြိမ်ဖြစ်ခဲ့၍ ပြာပုံဘဝသို့ ရောက်ခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ အခြားလွတ်လပ်သောနိုင်ငံများနှင့် ရင်ဘောင်တန်းလျက် ထည်ထည်ဝါဝါရပ်တည်နိုင်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်လည်းကောင်း၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ နိမ့်ကျနေသော ကျေးလက်ပြည်သူများကို ကမ္ဘာ့လူထု များနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာစေရန် "လူသစ်တည်၍ ပြည်သစ် ဆောက်အံ့" ဆောင်ပုဒ်ဖြင့် လူထုပညာရေးကောင်စီမှ သင်ကြားပို့ချလမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကျေးလက်ဒေသများသို့ သွားရောက်ပြီး တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ကြီးဌာနလက်အောက်မှ နိုင်ငံဝန်ထမ်း တစ်ဦးဖြစ်ပါသည်။

ထိုအချိန်က ပညာရေးဝန်ကြီးမှာ ဦးသန်းအောင်ဖြစ်ပါသည်။ ဤနေရာမှစ၍ "မှူး"ဆိုသော စကားရပ်သည် လူထုပညာရေးမှူးကို ရည်ညွှန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းပွဲအပြီးတွင် အမျိုးသား "မှူး" များနှင့် အမျိုးသမီး "မှူး" များကို မိမိတို့ တာဝန်ထမ်းဆောင်ရမည့် မြို့နယ်အသီးသီး၊ ကျေးရွာအသီးသီးသို့ တာဝန်ချထားလျက် "လူထုပညာရေးဌာန" များပေါ်ပေါက်လာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဩဝါဒပေးပြီး အလုပ်ခန့်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## စတင်တာဝန်ထမ်းဆောင်ခြင်း။

ကျွန်တော်သည် တာဝန်ကျရာ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် စွန်းလွန်းကျေးရွာသို့ သွားရောက်တာဝန်ထမ်းဆောင်ရပါသည်။ ထိုအချိန်က လွတ်လပ်ရေးနှင့်အတူ ဖွားဘက်တော်အဖြစ်ပါလာသော သောင်းကျန်းသူ သူပုန်များသည် နိုင်ငံအနှံ့အပြားတွင် မီးရထားလမ်းများကို မိုင်းထောင်ဖျက်ဆီးခြင်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်း၊ ကျေးရွာများကို မီးရှို့ခြင်းတို့ အမြဲမပြတ်ရှိနေသဖြင့် မီးရထားလမ်းများမှာ လုံခြုံမှုမရှိပါ။ မြင်းခြံသို့သွားရန် ကားလမ်းမှာလည်း ကုန်တင်လော်လီကားကြီးများသာ သွားလာပြီး လူစီးဘတ်စ်ကားများ မရှိသေးပါ။

ထို့ကြောင့် ရန်ကုန်မှ မိတ္ထီလာသို့ လေယာဉ်ဖြင့်သွားရပါသည်။ မိတ္ထီလာလေယာဉ်ကွင်းသို့ အဆင်းတွင် လေယာဉ်ပေါ်မှ မြင်ရသော သစ်ပင်ပုပုများ၊ ချုံပုတ်များကိုကြည့်ရင်း ငယ်စဉ်စာသင်သား ဘဝက ပထဝီဝင်ဘာသာရပ် သင်ရသောအခါ မိုးခေါင်ရေရှားရပ်ဝန်းဒေသက ပူပြင်းခြောက်သွေ့သည်။ ဆူးပင်နှင့် ချုံပုတ်ပင်များသာ ပေါက်ရောက်သည်ဟု သင်ခဲ့ရမှုများကို ပြန်လည်သတိရ မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာ ဘူတာမှ မြင်းခြံသို့ သာစည်မှလာသော စာပို့ရထားကို ဆက်စီးပြီးသွားရသည်။ အထက်တန်းတွဲမရှိပါ။ မိတ္ထီလာဘူတာက ရုံပိုင်ကြီးကူညီစီစဉ်ပေးသဖြင့် စာတိုက်တွဲမှာ လိုက်ခွင့်ရပါသည်။ ရိုးရိုးတန်းတွဲများမှာ နေ့ခြချစရာနေရာမရှိသလောက်အောင် လူကြပ်ပါသည်။ အလယ်လမ်းကြောင်းမှာလည်း ကုန်ပစ္စည်းများ တောင်းများထင်းရှူးသေတ္တာများဖြင့်ပြည့်နေပါသည်။

လမ်းဘေးဝဲယာမှာ ထန်းတောကြီးများ၊ မန်ကျည်းပင်ကြီးများ၊ တမာပင်ကြီးများမှာ အောက်ပြည်မှာ မရှိ မတွေ့ရပါ။ မြင်းခြံဘူတာသို့ ညနေ ၅ နာရီမှာ ရောက်ပါသည်။

မြင်းခြံရောက်ပြီး နောက်တစ်ရက်တွင် ခရိုင်ဝန်ရုံးသို့ သွားရောက်၍ ခရိုင်ဝန်ထံ အလုပ်ဝင်ကြောင်း သတင်းပို့ရသည်။ ခရိုင်ဝန်မှာ ဦးမောင်မောင်တင် ဖြစ်ပါသည်။ ခရိုင်ဝန်က မေးသဖြင့် လူထုပညာရေးဌာန အကြောင်းများ၊ သင်တန်းအကြောင်းများ၊ လုပ်ငန်းအကြောင်းများ ရှင်းပြရပါသည်။

ခရိုင်ဝန်က မြို့မဝန်ထောက်ကြီးဦးသာထွန်း၊ နယ်ပိုင်ဝန်ထောက် ဦးရွှေရင်၊ မြို့ပိုင်ဦးချစ်၊ လက်ထောက်မြို့ပိုင် ဦးလှထွန်းတို့ကို သူ့ရုံးခန်းသို့ခေါ်ပြီး ကျွန်တော်နှင့်မိတ်ဆက်ပေးပါသည်။ "သူတို့ကိုလည်း ကျုပ်ကိုရှင်းပြသလို လူထုပညာအကြောင်းရှင်းပြလိုက်ပါ" ဟုအမိန့်ရှိပြန်သဖြင့် ထပ်မံရှင်းလင်းပြရပါသည်။

ထိုနေ့က ခရိုင်ဝန်ကြီး ကျွေးမွေးသော လက်ဖက်ရည်နှင့်စမူဆာတို့ စားခဲ့ရသည်ကို မမေ့နိုင်ပါ။

လူထုနှင့် ဆက်သွယ်ရေးတွင် အဆင်ပြေလွယ်ကူစေရန် မြည်သူဆက်ဆံရေးအရာရှိ သခင်မင်းခေါင်အိမ်သွား၍ ကိုယ့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကို မိတ်ဆက်ပြီး မြို့လူထုအခြေအနေ၊ ကျေးရွာများအခြေအနေ၊ သောင်းကျန်းသူများ အခြေအနေတို့ပြောပြပေးရန် တောင်းပန်ရပါသည်။ သခင်မင်းခေါင်သည် မျက်နှာမှာ ကျောက်ပေါက်ရာများနှင့် အသားမည်းသော်လည်း အလွန်သဘောကောင်းပါသည်။

"ပြောပြရမှာပေါ့ ကိုယ့်လူရယ်၊ ကိုယ့်လူက လူသစ်၊ ဌာနသစ် ဆိုတော့ သိချင်တာသာမေး ဘာမှအားမနာနဲ့ ကိုယ်က မြင်းခြံဇာတိ၊ တို့ဗမာ အစည်းအရုံး လက်ထက်ကတည်းက နိုင်ငံရေး၊ လွတ်လပ်ရေးတွေမှာ ပါဝင်လာတာဆိုတော့ သိသမျှ ပြောပြရတာပေါ့"

"ကျွန်တော်သိချင်တာတွေကများတော့ တစ်ခါတည်းနဲ့တော့ ပြည့်စုံမှာမဟုတ်ဘူး၊ နောက်ရက်တွေမှာလည်း နောင်ကြီးအားတဲ့အချိန်မှာ လာပါရစေ"

"ပြောထားပြီပဲ၊ ဘာမှ အားနာမနေနဲ့ တံခါးမရှိ ဓားမရှိ ဝင်စေ၊ ထွက်စေ ဗျား" ဟု ဟာသနှော၍ ပြောတတ်ပါသည်။

မြင်းခြံမြို့၏ ရာသီဥတုမှာ နွေအခါတွင် ဖာရင်ဟိုက်ဒီဂရီ ၁၀၂ မှ ၁၀၅ ဒီဂရီအထိ ပူပြင်းပါသည်။ မိုးအခါတွင် မိုးရွာသွန်းမှု နည်းပါးပါသည်။ ဆောင်းအခါမှာ အလွန်ချမ်းတတ်ပါသည်။

စပါးစိုက်သော လယ်မြေမှာ အလွန်နည်းပါး၍ လယ်စိုက်သူဝမ်းစာဖူလုံအောင် စပါးမရကြပါ။ တောင်ယာများသာများ၍ တောင်သူများ အများစုဖြစ်ပါသည်။

ထွက်ရှိသော သီးနှံများမှာ၊ ပဲမျိုးစုံ၊ ပြောင်း၊ ကြက်သွန်၊ ဝါဂွမ်း၊ ထန်းလျက်၊ မြေပဲ၊ နှမ်း၊ နှံစားပြောင်း၊ ဆီးချဉ်သီး၊ မြန်မာ့ဆေးရွက်ကြီးနှင့်ဆေးရိုးတို့ ဖြစ်ပါသည်။ တောင်သူများသည် မိုးကိုအဓိကအားထားပြီး စိုက်ပျိုးကြရလေသည်။ မိုးနည်းမိုးခေါင်သော နှစ်

www.burmeseclassic.com

www.burmeseclassic.com



များတွင် သီးနှံမထွက် မရရှိရုံမျှမက မျိုးစေ့များပါ ဆုံးရှုံးကြပါသည်။ ထွန်ယက်စိုက်ပျိုးရေးအတွက် နွားကိုသာ အားထားအသုံးပြုပါသည်။ ကျွဲမရှိသလောက်ရှားပါသည်။

နွားစာကို နှံစားပြောင်းရိုးခြောက်ကို စင်း၍ ပဲဖတ်၊ နှမ်းဖတ် ဝါစေ့ဖတ်များနှင့် ရော၍ကျွေးကြရပါသည်။ အချို့ကျေးရွာများမှာ ရေတွင်းရေကန်ပြည့်စုံအောင် မရှိသဖြင့်သောက်သုံးရေနှင့် တိရစ္ဆာန်များအတွက် ဝေးလံသောဒေသများအထိ သွားရောက်၍ ရေစည်လှည်းဖြင့် သယ်ယူသုံးစွဲကြရပါသည်။

အချို့ကျေးရွာများရှိ တောင်သူများမှာ အလွန်ဆင်းရဲစွာ နေထိုင်ကြရပါသည်။ ထန်းလက်မိုးတဲများမှာ အကာမရှိဘဲ ခေါင်မှ တံစက်မြိတ်ကို မြေစိုက်၍ တဲများထိုးလျက် ထိုတဲထဲမှာ ဝါးကွပ်ပျစ် များ၊ အသားကွပ်ပျစ်များဖြင့် နေထိုင်ကြရပါသည်။

အများအားဖြင့် တောင်သူများ၏ သားသမီးများသည် ကျောင်းမနေနိုင်ကြပါ။ အရွယ်ရောက်လျှင် မိဘကိုကူညီ၍ လုပ်ကိုင်ကြရ ဝမ်းစာရှာကြရပါသည်။ အချို့ကျေးရွာကြီးများမှာတော့ ပျဉ်ထောင်သွပ်မိုးအိမ်များ၊ ဝါးကပ်မိုး၊ ဝါးထရံကာ အိမ်များဖြင့် စည်ကားသောရွာကြီးများလည်းရှိပါသည်။

ထိုရွာကြီးများမှ တောင်သူကြီးများ၏ သားသမီးများမှာ တော့ မြို့ကျောင်းအထိတက်၍ ပညာသင်ကြားနိုင်ကြပါသည်။ အချို့ ဘွဲ့ရပညာတတ်များလည်းရှိပါသည်။

မြို့ပေါ်မှာမူ အစိုးရအမှုထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ဆရာဝန်များ၊ ဆေးခန်းနှင့် ဆေးရုံဝန်ထမ်းများ၊ ကုန် သည်ပွဲစားများ၊ လက်လုပ်လက်စားများ၊ မြင်းလှည်းဆိုက်ကားများ၊ နွားလှည်းနှင့်ကုန်သည်လုပ်ငန်းများ စုံအောင်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ရုပ်ရှင်ရုံ ၂ ရုံနှင့် ဇာတ်ရုံ တစ်ရုံ ရှိပါသည်။ အားကစားအနေနှင့် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးမှူးတစ်ဦး၊ အမျိုးသမီးကိုယ်လက်ကြံ့ခိုင်ရေးမှူး တစ်ဦးတို့ရှိပြီး ဘောလုံးကွင်း တစ်ခုသီးသန့်ရှိပါသည်။ အထက်တန်းကျောင်းအုပ်ကြီးအမည်မှာ ဦးဖိုးထင် ဖြစ်ပါသည်။

မြို့အရှေ့ဘက်တွင် ချောင်းဒေါင်းရွာကြီးရှိပြီး ချည်ထည်လက်ယက္ကန်းလုပ်ငန်းမှာ နာမည်ကြီး ကျားဝတ်လုံချည်များ၊ စားပွဲခင်း၊ လက်သုတ်ပဝါများ ယက်လုပ်ကြပါသည်။

မြို့လယ်မှာ အစိုးရစာကြည့်တိုက်ရှိ၍ ထိုစာကြည့်တိုက်ကိုပြည်သူ့ဆက်ဆံရေးအရာရှိ သခင်မင်းခေါင်၏ အုပ်ချုပ်မှုလက်အောက်တွင် စာကြည့်တိုက်မှူးတစ်ဦးထားရှိပါသည်။ စာကြည့်တိုက်တွင် နေ့စဉ်သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်များစုံအောင်ထားရှိပေးပါသည်။

ဆီစက်များ၊ ဝါဂွမ်းစက်၊ ဆပ်ပြာစက်များ၊ သံရည်ကြိုစက်၊ တွင်ခုံလုပ်ငန်း၊ မော်တော်ကားစက်ပြင်လုပ်ငန်းများလည်း ရှိပါသည်။

နွေအခါတွင် ဧရာဝတီမြစ်သည် မြင်းခြံမြို့နှင့် နှစ်မိုင်ခန့်ဝေးသွားပြီး ကြားမှာသဲသောင်များ၊ ယာမြေကွက်များခြားသွားပါသည်။ ထို့ကြောင့် ရေကြောင်းမှ သင်္ဘောမော်တော်များ သယ်ဆောင်လာသော ကုန်ပစ္စည်းများကို နွားလှည်းဖြင့်သာ မြို့ပေါ်သို့ သယ်ယူရပါသည်။ ကားလမ်းမရှိပါ။ ခရီးသည်များ သင်္ဘောဆိပ်အတက်အဆင်းအတွက် မြင်းလှည်းများကိုသာ အားထားကြရပါသည်။

မြို့နှင့် ကျေးရွာများ သွားလာရေးလမ်းပန်းဆက်သွယ်ရေးမှာ နွားလှည်း၊ မြင်းလှည်း၊ စက်ဘီးတို့ဖြင့် လည်းကောင်း၊ ခြေလျင်

www.burmeseclassic.com

www.burmeseclassic.com



သာ သွားလာကြရပါသည်။ အများအားဖြင့် အိမ်တိုင်းတွင် စက်ဘီးမှာ မရှိမဖြစ် လိုအပ်လှပါသည်။

စစ်ပြီးကာစ ကာလဖြစ်၍ ရှေးက ကတ္တရာလမ်းများ ပျက်စီးနေသည်ကိုလည်း မပြုပြင်နိုင်သေး၊ လမ်းသစ်လည်း မဖောက်နိုင်သေးသဖြင့် မြေလမ်း၊ စက်ဘီးလမ်း၊ လှည်းလမ်းတို့သာ အားထားကြရပါသည်။ စက်ဘီးလမ်းဆိုသော်လည်း လှည်းလမ်းကြောင်းအလယ်မှ မြေသားပေါ်က စက်ဘီးနှင့် ခြေလျင်သွားသူများသွားလာကြရပါသည်။

မိုးတွင်းမှာ မိုးရွာလျှင် အချို့လျှိုချောင်းများ၊ ချောင်းကြီးများတွင် တောင်ကျရေကြောင့် ဖြတ်ကူး၍မရဘဲ မိုးစဲပြီး တောင်ကျချောင်းရေ နည်းသွားသည်အထိ စောင့်ပြီးမှ သွားနိုင်ကြပါသည်။

ကျေးရွာများမှ ထွက်သော နေ့စဉ်အိမ်သုံးသီးနှံများဖြစ်သော ဘူးသီး၊ ခရမ်းသီး၊ ပဲသီး၊ မန်ကျည်းရွက်၊ ဆူးပုပ်ရွက်စသည်များကို ဝေးသော ရွာသားများက လှည်းဖြင့် လာရောက်ရောင်းချသကဲ့သို့ မြို့နှင့် ၃ မိုင်ခန့်ဝေးသော တရုတ်မြို့မှ ဇမျိုးသမီးများမှာ နေ့စဉ် ခြေလျင်လာရောက် ရောင်းချကြပါသည်။

သားငါးများမှာ ဧရာဝတီမြစ်မှ ငါးနှင့်ပုစွန်များနှင့် အမဲသား၊ ဝက်သား၊ ကြက်သား၊ ဆိတ်သားများ စုံအောင်ထွက်ပါသည်။ အများအားဖြင့် ကျေးရွာများမှာ အမဲသားတို့သာ အားထားစားသုံးကြပါသည်။

"ကဲ ဒီလောက်ဆိုလျှင် မောင်ရင်သိချင်တဲ့အချက်တွေ စုံလောက်ပါပြီနော်၊ နောက်သိချင်တာရှိလဲ လာမေးပေါ့" ဟု သခင်မင်းခေါင်က စကားနိဂုံးသပ်သဖြင့် ကျွန်တော်က ကျေးဇူးတင်စကား ပြန်ပြောပြီး အိမ်သို့ ပြန်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## တာဝန်ကျရာ စွန်းလွန်းကျေးရွာသို့ ကွင်းဆင်းခြင်း

စွန်းလွန်းရွာမှာ ရန်ကုန်ဘက် ကားလမ်းမှလာလျှင် မြို့ကို မဝင်ခင် မြို့၏တောင်ဘက်စွန်းမှာရှိ၍ စွန်းလွန်းရွာကို အရင်တွေ့ ရမှာဖြစ်ပါသည်။ မြို့ဘက်မှ သွားလျှင် စွန်းလွန်းချောင်းကိုကျော် သွားလျှင် ရွာကိုရောက်ပါသည်။ ရွာမှာ အိမ်ခြေ ၁၅၀ ခန့်ရှိ၍ မြို့နှင့်အနီးကပ်ဆုံး ရွာတစ်ရွာဖြစ်၍ လူနေမှုအဆင့်အတန်းမြို့နှင့် သိပ်မကွာဟပါ။ ကျေးရွာမူလတန်းကျောင်းရှိပါသည်။ ရွာသူကြီးမှာ ဦးသောင်းဖြစ်၍ ဘုန်းတော်ကြီးကျောင်းမှာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားလှသော စွန်းလွန်းဆရာတော်ကြီး ဦးကဝိ ကျောင်းရှိပါသည်။ ဆရာတော်ကြီး၏ စွန်းလွန်းဂူရိပ်သာကျောင်း မှာ မြင်းခြံမြို့ဘက်ကမ်း စွန်းလွန်းချောင်းကမ်းပါးတွင် တည်ရှိပါ သည်။ စွန်းလွန်းရွာထဲမှာရှိသော ဘုန်းတော်ကြီးမှာ စွန်းလွန်းဆရာ တော်ကြီး၏ တပည့်ရင်းဖြစ်ပါသည်။

သူကြီး ဦးသောင်းအိမ်သွားပြီး မိတ်ဆက်၍ ကျွန်တော် သည် လူထုပညာရေးဌာနမှ စွန်းလွန်းကျေးရွာတွင် ဌာနဖွင့်ပြီး လူထုပညာရေးလုပ်ငန်းများ အကောင်အထည်ပေါ်အောင် ဆောင် ရွက်ရမှာဖြစ်ကြောင်း၊ နေထိုင်ရေးနှင့်လုပ်ငန်းအတွက် ဖြစ်နိုင် သမျှ အကူအညီပေးပါရန် တောင်းပန်ပြောဆိုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရေးအတွက် ရွာထိပ်မှာရှိတဲ့ နှစ်ထပ်ပျဉ်ထောင်သွပ်မိုး အိမ်ကြီးမှာ နေနိုင်ရန်ငှားရမ်းပေးပါသည်။ ကံကောင်းချင်တော့ အဲဒီအိမ်ကြီးမှာ နေသူမရှိဘဲ အိမ်စောင့်အဘိုးကြီးတစ်ယောက်သာ ရှိပါသည်။ အိမ်ကြီးကို စောင့်ရှောက်ထိန်းသိမ်းထားသူ ဦးညိုပုနဲ့ တွေ့တော့ ဦးညိုပုရဲ့အစ်ကိုကြီး ဆရာနီမှာ ကျွန်တော်နှင့် မိဘ သဖွယ်ခင်မင်ရင်းနှီးခဲ့သူဖြစ်၍ အိမ်လခမယူပါ။ အခမဲ့ နေထိုင်ခွင့် ပေးပါသည်။ နေရေးအတွက် အဆင်ပြေသွားသဖြင့် စိတ်အား အတော်တက်သွားပါသည်။

ရွာလူထုအခြေအနေကို လေ့လာတော့ တောင်သူများ၊ ဝါဂွမ်းစက်အလုပ်သမားများ၊ ဆပ်ပြာစက်နှင့် ဆေးဆိုးစက်အလုပ် သမားများ၊ မြင်းလှည်းလုပ်ငန်းဖြင့် လုပ်ကိုင်သူများ၊ ဆိုက်ကား သမားများ၊ တောင်သူများ ဆေးလိပ်ခုံလုပ်သား အမျိုးသမီးများနှင့် လက်လုပ်လက်စားများ စုံအောင်ရှိပါသည်။

လူထုပညာလုပ်ငန်းဟု သီးသန့်လုပ်ငန်းမစသေးဘဲ ရွာထဲ မှာ စုစည်း၍ လွယ်ကူမည့် လုပ်ငန်းကို ပထမစဉ်းစားရပါသည်။ ဆေးလိပ်ခုံလုပ်သားအမျိုးသမီးငယ်၊ လတ် များမှာ အတော်များပါ သည်။ ထိုအမျိုးသမီးများကို သူတို့နှင့်ကိုက်ညီပြီး စည်းရုံးရလွယ် သော အလုပ်တစ်ခုကို အကြံရပါသည်။

ထိုအကြံမှာ အခြားမဟုတ်ပါ။ ဓမ္မစကြာဝတ်အသင်းဖွဲ့ပေး ပြီး ဓမ္မစကြာတရားတော်ကို စနစ်တကျ ရွတ်နိုင်စေရန် ရွာထဲက ဘုန်းတော်ကြီးကို အကူအညီတောင်းလျှောက်ထားရပါသည်။ ဦးပဥ္ဇင်းကြီး ဦးပညာကလည်း သဘောတူအားတက်စရာ ကူညီ မည်ဟု အမိန့်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအဆင့် ဆွေးနွေးမှုတော့ အဆင်ချောသွားပေပြီ။ ဒုတိယအဆင့် ဆေးလိပ်ခုံပိုင်ရှင်များထံ သွားရပါသည်။ ဆင်ဆင် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဒေါ်ဆင်ထံသွား၍ ဒေါ်ဒေါ်တို့ဆေးလိပ်ခုံမှ ဆေးလိပ်သမများကို ဓမ္မစကြာဝတ်အသင်းဖွဲ့တဲ့ အဖွဲ့ထဲမှာ ပါဝင်ခွင့်ပြုရန် တင်ပြအကူအညီတောင်းရပါသည်။ အခက်အခဲသိပ် မရှိပါ။ ဝတ်အသင်းဖွဲ့တာ၊ ဓမ္မစကြာသင်ပေးတာ ဒေါ်ဒေါ်တို့က သဘောမတူစရာမရှိပါဘူး။ တူမောင်တို့ ကြိုးစားပြီးလုပ်ပါ။ ဓမ္မစကြာစာအုပ်များလည်း ဒေါ်ဒေါ်က ဝယ်လှူပါ့မယ်အထိ ပြောကြားသဖြင့် ပွဲဦးထွက်ကောင်းပြီဟု အားတက်ဝမ်းသာမိ ပါသည်။

တတိယအဆင့် ကျစ်ချောင်းမော်ဆေးလိပ်ခုံပိုင်ရှင် အမေ ဒေါ်ဝါမို၊ သမီးမသိန်းတန်နှင့် မထွန်းအေးတို့ထံသွား၍ အမေတို့ ဆေးလိပ်ခုံမှ ဆေးလိပ်သမငယ်၊ လတ်များကို ဓမ္မစကြာဝတ် အသင်းတွင် ပါဝင်ခွင့်ပြုရန် ခွင့်တောင်းရပါသည်။ အလွယ်တကူပဲ သဘောတူခွင့်ပြုကြသဖြင့် ဝတ်အသင်းဖွဲ့ရန်နှင့် ဓမ္မစကြာဝတ်ရွတ် ဖွင့်ပွဲကို ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် ကျင်းပရန် သဘောတူ စီစဉ်ကြပါသည်။

ကျေးရွာအမျိုးသမီးများနှင့် ပတ်သက်လာလျှင် ဦးစားပေး စည်းလုံးရမည့်သူမှာ ကာလသားခေါင်းဖြစ်ပါသည်။ သို့ဖြစ်၍ စွန်းလွန်းကာလသားခေါင်း ကိုနေဒွန်းကို ချဉ်းကပ်၍ ဓမ္မစကြာ ဝတ်ရွတ်အသင်းဖွဲ့စည်းသော ကိစ္စအတွက် အသိပေးတိုင်ပင်ထား ပြီးဖြစ်၍ အနှောင့်အယှက်သိပ်မပေါ်ပေါက်ဘဲ အောင်မြင်သွားပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စွန်းလွန်းလူထုဌာန၏ ဖွဲ့ဦးထွက်စည်းရုံး ဆောင်ရွက်မှုလုပ်ငန်းမှာ ရှေးဦးပေါက် ကောင်းသွားပါသည်။ ဒုတိယစည်းရုံးရေးခြေလှမ်းမှာ ဒီနှစ် ၁၀ တန်းဖြေမည့်ကျောင်းသား ၁၀ ယောက်ခန့်ကို သူတို့ထဲမှ လူချစ်လူခင်များသည့်ကျောင်းသား ကိုစံသိန်းကို ခေါင်းဆောင်စေပြီး ညဘက်မှာ အင်္ဂလိပ်စာနှင့် သင်္ချာ ၃ ဘာသာဖြစ်သော ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာနှင့် ဂျော်မက်ထရီတို့ကို သင်ပေးပါသည်။ ၎င်းတို့ ၁၀ ယောက်ကို အမာခံထားပြီး ဘော်လီဘောအသင်းတစ်ခုဖြစ်အောင် စည်းရုံးဖွဲ့စည်းပေးပါသည်။

ကျောင်းစာသင်ခန်းစာများနားချိန်တွင် စိတ်နားရန်နှင့် ကိုယ်လက်ကျန်းမာရေးတောင့်တင်းစေရန် ဘော်လီဘောကစားနည်းကို စနစ်တကျသင်ပေးပါသည်။ နောင်အခါတွင် မြို့ပေါ်မှ လွတ်လပ်ရေးပြေးခုန်ပွဲများတွင် ဘော်လီဘောပြိုင်ပွဲဝင်နိုင်သဖြင့် အနိုင်ရ အောင်ပန်းဆွတ်ခူးနိုင်သည့်အထိ အောင်မြင်သွားပါသည်။

မမွစကြာအမျိုးသမီးအဖွဲ့ဝင်များသည် ဆေးလိပ်သမများ ဖြစ်၍ တစ်နေ့ကုန် တစ်နေ့ခန်း မြဲအောင်ထိုင်လိပ်နိုင်မှ ဆေးလိပ်လိပ်ရေ အပြည့်ရအောင်ကြိုးစားကြသဖြင့် အညောင်းမိသူများ ဖြစ်ပါသည်။ သူတို့ကိုလည်း ဆေးလိပ်ခုံပိတ်ရက် ဥပုသ်နေ့များတွင် သရေကွင်းပစ်ကစားနည်း၊ ထုပ်ဆီးတိုးနည်းတို့ဖြင့် ကျန်းမာရေးကို တိုးတက်အောင် သင်ပြပေးပါသည်။

အမျိုးသမီးများ ကျန်းမာရေးကစားနည်းများကို စနစ်တကျ သင်ပေးနိုင်ရန်အတွက် မြို့ပေါ်မှ အမျိုးသမီးကိုယ်လက်ကြံ့ခိုင်ရေးမှူးဒေါ်ခင်မေအိကို စည်းရုံးအကူအညီတောင်းပြီး ခေါ်၍ကျင့် သင်ကြားပေးခြင်းအားဖြင့် အောင်မြင်မှု ရရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## လွှတ်လပ်ရေးအောင်ပွဲ

လွှတ်လပ်ရေးအောင်ပွဲတွင် တစ်ဦးချင်းဆေးလိပ်လိပ်ပြိုင်ပွဲ၊ အဖွဲ့လိုက်ဆေးလိပ်လိပ်ပြိုင်ပွဲများ ထည့်သွင်းပေးခဲ့သဖြင့် အောင်ပွဲများ ရရှိခဲ့ပါသည်။

မြင်းခြံမြို့နယ် လွှတ်လပ်ရေးအောင်ပွဲတွင် ပြပွဲပြိုင်ပွဲများ ထည့်သွင်းပြီး ဆုများထိုက်ထိုက်တန်တန် ပေးနိုင်ရေးအတွက် ကျွန်တော်၏ နောင်တော်ကြီး သခင်မင်းခေါင်ကို ဦးဆောင်စေပြီး ကျွန်တော်က ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ တောင်သူလယ်သမားများအတွက် သီးနှံနှင့် အိမ်မွေးတိရစ္ဆာန်များ၊ နွားပြိုင်ပွဲများပါ ထည့်သွင်းခဲ့ပါသည်။

ဆုပေးရွေးချယ်ရေးအဖွဲ့တွင် အထက ကျောင်းအုပ်ကြီးကိုလည်းကောင်း၊ စိုက်ပျိုးရေးဝန်ထောက်ကိုလည်းကောင်း၊ တိရစ္ဆာန်ဆရာဝန်ကိုလည်းကောင်း၊ သမဝါယမဝန်ထမ်းမှူးကိုလည်းကောင်း ပါဝင်စေရန် စည်းရုံးဖွဲ့စည်းခဲ့ပါသည်။

လွှတ်လပ်ရေးအောင်ပွဲအတွက် အဖွဲ့နာယကမှာ ပါလီမန်အမတ်ဦးစံပြည့်နှင့် အမတ်သခင်ဗညိမ်း၊ သခင်အုန်းဖေတို့ကို တင်မြှောက်၍ ဥက္ကဋ္ဌနေရာတွင် ခရိုင်ဝန်အား ဆောင်ရွက်ပါရန် ပန်ကြားဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့အတွင်းရေးမှူး၏ တာဝန်များကူ ကျွန်တော်က အပင်ပန်းခံ၍ ဆောင်ရွက်ပေးသော်လည်း အတွင်းရေးမှူးအမည်ကို သခင်မင်းခေါင်အား အမည်ခံစေခဲ့ပါသည်။ အောင်မြင်မှုလည်း အတော်ရခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကစပြီး မြင်းခြံ ဖ၊ ဆ၊ ပ၊ လအဖွဲ့နှင့် အမတ်မင်းများ၏ ခေါင်းဆောင်အမတ်မင်း ဦးစံပြည့်သည် ကျွန်တော့်ကို မျက်စိကျသွားပါသည်။ နှစ်စဉ် လွတ်လပ်ရေးအောင်ပွဲ ပြပွဲ ပြိုင်ပွဲ အားကစားပြေးခုန်ပစ်ပွဲများတွင် ကျွန်တော့်ကို အတွင်းရေးမှူးတာဝန် သူကိုယ်တိုင်က တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

ကျွန်တော်ကလည်း စိတ်ပါစွာ အပင်ပန်းခံပြီး လူကြီးများစိတ်ကြိုက်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် ကျွန်တော့်ကို ဂုဏ်ထူးဆောင် ငွေဖလားတစ်လုံး ဦးစံပြည့်ကိုယ်တိုင် ချီးမြှင့်ခြင်းခံရပါသည်။

ဆုပေးပွဲတွင် ခရိုင်ဝန်ကတော် အန်တီကြီးက ဆုများပေးခြင်းအလုပ်ဖြင့် ပါဝင်ကူညီခဲ့ပါသည်။

ကျွန်တော်တို့ စွန်းလွန်းလူထုပညာ အဖွဲ့ထဲတွင် အမျိုးသမီးမှူး မပါရှိသဖြင့် ကျေးရွာအမျိုးသမီးလေးများကို စည်းရုံးရာတွင် မြို့နယ်ကိုယ်လက်ကြံ့ခိုင်ရေးမှူး ဒေါ်ခင်မေအိ အကူအညီတို့များစွာ အားထားခဲ့ရပါသည်။ ဒေါ်ခင်မေအိကလည်း စိတ်ပါလက်ပါ ပါဝင်ကူညီခဲ့ပါသည်။ ဇာထိုးပန်းထိုး သိုးမွေးဆွယ်တာထိုးနည်းများကိုတော့ ကျွန်တော်နှင့်အတူ သင်တန်းတက်ဘက်ကျောက်ဆည်မှ မောင်မောင်၏ နှမတစ်ဝမ်းကွဲတော်စပ်သူ မြင်းခြံမြို့ ကွေ့ကြီးကျောင်းတော်လမ်းတွင် နေထိုင်သူ ခင်မိမိက ပါဝင်ကူညီခဲ့ပါသည်။ သိုးမွေးထိုးအပ်နှင့် သိုးမွေးများကိုတော့ ပထမ ကျွန်တော်က အကုန်အကျခံပြီး ဝယ်ပေးခဲ့ပါသည်။ နောက်ပိုင်းတွင် သင်တန်းသူများ၏ မိဘများက သိရှိသွားကြပြီး သူတို့သမီးများအတွက် ကျွန်တော် အရင်းစိုက်ဝယ်ပေးတဲ့ ငွေများကို ပြန်ပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးအိမ်တွင်းမှု သင်တန်းအဖြစ် မိမိတို့နေအိမ်သန့်ရှင်းရေး၊ မီးဖိုဆောင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဟင်းလျာ ဟင်းသီးဟင်းရွက် အာဟာရဓာတ် မပျက်စီးအောင် ချက်ပြုတ်ရေးများကိုလည်း မြင်းခြံဆေးရုံမှ ဆရာမကြီး ဒေါ်အေးနှင့် ဒေါ်မေတို့ အကူအညီရယူပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အချို့ကျေးရွာများတွင် အိမ်သာမရှိကြပါ၊ ရွာသူကြီးကျေးရွာလူကြီးများ ကာလသားခေါင်းဆောင်များကို ဟောပြောစည်းရုံးပြီး အိမ်တိုင်းတွင် တွင်းနက်အိမ်သာများ တူးဖော်သုံးစွဲရေးကို အလှည့်ကျတွင်းနက်များတူးဖော်၍ အိမ်သာများဆောက်လုပ်ပေးကြပါသည်။ တွင်းနက်အိမ်သာများတွင် တုတ်မသုံးစွဲဘဲ ရေသုံးစွဲသန့်ရှင်းနည်းများကို ကိုယ်တိုင်သုံးစွဲနည်း သရုပ်ပြသင်ကြားပေးခဲ့သဖြင့် ကျေးရွာသန့်ရှင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စာမတတ်သူများ၊ သက်ကြီးစာမတတ်သူများကို အသုံးလုံးအရေးအဖတ်အတွက် ပညာသင်ကြားရေးမှာ စတင်ဖို့အတော်အချိန်ယူစီစဉ်ရပါသည်။

ကျေးရွာတောင်သူများ၏ နေ့စဉ်လုပ်ငန်းမှာ နံနက်စောဝေလီဝေလင်း အချိန်ကစပြီး ထမင်းကြမ်းနှင့်ရေနွေးကြမ်းစားသောက်ကြပြီး ထွန်ယက်ရန် နွားနှင့်အတူ ယာတောသို့ ဆင်းကြရသည်။ အိမ်သူဇနီးများကလည်း ထမင်းဟင်းချက်ပြီး ယာတောသို့ ထမင်းတောင်းရွက်၍ ရေနွေးကရားလက်ကဆွဲပြီး မိမိတို့ခင်ပွန်းထွန်ယက်သည့်နောက် လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းထွန်ထားသည့် ထွန်ရေးထဲမှ မြက်များ အမှိုက်များကို ကူညီကောက်ကြရသည်။ တစ်နေကုန် အလုပ်လုပ်ပြီး ညနေစောင်းမှ အိမ်ပြန်ကြရသည်။ အိမ်ရောက်တော့ ခင်ပွန်းက နွားစာစင်း၊ ရေခပ်၊ နွားစာကျွေး၊ ဇနီးက ညစာချက်ပြုတ်ပြီး နေဝင်မိုးချုပ်မှ ညစာစားပြီး နားကြရသည်။ •

ဤကဲ့သို့ တစ်နေကုန်ပင်ပန်းထားသူများကို ညဘက်တွင် အသုံးလုံးသင်တန်းတက်ဖို့ ဆိုသည်မှာ အလွန်မလွယ်ကူသော အလုပ် ဖြစ်ပါသည်။ သူတို့၏ ဘဝအခြေအနေများကို ကိုယ်တိုင် မျက်မြင် တွေ့နေရပြီဖြစ်၍ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ခဉ်းစားရပါသည်။

သူတို့နှင့် ခင်မင်ရင်းနှီးလာစေရန် သူတို့ဘဝထဲသို့ ကိုယ်ပ် ဝင်ရောနေထိုင်ရပါသည်။ ကျွန်တော်က လူလွတ်လူပျိုဖြစ်၍ ရောက်သည့်ကျေးရွာတွင် ခင်သည့်တောင်သူအိမ်တွင် ညအိပ်ပ် သည်။ သူတို့ကျေးရွာမှာ တောထမင်းတောဟင်းကို အကာစားင် သည်။ သူတို့စိုက်ထားသည့် အခင်းထဲက ခရမ်းသီး လ ်လဝ် ဆတ်ဆတ်ကို ခူး၊ မီးဖုတ်၊ အခင်းထဲက ကြက်သွန်မိ ်နုတ်ပြီ ရေဆေး၊ ခရမ်းသီး မီးဖုတ်သုပ်နှင့် ဘူးရွက်ဟင်းချိုကို ာတ်ပြီ စားရသည်မှာ ထမင်းမြိန်ပုံကို တစ်သက်မမေ့နိုင်ပါ။

ရွာစည်ရွာက တောင်သူကိုအုန်းမြင့်နှင့် သူဇနီးမ ် ကို့အိမ် တွင် ကျွန်တော့် စားအိမ်သောက်အိမ်ဖြစ်လာပါသည်။ ဘူး ်ဟင်း ချိုချက်ပုံကလေးမှာလည်း ကျွန်တော်တို့ မြို့သူမြို့သ ားနှ မတူပါ။ မြို့တွင် ဈေးထဲကရောင်းသည့် ဘူးညွန့်တစ်တောင့်သော အစီးဝယ်၊ ဟင်းခပ်ပုစွန် (သို့) ငါးမီးဖုတ်၊ ပုစွန်ခြောက် ်ြမှုန့်ဖြင့် ဟင်းချိုခပ်၊ ပွင့်ကောင်းငံပြာရည် အချိုရေခပ်ချက်ကြ ည်။

www.burmeseclassic.com

www.burmeseclassic.com


မမြိုင်က ဟင်းချိုအတွက် စိမ်းစားမျှင်ငပိလေး လက်မ သာသာလောက်ကို ရေဖျော်ပြီး ဟင်းချိုအိုးထဲခပ် ပွက်အောင်တည် ထားတုန်း အခင်း (စိုက်ခင်း) ထဲဆင်း ဘူးညွန့်လေးများကို လက်သုံး သစ်စာလောက် လက်နှင့်ဆိတ်ခူးပြီး ပခုံးပေါ်တင်ထားသည့် ဖျဉ်တဘက်လေးထဲထည့် ဖုံသုတ်ပစ်သည်။ အချိုပေါ့မည်စိုး၍ ရေမဆေး၊ ပွက်နေသောဟင်းချိုအိုးထဲ ဘူးညွန့်လေးတွေခပ်ပြီး အစိမ်းရောင်မပျောက်ခင် ပုဂံထဲခပ်ကျွေးတဲ့ ဘူးရွက်ဟင်းချိုသည် ဘယ်ဟော်တယ်မှာမှ မရနိုင်ပါ။ အရသာရှိပုံကိုတော့ ပြောပြလို့ တူနိုင်မည်မဟုတ်ပါ။ ကိုယ်တိုင်သောက်ကြည့်မှ သိမည်ဟု ပြောနိုင် ပါသည်။

ဤသို့ သူတို့ဘဝထဲတွင် သူတို့အိမ်တွင်အိပ်ပြီးမှ စကား ပြောရင်း အသုံးလုံးသင်ရပါသည်။ ဤကဲ့သို့ တစ်အိမ်ပြီးတစ်အိမ် ပြောင်းအိပ်ရင်း အသုံးလုံးသင်ခဲ့ရင်း လုပ်ငန်းစရခြင်း ဖြစ်ပါသည်။ နောက်တော့လည်း သူတို့က ခင်မင်ရင်းနှီးပြီး ဆွေမျိုးရင်းချာလို ဖြစ်လာရာ ပြောရစည်းရုံးရ လွယ်လာပါသည်။

ပျော်ခင်းသာရွာရောက်တော့လည်း ဤသို့ပင် သူတို့ စိုက်ခင်းက ပြောင်းဖူးကိုချက်ချင်း ချိုးမီးဖုတ် ပြောင်းဖူးဖုတ်နှင့် ထမင်းစားပြရာ သူတို့ ကျွန်တော့ကို အတော်ခင်မင်လာကြပါသည်။ ပြောင်းဖူးကြော်နှင့် ထမင်းကြွေး ပဲရွက်မျိုးစုံဟင်းချိုနှင့် ဖြုပ်သီး ထောင်းနဲ့ ထမင်းများကိုလည်း တစ်သက်မေ့နိုင်ဖွယ်မရှိပါ။ ဤသို့ဖြင့် အပင်ပန်းခံ အဆင်းရဲခံ နေပြစားပြ၊ စည်းရုံးပြတော့ သက်ကြီး အသုံးလုံး သင်တန်းမှာ အောင်မြင်လာပါသည်။ သူတို့လည်း ဝမ်းသာမဆုံး ဖြစ်ကြရပါသည်။ သေစာရှင်စာဖတ်တတ်ပြီး ကောက်ပဲသီးနှံများကို မြို့တက်ရောင်းရာ ပွဲရုံတွင် ကျသင့်သည့်

www.burmeseclassic.com

www.burmeseclassic.com


ငွေတွက်တတ်ပြီး တို့ဘဝ ဆန်းသစ်လာပြီဆိုပြီး ဝမ်းသာပီတိနှင့် ပြောတာတွေကြားရ မြင်ရတော့ ပညာရေးမှူး ကျွန်တော့မှာ လုပ်ငန်းအောင်မြင်မှုထက် အဆပေါင်းများစွာ ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလည်း အလားတူပင် သူတို့နှင့် ခင်မင်အောင်ပေါင်းပြီး ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဆိတ်နှင့်သိုးမွေးမြူရေးများကို နည်းပေးလမ်းပြပြောပြော စည်းရုံးဆောင်ရွက်ခဲ့ပါသည်။ တိရစ္ဆာန်ဆရာဝန်ဦးသိန်းဆွေမြင့်ကို အကူအညီတောင်း ဆက်သွယ်ဆောင်ရွက်ပေးခဲ့ပါသည်။

ထနောင်းတိုင်ရွာကြီးတွင် သမဝါယမဝန်ထမ်းမှူး ကျေးရွာခေါင်းဆောင် ကိုသိန်းမောင်တို့အဖွဲ့နှင့်ပူးပေါင်းပြီး မွေးမြူရေးသမဝါယမအသင်းတစ်ခုထူထောင်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## တောင်သူလယ်သမားညီလာခံ

ဆီမီးခုံရွာ (ရွာသူရွာသားများအခေါ်မှာ ဆမြိတ်ခုံ) ဖြစ်ပါသည်။ ဧရာဝတီ မြစ်ကမ်းနဖူးတွင် တည်ထားသော ရွာကြီးဖြစ်၍ အလွန်စည်ကားသော ရွာကြီးဖြစ်ပါသည်။ ဘေးပတ်ဝန်းကျင် ကျေးရွာများမှာ ဖက်ပင်အိုင့် ငါးနန်းစသည့် ရွာများရှိပါသည်။ ဖက်ပင်အိုင်ဆရာတော်ဟု သာသနာတွင် နာမည်တစ်လုံးနှင့် ကျော်ကြားခဲ့သော ဖက်ပင်အိုင်မှာ ထိုဖက်ပင်အိုင်ရွာ ဖြစ်ပါသည်။

မြင်းခြံခရိုင် တောင်သူလယ်သမားညီလာခံကို ဆီမီးခုံရွာကြီးတွင် ကျင်းပပါသည်။ ပါလီမန်အမတ်များက ဦးစီး ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com


သည့် ပွဲကြီးဖြစ်ပါသည်။ ထိုညီလာခံကြီးမှာ လူထုပညာရေးအကြောင်း တောင်သူလယ်သမားများကို ရှင်းလင်းဟောကြားပေးဖို့ ဖိတ်ကြားခြင်းပြုပါသည်။

"ရေငတ်သူ ရေတွင်းထဲကျသလို" ဆိုသည့်စကားကို ထိုအခါက ကျွန်တော် လက်တွေ့သဘောပေါက် သိခဲ့ရပါသည်။ ထိုစဉ်က ဆီမီးခုံရွာကြီးကို ကုန်းလမ်းက မသွားနိုင်ပါ၊ တူရွင်းဘို . . . ကျောက်ပြုတ်ခုံဆိုသည့် ရွာများတွင် ကွန်မြူနစ်များ ခိုအောင်းနေ၍ လုံခြုံရေးအတွက် စိတ်မချရပါ။ ထို့ကြောင့် အမတ်မင်းများ၊ မြို့နယ်အုပ်ချုပ် ရေးအရာရှိများနှင့်အတူ ယူဘီဘုတ်နှင့် မြင်းခြံမှ ဧရာဝတီမြစ်ကို ဆန်တက်ပြီး ဆီမီးခုံရွာကြီးကို သွားကြရပါသည်။

ညီလာခံ မဏ္ဍပ်ကြီးမှာ ဟီးနေအောင် ကြီးပါသည်။ ရောက်သည့်ညနေ ထမင်းစားပွဲတွင် ကြက်သားကြော်၊ ငါးကြော်၊ ပုဇွန်ထုပ်ကြီးကြော်၊ ချိုး (ဂျိုး)၊ ဆန်ဘိုက်၊ စာလေး စသည့် ငှက်ကြော်မျိုးစုံပါ,ပါသည်။ ထန်းရည်အကောင်းစားနှင့် ကျွေးမွေးဧည့်ခံပါသည်။ စားသောက်ပွဲပြင်ထားသည့် စားပွဲရှည်ကြီးမှာ ကျွန်တော့်အထင် ပေ ၃၀ ခန့် ရှည်မည်ဟု ခန့်မှန်းရပါသည်။ စားပွဲမှာ မျက်နှာချင်းဆိုင် ကုလားထိုင်များ ခင်းထားပြီး ရွာခံများက လိုလေသေးမရှိ ဧည့်ခံ ဧည့်ဝတ်ပြုကြပါသည်။

ထိုထမင်းစားပွဲကြီးတွင် ကျွန်တော့်အတွက် အခက်အခဲတွေ့ရသည်မှာ "မသောက်တတ်ခြင်း" ဖြစ်ပါသည်။ အမတ်မင်းသခင်အုံးဖေမှာ ယမကာကြိုက်ဖြစ်၍ ကျွန်တော့်ညာဘက်က ထိုင်ပြီး ထမ်းရည်သောက်ခိုင်းပါသည်။ "အစ်ကိုကြီးရယ် ကျွန်တော် မသောက်တတ်တာ အမှန်ပါ-မသောက်ပါရစေနဲ့-စားစရာတွေ စားပါ့မယ်ခင်ဗျာ"ဟု တောင်းပန်ရပါသည်။ ထိုပွဲတွင် ပါလာသော

www.burmeseclassic.com

www.burmeseclassic.com


ပညာအုပ် ဦးအောင်မှာ မြင်းခြံသား အစစ်၊ အမတ်မင်းများ၏ ဆရာလည်းဖြစ်ခဲ့ပါသည်။ ဆရာဦးအောင်က ထန်းရေလေးခပ် ထွေထွေနှင့် "ခွေးမသားလေးတို့ကို သိက္ခာချတာ သူတစ်ယောက်ထဲ မသောက်တတ် ချင်ယောင်ဆောင်နေတာကွ" ဟုဆိုပြီး ကျွန်တော့်ကို စပါသည်။ "ဆရာ ကျွန်တော်လည်းသောက်မှာပါ" ဆိုပြီး ကျွန်တော်က ကရင်းဆိုဒါဘိလပ်ရည်ဖန်ခွက်ကို ကိုင်ပြီး မော့သောက်ပြတော့မှ တဟားဟားနှင့် ရယ်ပါတော့သည်။ ပျော်လည်းပျော်စရာကောင်း ပါသည်။ ဗဟုသုတလည်း ရပါသည်။

နောက်တစ်နေ့ နံနက် ၈ နာရီအချိန်တွင် တောင်သူလယ်သမားညီလာခံကြီး စတင်ကျင်းပပါသည်။ သက်ဆိုင်ရာ ဗ. တ. လ. စ ခေါင်းဆောင်ကြီးများ၊ အမတ်မင်းများ သူ့အလှည့်နှင့် သူဟောပြောကြပါသည်။ နေ့လည် ၁၂ နာရီတွင် ထမင်းစားချိန်နားပါသည်။ နေ့လည် ၁ နာရီ ညီလာခံပြန်စချိန်တွင် ကျွန်တော့်အလှည့် လူထုပညာရေးအကြောင်း ဟောရပါသည်။

ပထမလူထုပညာရေးကောင်စီဖြစ်ပေါ်လာပုံနှင့် သင်တန်းအကြောင်း ရှင်းလင်းတင်ပြပါသည်။ ထို့နောက် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဝါဒကျင့်သုံးရာ၌ မြန်မာပြည်၏ ၈၅ ရာခိုင်နှုန်း ကျေးလက်နေ တောင်သူလယ်သမားများ အသိပညာ၊ အတတ်ပညာများ ရှိမှသာလျှင် ဒီမိုကရေစီကို လက်ခံကျင့်သုံးတတ်မည်ဖြစ်ကြောင်း၊ ထိုသို့ ကျင့်သုံးနိုင်ရေးအတွက် လူထုပညာရေးကို ကျေးလက်တောရွာများတွင် အခြေခံပညာရေး၊ ကျန်းမာရေး၊ ကျေးရွာသန့်ရှင်းရေး၊ စိုက်ပျိုးမွေးမြူရေး မိခင်နှင့် ခလေးစောင့်ရှောက်ရေး၊ ကျေးရွာမှာ ရေကောင်းရေသန့်ရရှိသုံးစွဲရေး စသည့် ဘာသာရပ်များအလိုက် ရှင်းလင်းတင်ပြပါ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ညီလာခံ လူထုသုံးထောင်ကျော်မှာ စိတ်ပါဝင်စားစွာ နားထောင်ပြီး လက်ခုပ်သြဘာပေးကြပါသည်။

ညီလာခံသဘာပတိကြီးကလည်း ချီးမွမ်းစကားပြောကြား၍ ကျေးဇူးတင်ကြောင်း ပြောပါသည်။ ထိုညီလာခံကြီးမှာ လူထုပညာအကြောင်း ပြည့်စုံစွာ တင်ပြနိုင်ခွင့်ရရှိသဖြင့် များစွာ ဝမ်းသာအားရဖြစ်ရပါသည်။ လူထုပညာလုပ်ငန်းအတွက် အထောက်အကူလည်း များစွာ တိုးတက်ရရှိလာပါသည်။

စိုက်ပျိုးရေးဌာန၊ သမဝါယမဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ တိရစ္ဆာန်ဆရာဝန်နှင့် အထွေထွေအုပ်ချုပ်ရေးဌာနများမှ အကူအညီအထောက်အပံ့များလည်း များစွာရရှိလာသည့်ပြင် ပုဂ္ဂိုလ်ရင်းနှီးခင်မင်မှုလည်းများစွာ တိုးတက်ရရှိလာပါသည်။

ညီလာခံကြီးတွင် ဆရာကြီးဦးအောင်နှင့် ရင်းနှီးမှုများစွာ ရရှိခဲ့သည့်အကျိုးမှာ မြင်းခြံ အ. ထ. က ကျောင်းအုပ်ကြီး ဦးဖိုးထင်က အထကအထက်တန်းနှင့်အလယ်တန်းကျောင်းသား ကျောင်းသူများကို လူထုပညာအကြောင်း ဟောပြောရန် ဖိတ်ကြားခဲ့ပါသည်။

ဆရာကြီး စီစဉ်ပေးသော နေ့တစ်နေ့တွင် အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူများကို လူထုပညာအကြောင်း၊ သူ့ကဏ္ဍနှင့်သူ လူငယ်များနားလည်သဘောပေါက်စေရန် ဟောပြောပေးခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများ မပျင်းစေရန် အချို့ဘာသာရပ်များတွင် ရယ်စရာများ ဟာသများဖြင့် ထည့်သွင်း ဟောပြောသဖြင့် တဝါးဝါးတဟားဟားနှင့် လက်ခုပ်တီးသြဘာ ပေးခြင်းခံခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ကွန်မြူနစ်သူပုန်များဝင်လာခြင်း

အောင်မြင်မှုများရနေသည့်အချိန်တွင် ထိတ်လန့်တုန်လှုပ်စရာကိစ္စက ပေါ်လာပါသည်။ အခြားမဟုတ်ပါ။ တစ်ညတွင် စွန်းလွန်းရွာထဲသို့ ကွန်မြူနစ်သူပုန်များ ဝင်လာကြပါသည်။ သေနတ်သံများကြား အိမ်စောင့်အဖိုးကြီးကို သူပုန်တွေလာမေးလျှင် ကျွန်တော် ဒီညမြို့ထဲသွားတယ်၊ ဒီည မြို့ထဲမှာအိပ်မယ်ပြောသွား တယ်လို့ ပြောရန်မှာရပါသည်။ အိမ်ဘေးက ရေကာန်နှင့် မန်ကျည်းပင်ကြီးအကြားကိုယ်ကြုံ့ဝင်ပြီး ပုန်းနေရပါသည်။ ထင်သည့်အတိုင်း သူပုန်များက အိမ်ကြီးဆီ ရောက်လာပြီး အဖိုးကြီးအား "လူထုပညာရေးမှူး ဘယ်မှာလဲ" ဟု မေးပါသည်။ အဖိုးကြီးက မှာထားသည့်အတိုင်း မြို့ထဲ သွားကြောင်းပြောတော့ "မကြောက်ပါနဲ့ ရန်မူဖို့လာမေးတာ မဟုတ်ပါဘူး၊ တို့ရွာကောင်းကျိုး လာဆောင်ရွက်နေတာ တို့သိတယ်၊ သူနဲ့တွေ့ဖူးချင်လို့လာတာပါ။ ပြန်လာရင်ပြောလိုက်" ဟု ပြောပြီး ပြန်သွားကြမှ တော်ပါသေးရဲ့ဆိုပြီး သက်ပြင်းချရပါသည်။

မနက်လင်းတော့ ခရိုင်ဝန် အန်ကယ်ကြီးအိမ်သွားပြီး ညတုန်းက အဖြစ်အပျက် သတင်းပို့ပြောကြား အစီရင်ခံပါသည်။ အန်ကယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com


က "ဒီလိုဆိုရင် ကောင်လေး မင်းစွန်းလွန်းမှာ မနေနဲ့တော့ မြို့ထဲ ပြန်ပြောင်းလာခဲ့" ဟု အမိန့်ရှိပါသည်။

"ကိစ္စမရှိနိုင်ပါဘူး အန်ကယ်ကြီး သူတို့ရန်လုပ်ဖို့လာတာ မဟုတ်ဘူးလို့ ပြောသွားပါတယ်။ ကျွန်တော်အဲဒီမှာဘဲ ဆက်နေ ကြည့်ပါရစေ" ဟု တင်ပြရာ

"ခွေးကောင်လေး သူပုန်စကား နင်ယုံရသလား၊ မနေနဲ့ ပြန်ပြောင်း ဒါ ငါ့အမိန့်ပဲ" ဟု ပြောပါသည်။

ကျွန်တော်က လူပျိုလူငယ်ခရိုင်ဝန် အန်ကယ်ကြီးတို့က မိဘအရွယ်၊ သူ့မှာ သားသမီးမရှိတော့ ကျွန်တော်ကို သားသဖွယ် ချစ်နေပါသည်။ ကျွန်တော်ကလည်း အချိန်ရသည့်အခါ အိမ်သွား လည် အန်တီကြီးနှင့် မီးဖိုထဲဝင်ကူညီချက်ပြုတ်ပေးပြီး သူတို့အိမ် မှာပင် ထမင်းစားဆိုတော့ မိဘနှင့်သားသမီးလို ချစ်ခင်ရင်းနှီး နေကြပါသည်။

နောက် ၂ ရက်လောက်အကြာတွင် မြို့ထဲက ခင်မိမိ၏ အမေ ကြီးကြီးဒေါ်ခင်မေငှားပေးသည့် အိမ်ခန်းကို ပြောင်းရွှေ့ နေရပါသည်။ လူထု၌ာနကိုတော့ စွန်းလွန်းက အိမ်ကြီးတွင် ဆက်ဖွင့်ထားပြီး ရုံးပစ္စည်းများ၊ နယ်လှည့်စာအုပ် ဗီရိုနှင့်ဆေးသေတ္တာ တို့ကို ထားရှိပါသည်။ နေ့ဘက်တွင် စွန်းလွန်းသွားလုပ်ငန်း ဆောင်ရွက်၊ ညဘက် မြို့ထဲပြန်အိပ်ပြီး၊ ဆိုင်တွင်ပင် ထမင်းလခ ပေးစားရပါသည်။

ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ်က လူထုပညာတိုင်း မှူး၊ ခရိုင်မှူးများ မရှိသေးပါ။ ခရိုင်ဝန်ကသာ ကျွန်တော်တို့ကို အုပ်ချုပ်ပြီး လစာကိုလည်း ခရိုင်ဝန်ရုံးမှာပင် ထုတ်ရပါသည်။

နေ့ဘက် စွန်းလွန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများသွားလိုက် ညဘက် မြို့ထဲပြန်အိပ်လိုက်နှင့်ဆိုတော့ စက်ဘီးမရှိ၍ဖြစ် လိုအပ်

www.burmeseclassic.com

www.burmeseclassic.com


လာပါသည်။ ဒီအကြောင်း ခရိုင်ဝန် အန်ကယ်ကြီးပြောပြတော့ ခရိုင်ဝန်ကတော်ကြီးက "သားလေးအတွက် စက်ဘီးတစ်စီးဝယ်ပေးလိုက်ပါ အဲဖေကြီး" ဟု ပြောပါသည်။ အန်ကယ်ကြီးက သူ့ရုံးအုပ်စာရေးကြီးကို ရာလေးစက်ဘီးတစ်စီး ဝယ်ခိုင်းပြီး ကျွန်တော် စီးဖို့ပေးရသည်။ ထိုအခါက ရာလေး အင်္ဂလန်လုပ်စက်ဘီးတစ်စီးကို ရွှေ့က မီးစက်လေထိုးတန်၊ စက်ဘီးဖြုတ်ဖို့တတ်ဖို့ စပန်နာ ၇၀-အစုံပါမှ ၂၂၅/ ပေးရပါသည်။

ကျွန်တော်က အစိုးရအမှုထမ်းလည်း မလုပ်ဘူးတော့ ခရီးစရိတ်တို့ ဘာတို့ မလုပ်တတ်ပါ။ ခရိုင်ဝန်ရုံး၏ ရုံးအုပ်စာရေးကြီးတို အကူအညီတောင်းပြီး ခရီးစရိတ်လုပ်ခိုင်း၍ ကောင်စီသို့ တောင်းရပါသည်။ ခရီးစရိတ်များ ရတာစုပြီး စက်ဘီးဖိုးသွားဆပ်တော့ "ခွေးကောင်လေး ငါ့ကို နင့်အပေကြီး ဆူအောင်လာလုပ်တာသား၊ သွား နင့်ပိုက်ဆံပြန်ယူသွား" ဆိုတာနှင့် ပြန်ယူခဲ့ရပါသည်။ ခရိုင်ဝန်ကြီး၏မျက်နှာနှင့် အခြားဌာနများကလည်း အကူအညီတောင်းသ၍ သူတို့တတ်နိုင်တာဆို ဝန်မလေးချက်ခြင်း ကူညီတဲ့ဘေးဇူးများကြောင့် ကျွန်တော့လူထုပညာဘဝမှာ ပျော်လည်းပျော်၊ကြီးစားလည်းတာဝန်ထမ်းခဲ့ပါသည်။

လူတွေရဲ့ သဘာဝအတိုင်း အတို့အထောင်အနှောင့်အယှက်များလည်း တွေ့ရပါသည်။ တခြားမဟုတ်ပါ။ ကျွန်တော်က လူပျိုဖြစ်ရာ ကျွန်တော့်လုပ်ငန်းတွင် ဝိုင်းဝန်းကူညီနေကြသော အပျိုကြီးများနှင့်စွပ်စွဲပုတ်ခတ်တဲ့ မဟုတ်မမှန်သတင်းများ လွှင့်ခြင်းခင် ဖြစ်ပါသည်။

တစ်နေ့တွင် ခရိုင်ဝန်အန်ကယ်ကြီးသည် ကျွန်တော့်ကိုခေါ်ပြီး "ကောင်လေးနော်-နင့်သတင်းတွေ ပျံ့နှံ့သွားတောင်

www.burmeseclassic.com

www.burmeseclassic.com


ရောက်လာပြီ မရှုပ်နဲ့နော်-မိန်းမလိုချင်တာတွေ့ရင် ငါ့ပြော- ငါလိုက်တောင်းပေးမယ်" ဟု ပြောပါတော့သည်။ မဟုတ်ပါဘူး အန်ကယ်ကြီး ကျွန်တော်အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်မရှိ သေးပါဘူး။ မိဘကို လုပ်ကျွေးဦးမှာပါ၊ ယခုလည်း လစဉ်မိဘထံကို ငွေ ၂၀၀ ကျပ် မှန်မှန်ပို့ပါတယ်၊ ကျွန်တော် ၉၇/ - ၅၀ပြားနဲ့ လောက်အောင် သုံးပါတယ် ခင်ဗျာ" ဟု ပြောရပါသည်။ "အန်ကယ်ကြီး ဒီမှာကြည့်ပါ" ဆိုပြီး ကျွန်တော့်ဒိုင်ယာရီကြားထဲတွင် ညှပ်သိမ်းထားသည့် လစဉ်မန်နီအော်ဒါ ငွေပို့ဖြတ်ပိုင်းများကို ထုတ်ပြပါသည်။ အန်ကယ်ကြီးယူကြည့်ပြီး သာဓုခေါ်ပါသည်။ "အေး ဘယ်သူဘာပြောပြော ကိုယ်ကောင်းရင် ဘာမှ အရေးမစိုက်နဲ့ ကိုယ့်အလုပ်ကိုယ် ကြိုးစားလုပ်ဟု" အမိန့်ရှိပါသည်။

"တော်ပါသေးရဲ့" ဟုတွေးကာ စိုးရိမ်ပူပန်နေသောရင်ထဲကအလုံးကြီး ကျသွားသလို ခံစားမိပါသည်။ ကိုယ့်ထက်သာမနာလိုသော ဝန်ထမ်းလောကသားများ၏ စိတ်ထားကိုလည်း စိတ်ပျက်မိပါသည်။ တစ်ခါမှ မရောက်ဘူးသည့် ဒေသတွင် ယခုလိုစေတနာထားပြီး သားသမီးလို သွန်သင်ဆုံးမသော ခရိုင်ဝန်အန်ကယ်ကြီးအား ပို၍ ကြည်ညိုလေးစားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## ထောင်တွင်းသင်တန်း

မြင်းခြံထောင်သည် မြန်မာပြည်တွင် "တတိယ" အကြီးဆုံးထောင်ဖြစ်ပါသည်။ ပထမမှာ အင်းစိန်ထောင်၊ ဒုတိယမှာ သာယာဝတီထောင်တို့ ဖြစ်ပါသည်။ မြင်းခြံထောင်ကို လူဆိုးထောင်ဟုလည်း ခေါ်ပါသေးသည်။ လူသတ်မှုများ၊ မုဒိမ်းမှုများ ကျူးလွန်ခဲ့ကြသော နှစ်ကြီးသမားများကို ထားတာများပါသည်။

ထောင်ပိုင်ကြီးရုံးသို့သွားရောက်တွေ့ဆုံပြီး ထောင်သားများအခြေအနေကို လေ့လာခွင့်တောင်း၍ ထောင်သားများ နေထိုင်သော အိပ်ဆောင်များ၊ အလုပ်လုပ်သောနေရာများ၊ စိုက်ခင်းများတွင် အလုပ်,လုပ်နေကြပုံများကို ပထမကြည့်ရှုလေ့လာပါသည်။ ထောင်မှူး၊ ထောင်ဝါဒါများ အုပ်ချုပ်မှုအောက်တွင် စည်းကမ်းရှိရှိ တာဝန်ထမ်းဆောင်နေကြပုံကို အကဲခပ်မိပါသည်။

ထောင်ပိုင်ကြီးအား ထောင်သားများကို စာမတတ်သူများ ရွေးပြီး သက်ကြီးအသုံးလုံးစာသင်ပေးခြင်း၊ ယဉ်ကျေးမှုသင်တန်းများပေးခြင်းတို့ ဆောင်ရွက်ပေးလိုကြောင်းကို ဆွေးနွေးပါသည်။ ထောင်ပိုင်ကြီးက "ကျွန်တော်တစ်ဦးတည်းသဘောဖြင့် ခွင့်ပြု၍ မဖြစ်နိုင်ပါ။ ခရိုင်ဝန်မင်းနှင့် ခရိုင်ရဲဝန်တို့က သဘောတူခွင့်ပြုခဲ့သော်လျှင် ဖြစ်နိုင်ကြောင်း" ပြန်လည်ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ခရိုင်ရဲဝန် ဦးဇင်မှာ ပုသိမ်မြို့သားဖြစ်၍ ပုသိမ်မှာကတည်းက ကျွန်တော်နှင့် သိကျွမ်းခင်မင်ခဲ့သူဖြစ်ပါသည်။ ခရိုင်ဝန်ကလည်း မြင်းခြံရောက်ကတည်းက မိဘလို ရင်းနှီးပြီးသားဖြစ်၍ သူတို့၏ သဘောတူညီမှုရဖို့ ခက်ခဲမည်မထင်ပါကြောင်း ထောင်ပိုင်ကြီးကို ပြောပြခဲ့ပါသည်။

ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့အား တွေ့ပြီး ထောင်ပိုင်ကြီးနှင့် တွေ့ပြီး ဆွေးနွေးခဲ့ပုံများကို တင်ပြအစီရင်ခံပါသည်။ ကျွန်တော်၏ တင်ပြချက်များ နားထောင်ကြပြီး ခွင့်ပြုကြောင်း ထောင်ပိုင်ကြီးဆီ ပြောလိုက်မည်ဟု ပြောကြပါသည်။

စနေနှင့် တနင်္ဂနွေနေ့တိုင်း နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ တစ်နေ့ ၂ နာရီထောင်သားများကို အသုံးလုံးစတင် သင်ပေးရန် စီစဉ်ပါသည်။

ထောင်ထဲတွင် အမှုစစ်ဆေးဆဲ တရားခံများကို အကျဉ်းသားဟုခေါ်ပြီး အပြစ်ပေးပြီး တရားခံများကိုတော့ ထောင်ကျဟု ခေါ်ပါသည်။

ပထမနေ့တွင် ထောင်ကျအမျိုးသား ၁၅၀ ခန့်နှင တွေ့ပြီး စာတတ်သူ မတတ်သူ မေးပြီး လူစစ်လိုက်တော့ စာမတတ်သူက ၁၀၀ ကျော်ရှိပါသည်။ သူတို့က စာရေးတတ်ဖတ်တတ်အောင် သက်ကြီးစာသင်နည်းနဲ့ သင်ပေးမည်။ သင်ချင်တဲ့သူများ စာရင်း ကောက်ခိုင်းပါသည်။ စာသင်ချင်တဲ့သူ ၈၀ ခန့် စာရင်းပေးပါသည်။

စာရေးတတ်ဖတ်တတ်သူများကိုတော့ ဘာသာရေးနှင့် ယဉ်ကျေးမှုသင်ပေးမည်၊ သင်ချင်တဲ့ ဆန္ဒရှိသူများ စာရင်းကောက် ခိုင်းပါသည်။ လူ ၃၀ စာရင်းပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာမသင်သေးဘဲ လူထုပညာရေးအကြောင်း သူတို့နှင့် သင့်တော်သည်များ ရွေးပြီး ရှင်းလင်းပြောပြပါသည်။ "ကျွန်တော့်ကို ထောင်ထဲမှာ အမှုထမ်းနေတဲ့ ဒါဒါတို့ ထောင်မှူးကို့ ထောင်ပိုင်ကြီးတို့လို သဘောထားပြီး မဆက်ဆံပါနဲ့၊ ခင်ဗျားတို့ ထောင်ထဲမရောက်လာခင်က အပြင်လောကမှာ ဆက်ဆံခဲ့တဲ့ မိတ်ဆွေတစ်ယောက်လို့ သဘောထားဆက်ဆံကြပါ။ ကျွန်တော်ဟာ အရာရှိတစ်ယောက်မဟုတ်ပါ။ ပြည်သူပြည်သားတွေအတွက် ကောင်းကျိုးတာဝန်ထမ်းဆောင်ပေးရန် နိုင်ငံတော်အစိုးရက တာဝန်ပေးထားတဲ့ ပြည်သူ့ဝန်ထမ်းတစ်ဦးသာ ဖြစ်ပါတယ်"

အထူးသဖြင့် ခင်ဗျားတို့လို ညီအစ်ကိုတွေရဲ့ အခက်အခဲတွေ ကူညီပေးဖို့၊ အကြောင်းမလှကြလို့ ရာဇဝတ်မှု မကင်းတဲ့ အလုပ်တွေလုပ်ခဲ့မိလို့ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ထိုက်သင့်တဲ့ ပြစ်ဒဏ်ပေးထားခြင်းခံရတဲ့ လူတွေလို့ ကျွန်တော်က သဘောထားပါတယ်။ ပြစ်ဒဏ်ပေးတဲ့ နှစ်စေ့တဲ့နှစ် ထောင်ကလွတ်ပြီး အပြင်လောကမှာ လူသစ်စိတ်သစ်မွေးပြီး မိမိကိုယ်မိမိ လူကောင်းတယောက်ဖြစ်အောင် ကြိုးစားပါ။ လူ့လောကထဲမှာ လူတွေနဲ့ ပြန်လည်ပေါင်းသင်းဆက်ဆံနေထိုင်သွားကြရမှာဖြစ်ကြောင်း" ဆွေးနွေးပြောပြပါသည်။

ထောင်သားများ၏ အံ့ဩသည့်အမူအရာများ စိတ်ဝင်စားသည့် အမူအရာများကို အကဲခတ်မိပါသည်။ ကျွန်တော့်ကို ဆရာဟု ခေါ်ပြောဆက်ဆံကြပါသည်။

နောက်ရက်များတွင် အသုံးလုံးသင်သည့် သူများကို သက်ကြီး စာသင်နည်းဖြင့်စပြီး သင်ပေးပါသည်။ စာတတ်သူများကိုတော့ မင်္ဂလာတရားတော်အကြောင်းကစပြီး သင်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငါးပါးသီလ လုံခြုံအောင် ထိန်းနည်းကို ဘုရားဟောကြားသည့် သုတ္တန်များမှ ကောက်နုတ်ရှင်းပြဟောပြောရပါသည်။ လူ့ကျင့်ဝတ်နှင့် သက်ဆိုင်သော သိင်္ဂါလောဝါဒသုတ်ကိုလည်း သူတို့ သဘောပေါက်စေရန် ရှင်းလင်းဟောပြပါသည်။ မသိ နားမလည်သည်များကိုလည်း မေးမြန်းခွင့်ပေးပါသည်။

သင်တန်းချိန် ၂ နာရီပေးထားသော်လည်း အချိန်ပြည့် ဟောပြောမှုမလုပ်ပါ။ အသုံးလုံးသင်တန်းအတွက် ၁ နာရီ ဘာသာရေးနှင့် ယဉ်ကျေးမှုသင်တန်းအတွက် ၁ နာရီစီခွဲပြီး အချိန်သတ်မှတ်ပေးပါသည်။ ထို ၁ နာရီမှာလည်း စာသင်ချိန် ၄၅ မိနစ် ထားပြီး ကျန်သည့်အချိန်တွင် သူတို့၏ အမှုအကြောင်းများကို သူတို့ကို ပြန်ပြောပြခိုင်းပါသည်။ အမှုအမျိုးစုံပါသည်။ ထိုအကြောင်းများကို ရေးလျှင် သီးခြားစာ တစ်အုပ်နှစ်အုပ်စာခန့် ရှိမည်ထင်ပါသည်။

သူတို့ပြောပြချင်သည့် သူတို့ဘဝ၊ သူတို့မိသားစု အခြေအနေ၊ အမှုဖြစ်ပွားလာပုံ၊ ရုံးတွင် အမှုစစ်ဆေး အပြစ်ဒဏ်ပေးပုံတွေကို စိတ်ပါဝင်စားစွာ နားထောင်ရာ သူတို့ ကျွန်တော့်ကို အတော် ချစ်ခင်လာကြပါသည်။ ရင်းနှီးလာကြပါသည်။ "ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်" ဆိုသည့် စကားအတိုင်း သင်ကြားမှု ဟောပြောမှုများ ပို၍ ပို၍ အောင်မြင်လာပါသည်။

ဘာသာရေးနှင့် ယဉ်ကျေးမှုသင်တန်းသားများ အချိန် အတော်ရလာသည့်အခါ စွန်းလွန်းဆရာတော်ကြီးအကြောင်း သူတို့ကို ပြောပြပါသည်။ "စွန်းလွန်းဆရာတော်ကြီးလို တရားမထိုင်ချင်ကြဘူးလား" မေးတော့ "ထိုင်မယ်ဆရာ"တဲ့၊ ပြိုင်တူဖြေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်နည်းကို တစ်ကြိမ်မှာ ၁၅ မိနစ်စပြီး ထိုင်ဖို့ တရားရှုမှတ်ပုံကို ကိုယ်တိုင်ထိုင်ပြီး သရုပ်ပြ သင်ကြားပြသပေးပါသည်။ တရားထိုင်နည်း ၁၀ ကြိမ်ခန့်ကို သင်ပြတရားထိုင်ပြီးသည့်အခါ သူတို့ အနေအထိုင်အပြောအဆိုများ သိသိသာသာ တိုးတက်ပြောင်းလဲ လာတာတွေ့ရလို့ ဝမ်းသာအားတက်ရပါသည်။

ဘာသာရေး၌ဌ်ငါးနှင့် ယဉ်ကျေးမှုသင်တန်းသား ၃၀ ၏ တိုးတက်မှုများကို မြင်တွေ့လာသည့်အတွက် အသုံးလုံးသင်တန်းသားများကလည်း သူတို့ပါ တရားထိုင်ကြမည့်အကြောင်း တင်ပြတောင်းဆိုလာကြပါသည်။ ကျွန်တော်ကလည်း သဘောတူခွင့်ပြုပြီး အားလုံးကို တရားထိုင်နည်းသင်ပေးလိုက်ရာ ထောင်နှင့်မတူတော့ဘဲ ရိပ်သာတစ်ခုထဲတွင် ယောဂီများ တရားထိုင်နေသလို ဖြစ်နေပါသည်။

ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့ကိုယ်တိုင် လာကြည့်အကဲခတ်ပါသည်။ သူတို့က ပြောရဆိုရ အုပ်ချုပ်ရတာ အရင်နဲ့မတူတော့ဘဲ အတော်လွယ်ကူကောင်းမွန်လာကြောင်း ဆရာသင်တန်းမှာ အမည်ပေးထားတဲ့အတိုင်း ယဉ်ကျေးလာကြကြောင်း ပြောကြပါသည်။ ထောင်ပိုင်ကြီးကိုယ်တိုင် သူ့ရုံးခန်းတွင် ကျွန်တော့်ကို ကျွေးမွေးဧည့်ခံပြီး ကျေးဇူးတင်စကားပြောပါသည်။

သည်လိုသင်တန်းတွေ ထောင်တိုင်းမှာထားပေး သင်ပေးခယ်ဆိုရင် အတော်ကောင်းမည့်အကြောင်း၊ ဆရာတို့ အထက်လူကြီး တွေကို တင်ပြပြီး ထောင်တိုင်းမှာ လူထုပညာရေးမှူးများ ဆရာ့လို သင်တန်းပေးနိုင်အောင် ကူညီဖို့ ပြောပါသည်။

ကျွန်တော်တို့ လူထုပညာသင်တန်းလုပ်ငန်းစဉ်မှာ သည်လို

www.burmeseclassic.com

www.burmeseclassic.com


သင်ပြပေးဖို့ မပါရှိကြောင်း ကျွန်တော်က စိတ်ကူးပြီး ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့ အကူအညီဖြင့် ထောင်ပိုင်ကြီးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းတို့ ရှင်းပြရပါသည်။

ထိုကဲ့သို့ ထောင်အာဏာပိုင်များနှင့်ပါ ရင်းနှီးလာသောအခါတွင် ထောင်သားများပြောပြသည့် ထောင်မှုနှင့် ဝါဒများနှင့် သူတို့အုပ်ချုပ် ဆက်ဆံရေးမှာ အဆင်မပြေတဲ့ကိစ္စလေးများ နှစ်ဘက်အဆင် ပြေအောင် ကြားဝင်စေ့စပ်ပေးသည့် အလုပ်များလည်း ချောမွေ့လာပါသည်။ ထောင်အုပ်ချုပ်ရေးပိုင်းမှ အာဏာပိုင်များတို့ ထောင်သားများနှင့် ပြောဆိုဆက်ဆံရေးများမှာလည်း ယခင်ကလို နားမခံ သာအောင် ဆဲဆိုမှုများနည်းပါးပြီး ယဉ်ကျေးလာပါသည်။

ကျွန်တော် အခြားမြို့သို့ ပြောင်းရွှေ့သွားမှာကို သူတို့စိုးရိမ်လာကြပါသည်။ စိတ်အေးချမ်းစွာ ဆက်ပြီး တရားထိုင်ကြပါ။ စာလည်းသင်ကြပါ၊ ကျွန်တော်ပြောင်းဖို့ဆိုတာ မလွယ်သေးပါဘူး၊ ခရိုင်ဝန်ကြီးက သဘောကျနေသည်မို့ ကျွန်တော် မပြောင်းရပါဘူး ဟု ပြောပြထားရပါသည်။

အရေး၊ အဖတ်၊ အတွက် သင်တန်းသားများလည်း အတော် တိုးတက်လာကြပါသည်။ စာကို သွက်သွက်ဖတ်နိုင်လာကြပါသည်။ သူတို့ကိုလည်း မင်္ဂလသုတ်တို့၊ မေတ္တာသုတ်တို့၊ ခန္ဓသုတ်တို့ ရွတ်တတ်လာအောင် လေ့ကျင့်ပေးပါသည်။ စာသင်ရက် မဟုတ်သည့် ရက်များမှာလည်း အလုပ်အားသည့်အချိန် သူတို့လေ့ကျင့်နိုင်အောင် မင်္ဂလသုတ်စာအုပ်တို့ ပရိတ်ကြီး စာအုပ်တို့ကို ထောင်ပိုင်ကြီး၏ ခွင့်ပြုချက်ဖြင့် ထောင်ထဲတွင် သွင်းခွင့်၊ ထောင်သားများထံ ပေးထားခွင့်များ ခွင့်ပြုထားသဖြင့် ပို၍ အဆင်ပြေ အောင်မြင်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလသုတ်ဖြစ်ပေါ်လာပုံအကြောင်း မေတ္တာသုတ်ဖြစ်ပေါ်လာပုံနှင့် ခန္ဓသုတ် ဖြစ်ပေါ်လာပုံအကြောင်း သုတ္တန်များကို ခံ့အောင်ပြောပြရာ သူတို့တတွေ အလွန်ဝမ်းသာကြပါသည်။ သူတို့နှင့် ကျွန်တော့်ဆက်ဆံရေးမှာလည်း ကျောင်းဆရာနှင့် စာသင်သားထက် ပိုပြီး ရင်နှီးခင်မင်လေးစားလာကြပါသည်။ ထောင်တွင်း သင်တန်းသည် အထူးအောင်မြင်ပါသည်။

## ကျေးရွာလူထုပညာ ပြန့်ပွားရေးအဖွဲ့များ ဖွဲ့စည်းခြင်း။

စွန်းလွန်းကျေးရွာမှာ သူကြီးကို ခေါင်းဆောင်ထားပြီး အမှုဆောင် ၁၀ ဦးပါဝင်သော လူထုပညာပြန့်ပွားရေးအဖွဲ့ကို ဖွဲ့စည်းပါသည်။

ရွာစည်ရွာ၊ ပျော်ခင်းသာရွာ၊ ထနောင်းတိုင်ရွာများမှာလည်း အလားတူ လူထုပညာပြန့်ပွားရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်ပါသည်။

အဖွဲ့အစည်းတစ်ခု ဖွဲ့ပြီးလျှင် ထိုအဖွဲ့အစည်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် သင့်တင့်သော ရန်ပုံငွေရှိဖို့ လိုအပ်လာပါသည်။ ကျေးရွာများ၏ ရှေးဓလေ့ထုံးစံတစ်ခုမှာ မင်္ဂလာဆောင်ပွဲများတွင် ကာလသားများက ခဲဖိုးတောင်းပြီး သောက်စားပျော်ပါးကြပါသည်။

ထိုခဲဖိုးငွေများကို သောက်စားပျော်ပါးမည့်အစား ကျေးရွာအတွက် အကျိုးရှိမည့် လုပ်ငန်းကို ပြောင်းလဲသုံးစွဲနိုင်ရန် စည်းရုံးရလျှင် ကောင်းမည်ဟု အကြံရလာပါသည်။ ထိုကိစ္စကို ကာလသားခေါင်းနှင့် လူငယ်များကို တစ်ဦးချင်း ၁၀ ယောက်လောက် သဘောပေါက်စေရန် ပြောပြစည်းရုံးရပါသည်။ ၁၀ ယောက်

www.burmeseclassic.com

www.burmeseclassic.com



အမာခံရလာပြီးမှ ကျန်လူများကို သူတို့အချင်းချင်း စည်းရုံးစေရပါသည်။ အားလုံးသဘောတူသောအခါ မင်္ဂလာဆောင် မှ ရရှိသည့် ပထမဆုံး ခဲဖိုးငွေကို မသောက်စားကြပဲ ရပ်ကွက် အလှူအတန်းများတွင် သုံးစွဲရန် ဒန်အိုးကြီးများ၊ မိုးပြဒယ်ကြီးများ၊ ပန်းကန်ကို ငွေကြေးအင်အားအလိုက် တစ်ခုချင်း ဝယ်စုဆောင်းပါသည်။ အလှူအတန်း မင်္ဂလာပွဲများတွင် ချက်ရေးပြုတ်ရေး ဧည့်ခံရေး မဏ္ဍာပ်ဆောက်ရေးကိစ္စများတွင် လူငယ်အဖွဲ့က ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လုပ်အားခသဘော အလှူရှင်က ချီးမြှင့်ပေးရန် စီစဉ်ပေးပါသည်။ ရရှိငွေကို အထက်ကအတိုင်း ရွာဝုံထောင် ပစ္စည်းဝယ်စုကြပါသည်။ အလှူရှင်များကလည်း စေတနာပေါက် လာကြပြီး လုပ်အားခသဘောမထားတော့ပဲ ပို၍ အလှူငွေ ထည့်လာကြပါသည်။ အိုးခွက်ပန်းကန်များ ပြည့်စုံ ပြီးသည့်အခါ ရရှိသည့် အလှူငွေကို လူထုပညာပြန့်ပွားရေးအဖွဲ့ ရန်ပုံငွေအဖြစ် သုံးစွဲရန် စုဆောင်းစေခဲ့ပါသည်။

အညာဒေလေ့မှာ ထန်းရည်ပေါသည့်အရပ်ဒေသဖြစ်၍ လူငယ် လူရွယ်များ ထမ်းရည်သောက်ခြင်းကို အပြစ်မမြင်ကြပါ။ ခွင့်လွှတ်တတ်ကြပါသည်။ ထိုထန်းရည်မူးရာမှအစ ခိုက်ရန်ဒေါသ ဖြစ်ခြင်းတို့ ပေါ်များပါသည်။

အထက်က ဆိုခဲ့သည့်အတိုင်း ခဲဖိုးငွေများကို ကာလသားများ သောက်စားပျော်ပါးခြင်းမပြုကြပဲ ကျေးရွာအကျိုးရှိမည့် ပစ္စည်း စုဆောင်းခြင်းဖက်ကို ဦးလှည့်ပေးလိုက်နိုင်သည့်အတွက် ထည်းရည် မူးပြီး ဖြစ်သည့်ရန်ပွဲများလည်း နည်းပါးသွားပါသည်။ ရာဇဝတ်မှုများ နည်းပါးသွားစေရန်ဆောင်ရွက်သကဲ့သို့လည်း ဖြစ်ပါသည်။

လူထုပညာလုပ်ငန်း တိုးတက်လာသည်ကို မြို့ပေါ်မှ တုန်သည်ပွဲစား စက်ပိုင်များလည်း သိရှိလာကြသည့်အခါ ရုံးစိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ လူထုပညာပြန့်ပွားရေးအဖွဲ့အတွက် ရန်ပုံငွေများပါ ထည့်ဝင်လှူဒါန်းလာကြပါသည်။

ကျေးရွာပြုပြင်ရေး၊ စာရိတ္တပြုပြင်ရေးလုပ်ငန်းများ အောင်မြင်စေရန် လုပ်ရသည်မှာ အပြောလွယ်သလောက် အလုပ်တွင် ခက်ခဲပါသည်။ အရိုးစွဲလာသည့် ကျေးရွာဓလေ့ထုံးတန်းများကို အကောင်းဘက်သို့ ဦးတည်ပြောင်းလဲပေးရာတွင် ရွာသား လူလတ်အသောက်သမားများ၊ လူကြီးထန်းရည်သမားများက များစွာ အခက်အခဲကို ဖြစ်ပေါ်စေခဲ့ပါသည်။ လူငယ်များက ခေတ်နှင့် အညီ ပြုပြင်ပြောင်းလဲရေးကို သဘောပေါက်လွယ်ကြပါသည်။

မည်မျှခက်ခဲသော လုပ်ငန်းမဆို မလျှော့သောဇွဲဖြင့် စည်းရုံးဆောင်ရွက်လျှင် တစ်နေ့မှာ အောင်မြင်မှုရလာရမည် ဖြစ်ပါသည်။ မှူးများသည် ကျေးရွာကို ခေတ္တခဏသွားဟောပြော စည်းရုံးသူများမဟုတ်ကြပါ။ ကျေးရွာမှာနေပြီး ရွာသူရွာသားများနှင့် နေ့စဉ်ရင်းနှီးခင်မင်မှုရအောင် သူတို့ဘဝထဲဝင်၍ ဆောင်ရွက်ခြင်း ကြောင့်သာ အောင်မြင်မှုများရရှိလာခြင်းဖြစ်သည်။

သက်လတ်၊ သက်ကြီးများ စာရေးစာဖတ်တတ်စေရန် အသုံးလုံးသင်တန်းများ အောင်မြင်မှုအရှိန်ရလာသောအခါ စာတတ်သူများက လုံးဝစာမတတ်သေးသူများကို အချင်းချင်း တစ်ဦးချင်း အသုံးလုံးပြန်သင်ပြသည့်စနစ်ကို သုံးပါသည်။ တစ်အိမ်ထဲမှာပင် အသုံးလုံးသင်တန်းကို စတက်ပြီးသင်၍ စာတတ် လာသူက မိမိအိမ်သားစာမတတ်သေးသူကို တစ်ဆင့်ပြန်သင် ပေးသည့်စနစ်ကိုလည်း လေ့ကျင့်ပေးပါသည်။

သက်လတ်၊ သက်ကြီးများအတွက် လက်လွတ်၍ရလာ သည့်အခါ- ကျောင်းမနေနိုင်သည့် ကလေးများအတွက် ဘုန်းတော်ကြီး ကျောင်း ပညာသင်ရေးဘက်ကို ဦးတည်ရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ပြည်တော်သာ ညီလာခံကြီးတစ်ရပ်ကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီးတွင် ကျင်းပခဲ့ပါသည်။ ထိုညီလာခံမှ စီမံကိန်းကြီး (၁၀) ရပ်ကို ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ယင်းစီမံကိန်း (၁၀) ခုအနက် အမှတ် (၉) စီမံကိန်းမှာ ဘဝသစ်ဖန်တီးရေးစီမံကိန်း၏ စီစဉ်ချက် (၅) ခုအနက် အမှတ် (၂) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး စီမံကိန်းကို လူထုပညာရေး ကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော် အစိုးရက တာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်တွင် ရှေးခေတ်အဆက်ဆက်ကတည်းက နိုင်ငံသူ နိုင်ငံသားများသာမက မင်းညီမင်းသားများပါ ဘုန်းတော်ကြီးကျောင်းများမှာ ပညာသင်ကြားခဲ့ရသည်။ ရှေးခေတ်က ဘုန်းက ပညာသင်ကြားရေး ရည်မှန်းချက်များမှာ

(၁) ရတနာသုံးပါး ဦးထိပ်ထား ကိုးကွယ်တတ်စေရန်

(၂) သာသနာတော် သုံးရပ် ထွန်း ကားစေရန်

(၃) လောကီ၊ လောကုတ္တရာ ကျမ်းစာများ တတ်ကျွမ်းစေရန်နှင့်

(၄) အရေး အဖတ် အတွက် တတ်ကျွမ်းစေရန် တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ယခု လွတ်လပ်ရေးခေတ်ဦးမှာ စစ်ဘေးဒဏ်ကြောင့် စာသင်ကျောင်းများ ပျက်စီးခဲ့သည်ကို ပြည့်စုံစွာ အစားမထိုးနိုင်သေးခြင်း၊ ဆရာ ဆရာမများ လုံလောက်စွာ မရှိသေးခြင်း တို့ကိုပါ ထည့်သွင်းစဉ်းစား၍ အထက်ပါရည်ရွယ်ချက်များအပြင် ဘုန်းတော်ကြီးကျောင်း စာသင်သားများအတွက် နေရေး၊ ထိုင်ရေး၊ စားသောက်ရေးအတွက်ပါ ဖူလုံ၍ ကျောင်းလခကိုလည်း စိတ်ကူးထဲတွင် ထည့်စရာမလိုသော စနစ်ဖြစ်ပါသည်။

ရှေးခေတ် ဘ/က ပညာသင်ကြားရေးစနစ်များ နမောဗုဒ္ဓါယသိဒ္ဓံ အစချီ၍ အအာဣဤစသော သရ (၁၂) လုံး၊ ကခဂဃ စသော ဗျည်း (၃၃) လုံး၊ ထို့နောက် ဗျည်းသရတွဲသည့်သင်ပုန်းကြီးကို စတင်သင်ကြားပါသည်။ သင်ပုန်းကြီးကုန်ပြီးနောက် မင်္ဂလသုတ် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ ရှင်ကျင့်ဝတ် စသည်တို့သင်ကြားပေးပါသည်။ အတွက်ပညာသင်ချာကို အပေါင်းအနုတ်နှင့် (ကိုးကြောင်းလက်ာတို့ကိုကျက်၍) အမြှောက်အစားကို သင်ကြားပါသည်။ ထို့နောက် ပြဿဒါး၊ ရက်ရာဇာ၊ လာဘ်နေ၊ နတ်နေ၊ နဂါးလှည့်၊ ဗေဒင်ပညာနှင့် လောကီ သိပ္ပံဆိုင်ရာ လက်ာများကို သင်ကြားပေးပါသည်။

ယခုခေတ်နှင့်လိုက်လျောညီစွာ မူလတန်းပညာ တတ်မြောက်လာစေရေးအတွက် သင်ရိုးသစ်ပညာနှင့် ပြဋ္ဌာန်းချက်စာအုပ်များကို ဘ/က မူလတန်းတွင် သင်ကြားနိုင်ရေးအတွက် လူထုပညာရေးကောင်စီမှစီစဉ်ဆောင်ရွက်ပေးရပါသည်။

၁၉၅၂/၅၃ ခုနှစ်၊ ဘဏ္ဍာတော်နှစ်အတွင်းတွင် ဘ/က ကျောင်း ၁၀၀၀ ဖွင့်လှစ်ရန်၊ ယင်းကျောင်း ၁၀၀၀ တွင် ပညာသင်ကြားမည့်ကျောင်းသား တစ်ကျောင်းလျှင် ၄၀ နှုန်းဖြင့် ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ပေါင်း ၄၀၀၀ အတွက် သင်ကြားမှုဆိုင်ရာ စာအုပ်၊ စာရေးကိရိယာ ပရိဘောဂများအတွက် ကုန်ကျမည့် ခန့်မှန်းခြေငွေ ၁၀ သိန်း လျာထားပါသည်။ ထိုစီမံကိန်းအစီအစဉ်အသေးစိပ်ကို လူထုပညာရေးကောင်စီမှ တင်ပြရာ ပြည်တော်သာညီလာခံကြီးက သဘောကျသဖြင့် ဘ/က ကျောင်းဦးရေ ၁၀၀၀ မှ ၅၀၀၀ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် နောက်ထပ်ခွင့်ပြုငွေ ၄၅ သိန်း ဖြည့်စွပ်၍ စုစုပေါင်း ၅၅ သိန်း သုံးစွဲရန် လျာထားခဲ့ပါသည်။

ဘ/က ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဆရာတော်သံဃာတော်များအား ပါဝင်ကူညီပါရန် ကောင်စီဥက္ကဋ္ဌ ဝန်ကြီးဦးသန်းအောင်က ရေဒီယိုမှ အသံလွှင့်လျှောက်ထားပန်ကြားခဲ့ပါသည်။ သတင်းစာကြီးများကလည်း ထိုလျှောက်ထားချက်တို့ကို အကျယ်တဝင့် ရေးသားဖော်ပြပေးခဲ့ကြပါသည်။

လူထုပညာရေးကောင်စီမှ ညွှန်ကြားထားသည့်မူအတိုင်း ပြည်ထောင်စု တစ်ဝန်းလုံးရှိ ခရိုင်၊ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော မှူးများက ဘ/က မှတ်ပုံတင်စာရင်းကောက်ယူဆောင်ရွက်ခဲ့ကြရာ စုစုပေါင်း (၄၂၃၉) ကျောင်း မှတ်ပုံတင်နိုင်ခဲ့ပါသည်။

မှတ်ပုံတင်ပြီး ဘ/က များတွင် စာသင်သားကျောင်းသားများအား အရေးအဖတ်အတွက်နှင့် ဘာသာစာရိတ္တဆိုင်ရာ သင်ခန်းစာများကို ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် စသည်ဖြင့် အစိုးရမှုလတန်းကျောင်းများနည်းတူ သင်ကြားပြီးနောက် စာမေးပွဲအောင်သူများကို နိုင်ငံတော်အစိုးရမှုလတန်း

www.burmeseclassic.com


အောင်သော ကျောင်းသားများကဲ့သို့ ပဉ္စမတန်းတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများတွင်လည်းကောင်း ဆက်လက်ပညာသင်ကြားခွင့်များရရှိစေရန် ရည်ရွယ်စီမံခြင်းဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်နှင့် ကိုက်ညီစေရန်အတွက် ဘ/က စာသင်သားများအတွက် သမိုင်းဘာသာ၊ ပထဝီဘာသာနှင့် ပြည်သူ့နီတိဘာသာများ သင်ကြားနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

ထို့နောက် မှတ်ပုံတင်ပြီး ဘ/က ကျောင်းများတွင် အစိုးရမူလတန်းကျောင်းများ၌ သင်ကြားသော သင်ရိုးညွှန်းတန်းပါ ဘာသာရပ်များအတိုင်း သင်ကြားနိုင်ရန်အတွက် ကျောင်းသားများအဖို့ ပြဋ္ဌာန်းချက်ဘာသာရပ်စာအုပ်များနှင့် စာရေးကိရိယာများကို အပြည့်အစုံထောက်ပံ့၍ ဘုန်းတော်ကြီးများအတွက် ဆရာလက်စွဲ သင်ကြားနည်းစာအုပ်များ၊ ပြဋ္ဌာန်းချက်စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းသုံးပရိဘောဂများပါ အပြည့်အစုံလှူဒါန်းဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ ပရဟိတ သံဃာများဦးစီးသော ကျောင်းများအတွက်ကိုလည်း အလားတူပစ္စည်းပရိဘောဂအပြည့်အစုံဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ပစ္စည်းများအသုံးပြုရန်မူ

၁။ ဆရာဘုန်းတော်ကြီး အသုံးပြုရန်အတွက် ဆရာလက်စွဲစာအုပ်များ၊ စာရေးကိရိယာများ၊ ပရိဘောဂနှင့် တပည့်ကျောင်းသားများ သုံးစွဲရန်ဖြစ်သည့် စာအုပ်များ၊ စာရေးကိရိယာများကို ပညာသင်ကြားပို့ချရာ၌ အသုံးပြုရန်အတွက် ဆရာဘုန်းတော်ကြီးအား လှူဒါန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com


၂။ စာသင်သားသုံးပစ္စည်းများအနက် စာရေးကိရိယာကိုသာ (က) တပည့်များအား အပြီးအပိုင် ဆရာဘုန်းတော်ကြီးက ချီးမြှင့်ရန်ဖြစ်၍ (ခ) တပည့်များသည် သက်ဆိုင်ရာအတန်းအလိုက် စာအုပ်များကို ကျောင်းတွင်ပညာသင်ဆဲကာလအတွင်းသာလျှင် ခေတ္တသုံးစွဲခွင့်ပြု၍ အတန်းတက်သည်ဖြစ်စေ၊ ကျောင်းမှထွက်သွားသောအခါဖြစ်စေ အတန်းတက်လာသော စာသင်သားဖြစ်စေ၊ တပည့်သစ်များအတွက် ဆက်လက်သုံးစွဲရန်အတွက် တပည့်ဟောင်းများက ဆရာဘုန်းတော်ကြီးထံသို့ ပြန်အပ်ရန်ဖြစ်ပါသည်။

၃။ ဆရာဘုန်းတော်ကြီးသည် ကောင်စီမှတ်ပုံတင်စာရင်းဝင်ကျောင်းအဖြစ်ကို စွန့်လွှတ်၍ နိုင်ငံတော်ကျောင်းအဖြစ်သို့ လွှဲပြောင်းပေးလိုပါက ကောင်စီမှလှူဒါန်းထားပြီးဖြစ်သည့် စာအုပ်များ၊ စာရေးကိရိယာများ၊ ပရိဘောဂများကို ဆရာဘုန်းတော်ကြီး၏ဆန္ဒအတိုင်း စွန့်လွှတ်နိုင်ပါသည်။

## ပစ္စည်းကပ်လှူပွဲအခမ်းအနားများ

မှတ်ပုံတင်ပြီး ဘ/က ကျောင်းများသို့ ပညာသင်ကြားမှုဆိုင်ရာပစ္စည်း ပရိဘောဂများကို သက်ဆိုင်ရာကျောင်းများသို့ မှူးများက ဦးဆောင်လှူဒါန်းပွဲများကို ဒေသအလျောက် အခမ်းအနားဖြင့် ပရိသတ်ကို ဖိတ်ကြားပြီး စည်ကားသိုက်မြိုက်စွာ လှူဒါန်းကြပါသည်။

မြင်းခြံမြို့နယ်အတွင်း မှတ်ပုံတင် ဘ/က ဘုန်းတော်ကြီးကျောင်း (၅၂) ကျောင်းအတွက် ပစ္စည်းများလှူဒါန်းပွဲများကိုလည်း အများနည်းတူ စည်ကားသိုက်မြိုက်စွာ လှူဒါန်းနိုင်ရေးအတွက် ကျွန်တော်၏ မြင်းခြံဇာတ်လိုက်ကြီး ပြန်ကြားရေးဌာနပြည်သူ့ဆက်ဆံရေးအရာရှိ သခင်မင်းခေါင်၏ ကူညီမှု၊ ခရိုင်ဝန်အန်ကယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ စေတနာထက်သန် ကူညီချီးမြှင့်မှုတို့ကြောင့် များစွာစည်ကား သိုက်မြိုက်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့နယ်သတင်းထောက် များဖြစ်ကြသော ဦးချစ်ဖေ၊ ဦးဟုတ်စိန်၊ ဦးတင်ထူးတို့၏ သတင်း ဓါတ်ပုံများဖြင့် ရန်ကုန်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် ဗမာ့ခေတ်သတင်းစာကြီးများတွင် ဝေဝေဆာဆာ ထည့်သွင်း ဖော်ပြပေးခြင်းပြုခဲ့ပါသည်။

မြင်းခြံမြို့နယ်မှတ်ပုံတင် ဘ/က များတွင် ပညာသင်ကြား ရေးအတွက် ဘုန်းတော်ကြီးများအား အထောက်အကူပြုနိုင်ရန် ၁၀ တန်းအောင်ပြီးသူများ၊ ဘွဲ့ရပြီးသူများကို စည်းရုံး၍စေတနာ့ ဝန်ထမ်းပါဝင်၍ ဆရာများအဖြစ် ကူညီသင်ကြားနိုင်ခဲ့ခြင်းကြောင့် အခြားမြို့များထက် အောင်မြင်မှုပိုမိုရရှိခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးစီမံကိန်းဝင် မှတ်ပုံတင်ပြီးသော ဘ/က စာရင်းကို နိုင်ငံတော်ပညာမင်းကြီးထံ ပို့၍ ယင်းကျောင်းများမှ စတုတ္ထတန်းကျောင်းသားများကို နိုင်ငံတော်အစိုးရကျောင်း၏ စတုတ္ထတန်းစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခွင့် ပြုပါရန် လူထုပညာရေးကောင်စီမှ တောင်းပန် ပန်ကြားခဲ့ပါသည်။ ပညာမင်းကြီး၏ သဘောတူခွင့်ပြုချက် ရရှိ သဖြင့် နိုင်ငံတော်အစိုးရ မူလတန်းကျောင်းများ၏ နှစ်စဉ် စတုတ္ထ တန်း စာမေးပွဲတွင် ဘ/က ကျောင်းသားများ ဝင်ရောက်ဖြေဆိုနိုင် ခဲ့ပါသည်။ အချို့ ဘ/က ကျောင်းများမှ ကျောင်းသား/သူ များ သည် အောင်ချက် ၉၀%အထိ အောင်မြင်ခဲ့ကြပါသည်။

## ညွှန်ကြားရေးဝန်ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးခြင်း

ကျွန်တော်၏ ကြိုးကြိုးစားစား ဆောင်ရွက်မှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသော သတင်းများကို လူထုပညာစာစောင်

www.burmeseclassic.com

www.burmeseclassic.com


နှင့်နေ့စဉ်သတင်းစာကြီးများတွင် မကြာခဏ သတင်းဓာတ်ပုံများဖြင့် ဖော်ပြပါရှိနေပါသည်။ ထိုသတင်းများကို ကိုယ်တိုင် စစ်ဆေးလေ့လာနိုင်ရန် ညွှန်ကြားရေးဝန် ဦးအောင်မင်း မြင်းခြံသို့ ရောက်ရှိလာပါသည်။ ကျွန်တော့်အား အသိပေးခြင်း၊ အကြောင်းကြားခြင်း လုံးဝမရှိသည့်အတွက် ကြိုဆိုမှု ဂါရဝ မပြုခဲ့ရပါ။

ဆရာဦးအောင်မင်းသည် မြင်းခြံမြို့ပိုလ်တဲတွင် တည်းခို၍ ပထမ ခရိုင်ဝန်ကိုတွေ့ပြီး ကျွန်တော့်ဆောင်ရွက်မှုများအကြောင်း စုံစမ်းမေးမြန်းပါသည်။ ထို့နောက် ခရိုင်အတွင်းရှိ အုပ်ချုပ်ရေးအရာရှိများ၊ စိုက်ပျိုးရေးအရာရှိများ၊ တိရစ္ဆာန်ဆရာဝန်များနှင့် ပြည်သူ့ဆက်ဆံရေးအရာရှိ သခင်မင်းခေါင်တို့ကိုလည်း ကိုယ်တိုင်တွေ့ဆုံပြီး မေးမြန်းစုံစမ်းပါသည်။ နောက်ဆုံးမှာ မြင်းခြံမြို့မှ ပါလီမန်အမတ်များ၏ ခေါင်းဆောင် ဦးစံပြည့်ကိုလည်း တွေ့ဆုံမေးမြန်း စုံစမ်းပါသည်။

ကျေနပ်လောက်အောင် စုံစမ်းမေးမြန်းပြီးမှ ကျွန်တော်ရှိရာ ထနောင်းတိုင်ကျေးရွာသို့ မြင်းလှည်းစီးပြီး ရောက်လာပါသည်။ ကျွန်တော် အတော်အံ့အားသင့်သွားပါသည်။ "ဆရာဘယ်တုန်းက မြင်းခြံရောက်လာတာလဲ ခင်ဗျာ" ဟုမေးတော့ "သိပ်မကြာသေးပါဘူးကွာ၊ ၃-၄ ရက်လောက် ရှိသွားပြီ" ဟု ပြုံးပြီးပြန်ပြောပါသည်။ မြန်မာရာဇဝင်တွင် တစ်သက်လုံးမှာ သုံးခါသာ ပြုံးဖူးသည်ဆိုသော စစ်သူကြီး သိဝလိက အန္တိုးပေးရမည့် အလွန်ပြုံးခဲလှသော ဆရာဦးအောင်မင်း၏ အပြုံးကို ကျွန်တော့်နှလုံးသားဖလင်မှာ ယနေ့တိုင်ရှိနေပါသေးသည်။

ဆရာ့ကို ကျွန်တော် ဦးစီးအကောင်အထည် ဖော်နေသော ထနောင်းတိုင်ရွာရှိ ကျေးလက်မွေးမြူရေး သမဝါယမအသင်းအဆောက်အဦကို ခေါ်သွားပြီး ရေနွေးကြမ်းနှင့် အညာအကြော်

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သော ဘူးသီးကြော်၊ မတ်ပဲကြော်၊ တို့ဟူးကြော်နှင့် ကြက်သွန်ကြော်များဖြင့် ဧည့်ခံကျွေးမွေးပါသည်။

ထိုသမဝါယမအသင်း၏ ဥက္ကဋ္ဌ ဦးသိန်းမောင် (ဗ. တ. လ. စ) ဥက္ကဋ္ဌလည်းဖြစ်သူက ထိုအသင်း၏ ဖွဲ့စည်းပုံ အကြောင်း၊ မတည်ရင်းနှီးငွေကို ကျေးရွာတောင်သူများ ထည့်ဝင်ထားမှု အခြေအနေ၊ နိုင်ငံတော်အစိုးရထံမှ ချေးယူထားသော အမတော်ကြေး ငွေပမာဏတို့ကို ရှင်းလင်းပြောပြပါသည်။

မွေးမြူထားသော နွားကောင်ရေ ၁၀၀ ကျော်၊ ဝက်ကောင်ရေ ၃၀ ကျော်၊ ဆိတ်ကောင်ရေ ၁၀၀ ကျော်နှင့် ကြက်ကောင်ရေ ၅၀၀ တို့ရှိကြောင်း၊ ထိုတိရစ္ဆာန်များကို ထားရှိသော ခြံများကိုပါ လိုက်လံပြသပြီး စနစ်တကျ ထိန်းကျောင်း၍ အစာများကိုလည်း စနစ်တကျ ကျွေးမွေးကြောင်းတို့ကိုပါ ရှင်းလင်းပြောပြပါသည်။

ကျွန်တော့်အကြောင်းကိုတော့ အထူးတလည် ပြောမပြပါ။ ဆရာဦးမင်းအောင်ကတော့ ကျွန်တော်တို့ကျေးရွာမွေးမြူရေး သမဝါယမအသင်းမှာ မိသားစုကဲ့သို့ ပါဝင်ကြိုးစားဆောင်ရွက်နေကြောင်း၊ သမအသင်းမှာ အစုရှယ်ယာ ထည့်ဝင်ဖို့ စည်းရုံးပြောဆိုသော်လည်း သူ့အတွက် အကျိုးအမြတ်ကို မမျှော်လင့်ကြောင်း ပြောပြီး အစုရှယ်ယာ မထည့်ကြောင်းတို့ကို ရှင်းပြပါသည်။

နံနက်စာကို ဦးသိန်းမောင်၏ အစီအစဉ်ဖြင့် ကြက်သားတာလသားဟင်း၊ ပြောင်းဖူးကြော်၊ ခရမ်းသီးမီးဖုတ်သုတ်၊ ငြုပ်သီးကြော်တို့နှင့် ကျွေးမွေးဧည့်ခံနိုင်ပါသည်။ ဆရာဦးအောင်မင်းကလည်း ထမင်းစား၍ အလွန်မိန်ကြောင်း ပြောပါသည်။

ဆရာ့မြင်းလှည်းနှင့် ကျွန်တော် မြို့ပေါ်သို့ ပြန်လိုက်ခဲ့ပါသည်။ ဆရာတည်းခိုရာဗိုလ်တဲသို့ရောက်ပြီး ညစာအတွက် ကျွန်တော်က ဆရာ့ဆီ လာပို့မည့်အကြောင်း ပြောတော့ မင်းလဲ

www.burmeseclassic.com

ww.burmeseclassic.com



ပင်ပန်းလာတာ ဒီနေ့ညနားပါကွာ၊ မနက်မှ ပြန်တွေ့ကြတာပေါ့ဟု အမိန့်ရှိသဖြင့် ကျွန်တော် ပြန်လာခဲ့ပါသည်။

နံနက်စောစော လက်ဖက်ရည်ပွဲအတွက် ခရိုင်ဝန်ကတော် အန်တီကြီးဆီသွား၍ ကျွန်တော်တို့ဆရာ ညွှန်ကြားရေးဝန် ဦးအောင်မင်းကို အန်တီကြီးတို့အိမ်မှာ မနက်ဖြန်နံနက်စောစော လက်ဖက်ရည်ပွဲနှင့် ဧည့်ခံပေးရန် ပြောပြပါသည်။ အန်တီကြီးက "စိတ်ချပါ သား၊ မနက်ဖြန်မနက် ၇ နာရီခွဲမှာ အသင့်ပြင်ထားပေးမယ်။ သားရဲ့ဆရာကိုသာ ခေါ်လာခဲ့ပါ" ဟု ပြောသဖြင့် ဝမ်းသာကျေးဇူးတင်ရပါသည်။

နံနက် ၇ နာရီမှာ ဆရာ့ကိုခေါ်၍ ဗိုလ်တဲသွားပြီး ခရိုင်ဝန်အိမ်ကို လမ်းလျှောက်သွားကြပါသည်။ နံနက်စာ လက်ဖက်ရည်ပွဲတွင် ဆီထမင်းနဲ့ကြက်သားကြော်၊ ဘူးသီးကြော်၊ မတ်ပဲကြော်၊ တို့ဟူးကြော်နှင့် ရေနွေးကြမ်း၊ လက်ဖက်ရည်အချိုတို့ဖြင့် ကျွေးမွေးဧည့်ခံပြီး ခရိုင်ဝန်က ကျွန်တော့်အကြောင်း ချီးမွမ်းခန်းဖွင့်ပြီး ပြောပြနေသည့်အတွက် ကျွန်တော့်မှာ မျက်နှာမထားတတ်တော့ပါ။

နောက်တစ်နေ့ နေ့လယ်တွင် မြင်းခြံမြို့ပြည်တော်သာခန်းမတွင် အမတ်မင်း ဦးစံပြည့်၏ ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် ဆရာဦးအောင်မင်းကို ဧည့်ခံပါသည်။ ထိုလက်ဖက်ရည်ပွဲတွင် ဆရာစုံစမ်းမေးမြန်းခဲ့သော ဌာနဆိုင်ရာ အရာရှိများအားလုံး ပါဝင်ပါသည်။

ထိုလက်ဖက်ရည်ပွဲတွင် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရသဖြင့် အလွန်ပင် ဝမ်းသာပီတိဖြစ်ရကြောင်း၊ လူထုပညာရေးမှူး ဦးအောင်မင်း မြင်းခြံရောက်လာကတည်းက သူ့တာဝန်များကို မနားမနေ မခိုမကပ် ကြိုးစားဆောင်ရွက်တာကို ကိုယ်တိုင်တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com


နေရကြောင်း၊ အထူးသဖြင့် မြင်းခြံထောင်တွင်း အသုံးလုံးသင်တန်းနှင့် ယဉ်ကျေးမှုစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းမှာ စံပြုလောက်အောင် အောင်မြင်မှု တွေ့ရကြောင်းဖြင့် ကျွန်တော်ဆောင်ရွက်ထားသမျှ လုပ်ငန်းများအကြောင်း အသေးစိတ်ပြောကြားပါသည်။ ယနေ့လက်ဖက်ရည်ပွဲမှာ လူထုပညာရေးဌာန ညွှန်ကြားရေးမှူးကို ဂုဏ်ပြုခြင်းသက်သက်မဟုတ်ဘဲ ပ/မှူး ဦးမင်းအောင်ကိုလည်း ဂုဏ်ပြုခြင်းဖြစ်ကြောင်း ပြောကြား၍ နိဂုံးချုပ်ပါသည်။

ခရိုင်ဝန်ကလည်း အမတ်ကြီးပြောကြားသွားတာ ပြည့်စုံနေပြီဖြစ်၍ ထပ်လောင်းပြောစရာမရှိတော့ကြောင်း၊ လူထုပညာရေးဌာန ညွှန်ကြားရေးဝန်အနေဖြင့် ဒီသူငယ်လေး၏လုပ်ဆောင်မှုများအကြောင်း ကိုယ်တိုင်လေ့လာတွေ့ရှိပြီးဖြစ်၍ သူနှင့်ထိုက်တန်သော ရာထူးတိုးမြှင့်ချီးမြှင့်ပေးပါရန် မေတ္တာရပ်ခံကြောင်းနှင့် သူ့ကိုမြင်းခြံမှာဘဲ ဆက်လက်တာဝန်ထမ်းဆောင်စေလိုပါကြောင်းတို့ကို ပြောကြားပါသည်။

ဆရာဦးအောင်မင်းက "ပ/မှူး ဆရာဦးမင်းအောင်ဟာ သင်တန်းမှာကတည်းက ထူးချွန်စွာကြိုးစားတာကို ကျွန်တော် အကဲခတ်မိပါကြောင်း။ သူ့ဆောင်ရွက်မှု၊ အောင်မြင်မှုသတင်းများနှင့် သတင်းဓာတ်ပုံများ မကြာခဏတွေ့ရှိရ၍ ကိုယ်တိုင်လာရောက်စုံစမ်းခြင်းဖြစ်ပါကြောင်း။ ဒီမှာရောက်တော့ သတင်းနဲ့လုပ်ဆောင်မှု ထပ်တူဖြစ်တာတွေ့ရှိရ၍ များစွာဝမ်းသာမိပါကြောင်း ဌာနဆိုင်ရာအရာရှိများနှင့် တစ်သားထဲဖြစ်အောင် နေထိုင်ဆောင်ရွက်နိုင်မှုအတွက် ဂုဏ်ယူပါကြောင်း" များ ပြန်လည်ပြောကြားပြီး လက်ဖက်ရည်ပွဲမှာ ပျော်ရွှင်စွာစားသောက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဦးအောင်မင်းသည် ပခုက္ကူသို့ ဆက်လက်ခရီးထွက် ခွာသွားပါသည်။

## ကုဋ္ဌနူနာရောဂါသည်များဆေးကုသပေးခြင်း

စွန်းလွန်းရွာထဲတွင် နူနာရောဂါစွဲပြီး တစ်ချို့ခြေဆစ်လက်ဆစ်များ ပြုတ်နေသော ရောဂါသည် (၁၀)ဦးခန့် ရှိပါသည်။ ထိုရောဂါသည်များကို ဆေးကုသနိုင်ရန် ကျွန်တော်တို့သင်တန်းတက်စဉ်က ဆရာဒေါက်တာသာဆိုင် (ကိုယ်ရေပြားအထူးကုဆရာဝန်) က သင်ကြားပြသခဲ့ပါသည်။

အစတွင် သူတို့အား ဆေးကုသခံရန် စည်းရုံးဟောပြောရသည်မှာ မလွယ်ပါ။ သူတို့အိမ်သို့ ဝင်ထွက်ဆက်ဆံရပါသည်။ သူတို့အိမ်သို့ အလည်ဝင်သဖြင့် အားနာလာကြပါသည်။ မိမိတို့ဘဝအကျိုးပေးမကောင်းခဲ့ကြလို့ ဒီလိုရောဂါခံစားကြရကြောင်း။ ထိုရောဂါမှာ ယခုခေတ်ပေါ်ဆေးများနှင့်ကုသလျှင် ပျောက်ကင်းကြောင်း။ ပထမတော့ရောဂါကို ဆေးကတိုက်ဖျက်သည့်အချိန်တွင် နည်းနည်းပါးပါးကိုက်ခဲသည့်ဒဏ်ကို သည်းခံကြရမှာဖြစ်ကြောင်း၊ ဘုရားဟောသုတ္တန်တရားထဲ၌ ရှင်ဘုရင်ကိုယ်တိုင် ကုဋ္ဌနူနာရောဂါစွဲ၍ ထီးနန်းစွန့်ပြီး တောထဲသွားနေရကြောင်း။ ဘုရင့်မိဘုရားကြီးက ဘုရင်နှင့်အတူ တောထဲလိုက်ပြုစုနေထိုင်ပြီး သစ္စာပြုကုသသဖြင့် ဘုရင်ကြီး၏ကုဋ္ဌနူနာရောဂါပျောက်ကင်းပြီး ထီးနန်းကိုပြန်၍ သိမ်းပိုက်စိုးစံရကြောင်းများကို ပြောပြရပါသည်။

သည်ရောဂါကို မကုသဘဲနေကြမည်ဆိုလျှင် သားစဉ်မြေးဆက် လူတောထဲဝင်နိုင်တော့မည်မဟုတ်ကြောင်း၊ မိမိတို့မျိုးဆက်များအတွက် စေတနာထားပြီး ကုသမှုခံယူသင့်ကြောင်းများကိုပါ ပြောပြစည်းရုံးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် သူတို့အိမ်သွားသည့်အခါ သူတို့တည်သော ရေနွေးကြမ်းနှင့် လက်ဖက်ရည်များကို ကိုယ်တိုင်စားသောက်ပြသည့်အခါ သူတို့အလွန်ဝမ်းသာကြပါသည်။ ဤသို့ ရင်းနှီးစေရန် သူတို့ဧည့်ခံသမျှ စားပြပြီးမှ ဆေးကုသကြဖို့သဘောတူကြပါသည်။

ဆရာကြီးဒေါက်တာသာဆိုင် သင်ပြသည့်နည်းအတိုင်း စားဆေးများပေးပြီး စတင်ကုသရပါသည်။ ဆေးစားပြီး တစ်ပတ်လောက်တွင် ကိုက်ခဲသောဝေဒနာကို ခံစားကြရပါသည်။ သည်ဒဏ်ကို သည်းခံပြီး ဆေးဆက်စားရန် နေ့စဉ်သွားရောက်ပြောဟောရပါသည်။ နေ့စဉ်ကိုယ်တိုင်ဆေးတိုက်ရပါသည်။ ဤသို့ဒုက္ခခံ၍ ကျိုးစားကုသပေးရာ နူနာရောဂါသည် ၉ ဦး ရောဂါပျောက်ကင်းသွားကြပါသည်။

ကျွန်တော်၏ လူထုပညာလုပ်ငန်းများ ချောမွေ့အောင်မြင်မှုများကို တင်ပြထားသော်လည်း ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် မိမိတို့အားတာဝန်ချထားရာ မြို့နယ်ကျေးရွာများမှာ တာဝန်ထမ်းနေကြသော သူငယ်ချင်းလုပ်ဖော်ကိုင်ဘက်မှူးများထံမှ ခက်ခဲစွာကြိုးစားကြရကြောင်း၊ အပင်ပန်းခံကြိုးစားသလောက် အောင်မြင်မှုများမရရှိသဖြင့် တစ်ခါတစ်ရံစိတ်ပျက် အားငယ်မိကြောင်း။ ထို့အပြင် သောင်းကျန်းသူများမှ နားလည်မှုလွဲမှား၍ အနှောက်အယှက်ပေးခြင်း၊ ရန်ပြုခြင်းများခံနေရကြောင်း သတင်းတို့ကို သူတို့အတွေ့အကြုံ အဖြစ်အပျက်များ စာရေးကြ၍ သိရှိရပါသည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် ရောင်စုံသူပုန် တွေကြားကျေးလက်လူထုပြုပြင်ရေးအတွက် မိမိဘဝကို မြှုပ်နှံပြီး ကြိုးစားကြရသော လူထုပညာရေးမှူးနှင့် အမျိုးသမီးမှူးများ၏ လုပ်ငန်းမှာ ခန်းခင်းသော လမ်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


သာယာဝတီခရိုင်၊ ဂုံမင်းမြောင်ကျေးရွာ လူထုဌာနတွင် တာဝန်ကျသော အမျိုးသမီးမှူး ဒေါ်ခင်ဝင်း၏စာ ငိုချင်းရှည်ကြီးကို ဖတ်ရတော့ ကိုယ်ချင်းစာ၍ စိတ်မကောင်း ဖြစ်ရပါသည်။ အားပေးစာ ပြန်ရေးရပါသည်။

တစ်ခါတစ်ရံ ရေး၊ ဘိတ် (မြိတ်)၊ ထားဝယ်ဘက်တွင် တာဝန်ကျနေကြသော သူငယ်ချင်းများထံမှ စိတ်ပျက်ဖွယ် အတွေ့အကြုံများ စာရေးတာလည်း ဖတ်ရပါသည်။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် တာဝန်ကျနေသော ပ/မှူး ဦးကိုရင်၏ ဆောင်ရွက်ချက် အောင်မြင်မှုများ သိရတဲ့အခါတွင်လည်း ဝမ်းသာပီတိ ဖြစ်ရပါသည်။

ကျောက်ဆည်သား ညီညီတို့၊ ဖေသန်းတို့ဆီကလည်း စာ မကြာမကြာ ရေးကြပါသည်။ သူတို့၏ အောင်မြင်မှု၊ ခက်ခဲမှု၊ ပင်ပန်းမှုများလည်း သိရပါသည်။

သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာတွင် တာဝန်ကျနေကြသော အမျိုးသမီးမှူး ဒေါ်အုံးကြည်နှင့် ဒေါ်အုံးရွှေတို့ထံမှလည်း စာများ မကြာခဏရေးကြပါသည်။ သူတို့ကတော့ ဆရာဖြစ်သင်ကျောင်းဆင်းဆရာမများ လုပ်ရာမှ လူထုပညာရေးဌာနကို ရောက်လာသူများဖြစ်၍တစ်ကြောင်း၊ အိမ်တွင်းမှု ဇာထိုးပန်းထိုး အချုပ်အလုပ်နှင့် သိုးမွေးထိုးပညာများ ကျွမ်းကျင်စွာ တတ်ထားကြသူများဖြစ်၍ ကျေးရွာစည်းရုံးရေးမှာ အထူးအောင်မြင်သော ဝမ်းသာအားကျစရာ စာများလည်း ဖတ်ရပါသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေးမှူးသင်တန်း

ဘ/က ပညာရေးအတွက် သီးခြားတာဝန်ပေး ဆောင်ရွက်နိုင်စေရန် သင့်လျော်သော ပညာရေးမှူး (၆၂) ဦးတို့ ရွေးချယ်၍

www.burmeseclassic.com

www.burmeseclassic.com


သီတင်း (၃) ပတ်သင်တန်းကို လူထုပညာရေးသင်တန်း စခန်းတွင် သင်တန်းပေးခဲ့ပါသည်။

(၁) ကောင်စီ၏ ဘ/က ပညာရေးစီမံကိန်း သဘောတရားများ။

(၂) ဆောင်ရွက်ရန် နည်းလမ်းနှင့် တာဝန်များ။

(၃) ကျောင်းအုပ်ချုပ်နည်းနှင့် ပညာသင်ကြားရေး စည်းကမ်းများကို ကောင်စီမှ သင်တန်းမှူးများ၊ ကထိကများနှင့် နိုင်ငံတော် ဆရာအတတ်သင် ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကထိကများက သင်ကြားပို့ချပေးခဲ့ပါသည်။

၁၉၅၈ ခုနှစ်အထိ မှတ်ပုံတင်ပြီး ဘ/က ကျောင်းဦးရေမှာ (၅၅၄၅) ကျောင်းအထိ ရှိခဲ့ပါသည်။

## ဘ/က မူလတန်းကျောင်းအဖြစ် ပြောင်းလဲခြင်း

မှတ်ပုံတင်ပြီး ဘုန်းတော်ကြီးကျောင်းများတွင် တစ်စတစ်စ ကျောင်းသား၊ ကျောင်းသူများ တိုးတက်များပြားလာ၍ တစ်ကြောင်း၊ ပြည်တော်သာအဖွဲ့များမှ ထောက်ပံ့ကြေးများရရှိသည် တစ်ကြောင်း၊ ဆရာဘုန်းတော်ကြီးများ၏ သဘောတူညီခွင့်ပြုစွန့်လွှတ်မှုကြောင့် တစ်ကြောင်း၊ ဤစီမံကိန်းမှာလည်း နိုင်ငံတော်အစိုးရ မူလတန်းကျောင်းများ ဖြစ်ထွန်းတိုးပွားလာရေးအတွက် မြှုပျိုးထောင်ပေးရန် ရည်ရွယ်ရင်းရှိသည်တစ်ကြောင်း စသည့်အကြောင်းများကြောင့် နိုင်ငံတော်အစိုးရ၏ မူလတန်းကျောင်းအဖြစ်သို့ ပြောင်းလဲခွင့်ရသော မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်းဦးရေမှာ စုစုပေါင်း ၇၆၈ ကျောင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

## နွေရာသီ လူထုပညာရေး လက်တွေ့လေ့ကျင့်ရေး စီမံကိန်း

ထိုစီမံကိန်းမှာ လှည်းကူးမြို့ကို ဗဟိုပြု၍ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် သက်ကြီးစာမတတ်သူ ပပျောက်ရေး၊ ကျေးလက်လူထု နွေရာသီအားလပ်ရက်တွင် အပိုဝင်ငွေရှာဖွေတတ်ရန်၊ အိမ်တွင်းမှု လက်မှုပညာသင်ကြားရေးနှင့် လူနေမှု အဆင့်အတန်း တိုးမြှင့်စွာ နေထိုင်နိုင်ရေးအတွက် ကျေးလက် သန့်ရှင်းရေးတို့ကို ဦးစားပေး သင်ကြားရန်တို့ ဖြစ်ပါသည်။

ရှေ့ပြေးစီမံကိန်းအတွက် လေ့လာရေးအဖွဲ့ တစ်ဖွဲ့ကို ခေါင်းဆောင် ဦးကျော်သန်း၊ အဖွဲ့ဝင် ဦးအုံးကြိုင်၊ ဦးဝမ်းမောင်နှင့် ဦးခင်မောင်တို့ ပါဝင်သော လူထုပညာရေးမှူးအဖွဲ့ကို တာဝန်ပေး စေလွှတ်ခဲ့ပါသည်။

### လေ့လာစုံစမ်းရန်အချက်များ

(၁) သက်ကြီး အ သုံးလုံးဘာင်တန်းတွင် စိတ်ပါဝင်စားမှု ရှိမရှိ၊

(၂) ရပ်ရွာများက လိုလားမှုရှိမရှိ၊



www.burmeseclassic.com

www.burmeseclassic.com


(၃) သွားလာဆက်သွယ်ရေး ကောင်းမွန်မှုရှိမရှိ၊
(၄) သင်တန်းဖွင့်နိုင်ရန် နေရာ အဆောက်အအုံများ ရနိုင်မရနိုင်၊
(၅) နွေရာသီ သင်တန်းလုပ်ငန်းကို ဒေသခံ လူထု၏ ပူးပေါင်းဆောင်လိုမှု သဘောထား၊
(၆) လုံခြုံမှု အခြေအနေများကို စုံစမ်းပြီး ပြန်လည်တင်ပြရန် တာဝန်ပေးခဲ့ပါသည်။

မှူးများ၏ တွေ့ရှိလေ့လာချက်မှာ လှည်းကူးမြို့ကို ဗဟိုပြု၍ ပတ်ဝန်းကျင် ကျေးရွာ ၅ ရွာတွင် စီမံကိန်းအကောင်အထည်ဖော်သင့်ကြောင်း တင်ပြကြပါသည်။ ကောင်စီမှ သဘောတူပြီးနောက်

၁။ လှည်းကူးမြို့ မင်းတဲရပ်တွင် မှူး ဦးအုန်းကြိုင်
၂။ ယင်းတိုက်ပင် ကျေးရွာစခန်းတွင် မှူး ဦးခင်မောင်
၃။ ဒရယ်ဘိုစခန်းတွင် မှူး ဦးအောင်ဌေး
၅။ ကျောက်အိုင်ကျေးရွာစခန်းတွင် မှူး ဦးထွန်းရွှေ
၆။ ပိုက်ကြီး ဝဲ ကျေးရွာစခန်းတွင် ဦးမြင့်ဆွေ (စေတနာ့ဝန်ထမ်း)

တို့အား တာဝန်ခံများအဖြစ် နေရာချထား တာဝန်ပေးလိုက်ပါသည်။

မှူးဦးကျော်သန်းနှင့် အဖွဲ့ဝင်မှူးများသည် သင်တန်းအသီးသီး တက်ရောက်သင်ကြားမည့်သူများစာရင်း အတိအကျကောက် ယူခြင်း၊ သင်တန်းများကို မပျက်မကွက် တက်ရောက်ရန်စည်းရုံး ဟောပြောခြင်း၊ သင်တန်းဖွင့်မည့်နေရာ အဆောက်အအုံရွေးချယ် ခြင်း၊ စားသောက်ရေး ရိက္ခာပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများ၊ လက်ဆွဲမီးအိမ်များ စသည်တို့ကို စုဆောင်းခြင်းအစီအစဉ်များအတွက် အသေးစိတ်ဆောင်ရွက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူထုပညာရေး ကောင်စီကလည်း အသိပညာရှင်၊ အတတ်ပညာရှင် စေတနာ့ဝန်ထမ်း ဆရာ ဆရာမများကို သတင်းစာနှင့် ရေဒီယိုတို့မှ ကူညီဆောင်ရွက်ကြရန် ခေါ်ယူခဲ့ပါသည်။

သင်တန်းဖွင့်ရန် ၂ ရက်အလိုတွင် လူထုပညာသင်တန်း ဆဋ္ဌမပတ်မှ သင်တန်းသား သင်တန်းသူများ၊ စတုတ္ထနှင့် ပဉ္စမပတ် သင်တန်းဆင်းမှူးနှင့် အမျိုးသမီးမှူးများ၊ စေတနာ့ဝန်ထမ်း ကူညီမည့် ဆရာနှင့် ဆရာမများ၊ ပညာရှင်များ တဖွဲ့ဖွဲ့ ရောက်လာကြပါသည်။

၁။ လှည်းကူးမြို့ မင်းတဲရပ်တွင် ဦးကျော်သန်းနှင့် ဆဋ္ဌမပတ် သင်တန်းသားနှင့် မှူးများအား လည်းကောင်း။

၂။ ဒရယ်ဘိုရွာတွင် ဆရာမကြီး ဒေါ်ကြည်ကြည် (ကင်းထောက်) ခေါင်းဆောင်သော ဆရာမများနှင့် ဆဋ္ဌမပတ် သင်တန်းသူများအား လည်းကောင်း နေရာချထားပေးပါသည်။ စေတနာ့ဝန်ထမ်း ဆရာ ဆရာမများနှင့် အတတ်ပညာရှင် အသိပညာရှင်များအား စီစဉ်ထားသည့်အတိုင်း တာဝန်ကျ ကျေးရွာများသို့ ပို့ဆောင်ပေးကြပါသည်။

## နွေရာသီ လူထုပညာရေး သင်တန်းစခန်းဖွင့်ပွဲ

လူထုပညာရေးကောင်စီ၏ သက်ကြီး စာမတတ်သူ ပပျောက်ရေးနှင့် နွေရာသီ သင်တန်းစခန်းဖွင့်ပွဲကို အင်းစိန်ခရိုင် လှည်းကူးမြို့နယ် ရှပ်ရှင်ရုံတွင် ၁၉၅၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ နံနက်၌ ကောင်စီဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဦးသန်းအောင်ကိုယ်တိုင် တက်ရောက်ပြီး ခမ်းနား သိုက်မြိုက်စွာ ဖွင့်လှစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အခမ်းအနားသို့ ပါလီမန် အမတ်မင်းများ၊ နယ်ဘက်ဌာနစုံမှ အရာရှိများ၊ သင်တန်းဖွင့်လှစ်မည့် ကျေးရွာများမှ ကျေးရွာခေါင်းဆောင်များ၊ သင်တန်းတက်မည့် သင်တန်းသူ သင်တန်းသားများ၊ လူထုပညာရေး ကောင်စီဝင်လူကြီးများ၊ အတွင်းရေးမှူး၊ အုပ်ချုပ်ရေးမှူးစသော ကောင်စီ အရာထမ်းအမှုထမ်း အကြီးအကဲများ၊ သင်တန်းပို့ချမည့် အသိပညာရှင်၊ အတတ်ပညာရှင် ဆရာဆရာမများ၊ လူထုပညာရေးသင်တန်းမှ သင်တန်းသားနှင့် ဆရာ၊ ဆရာမများ၊ ဆဋ္ဌမပတ် သင်တန်းသူ သင်တန်းသားများ စုံညီစွာ တက်ရောက်ကြပါသည်။

အခမ်းအနား သဘာပတိမှာ ကယားပြည်နယ် ပါလီမန် အတွင်းဝန် လူထုပညာရေးကောင်စီ အဖွဲ့ဝင် မဟာသရေ စည်သူ ဦးစိန်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် လူထုပညာရေး ကောင်စီ အုပ်ချုပ်ရေးမှူး ဦးဘဝမ်းက ဆောင်ရွက်ပါသည်။

သဘာပတိ မဟာသရေစည်သူ ဦးစိန်က သဘာပတိ မိန့်ခွန်း ပြောကြားရာတွင် သက်ကြီးစာမတတ်သူ ပပျောက်ရေးနှင့် နွေရာသီ လူထုပညာ သင်တန်းဖွင့်လှစ်ရခြင်းသည် နိုင်ငံတော် ဝန်ကြီးချုပ်၏ ဖိုးသုံးည ပပျောက်ရေး ခြေလှမ်းဖြစ်ကြောင်းဟု လည်းကောင်း၊ ပညာရေးဝန်ကြီး ဦးသန်းအောင်ကလည်း နိုင်ငံတော် အစိုးရသည် ဤဗလငါးတန်မြှင့်တင်ရေး လုပ်ငန်းကြီးကို ယခုစတင် အကောင်အထည်ဖော်ပြီ ဖြစ်ကြောင်း၊ နောင်နှစ် နွေရာသီများတွင် သည်း အလားတူ စခန်းများကို တိုးချဲ့ဖွင့်လှစ်၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပျံ့နှံ့စေမည် ဖြစ်ကြောင်း တို့ကို မိန့်ကြားပါသည်။

သင်တန်းဖွင့်ပြီး နေသားတကျရှိသောအခါတွင်

(က) သက်ကြီး"အ"သုံးလုံးသင်တန်းသားသင်တန်းသူ ၁၄၂၈ ဦး

(ခ) အသက်မွေးဝမ်းကြောင်း ပညာသင်သူ ၅၀၁ ဦး

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေး ပညာသင်သူ ၃၇၄ ဦး
စုစုပေါင်း ၂၇၀၃ ဦး
ရှိပါသည်။

သက်ကြီး"အ" သုံးလုံးသင်တန်းများတွင် စေတနာ့ဝန်ထမ်းဆရာ ၉၁ ယောက်၊ ဆဋ္ဌမပတ်သင်တန်းသားနှင့် ပဥ္စမပတ်မှ မှူးများက သက်ကြီးသင်တန်းသား ၂၀/၂၅ စီ တာဝန်ခွဲယူပြီး၊ အတန်းလိုက် သင်နည်းတစ်ယောက်တတ်လျှင် တစ်ယောက်ချင်း ပြန်သင်ပြပေးနည်းများဖြင့် နေ့ပိုင်းတွင် သင်ကြားပေးပါသည်။ နေ့ပိုင်းမအားလပ်သူများအား ညပိုင်းတွင် သင်ကြားပေးပါသည်။ ညပိုင်းသင်တန်းများအတွက် လိုအပ်သော အောက်လင်းဓာတ်မီးနှင့် လက်ဆွဲမီးအိမ်များကို အမေရိကန်ပြန်ကြားရေးဌာနက ကူညီသဖြင့် အဆင်ပြေစွာ သင်ကြားနိုင်ပါသည်။ မျက်စိမှုန်သော သက်ကြီးစာသင်သားများအတွက် ခရစ်ယာန် သာသနာပြုအသင်းမှ ငွေကိုင်းမျက်မှန်များ လှူဒါန်းသဖြင့် လွယ်ကူစွာ သင်ကြားနိုင်ကြပါသည်။

အမေရိကန် ပြန်ကြားရေးဌာနမှ အသံသွင်းစက်များ ကူညီလှူဒါန်းပြန်သဖြင့် စာဖတ်တတ်လာသူ သင်တန်းသား/သူများအား စာဖတ်စေပြီး အသံသွင်းယူကာ ပြန်ဖွင့်ပြပေးပါသည်။ မိမိအသံကိုချက်ချင်း ကိုယ်တိုင် ပြန်လည်ကြားရသဖြင့် အထူးကျေနပ်ကြပြီး စာအမြန်ဖတ်တတ်ရန် စာသင်သားများက စိတ်အားထက်သန်စွာ ကြိုးစားသင်ကြားလာကြပါသည်။ ထို့ကြောင့် သက်ကြီး "အ" သုံးလုံးသင်တန်းသည် အောင်မြင်မှု ပိုမိုရရှိလာပါသည်။

## ကျေးရွာကျန်းမာသန့်ရှင်းရေး

(က) နေအိမ်များကို နေ့စဉ်သန့်ရှင်းခြင်း။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို တစ်ပတ် တစ်ကြိမ်ဆောင်ရွက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


(ခ) အမှိုက်များကို ကျင်းတူး၍ မြှုပ်နှံခြင်း။ မီးရှို့ဖျက်ဆီးခြင်း။

(ဂ) လမ်းများ၊ ချိုင့်ကျင်းများ ဖို့ခြင်း၊ ရွာလမ်းဖြောင့်ခြင်း၊ တိုးချဲ့ခြင်း၊ တံတားများ ပြုပြင်ခြင်း။

(ဃ) ရေပွက်ရေအိုင်ဖို့ခြင်း၊ ရေမြောင်းများ စနစ်တကျ ဖောက်ခြင်း။

(င) ရေတွင်း ရေကန်များဆယ်ခြင်း၊ သန့်ရှင်းခြင်း၊ ဆေးခပ်ခြင်း၊ အသစ်တူးဖော်ခြင်း။

(စ) ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျေးရွာ ရေရရှိရေး အဖွဲ့၏ အကူအညီဖြင့် ပူးပေါင်း၍ သန့်ရှင်းသော တွင်းနက်အိမ်သာများ တူးခြင်း၊ အိမ်သာများ ဆောက်လုပ်ခြင်း၊ ထိုင်ခုံကျောက်ပြားများ ဝေငှခြင်း၊ အဝီစိတွင်းများတူးခြင်းတို့ကို ဆောင်ရွက်ပါသည်။

## ကိုယ်လက်ကြံ့ခိုင်ရေး

စေတနာ့ဝန်ထမ်းဆရာများ၊ ဆဋ္ဌမပတ် လူထုပညာသင်တန်းသားများနှင့် ပဉ္စမပတ်မှ လူထုပညာရေးမှူးတို့က ကျေးရွာလူငယ်များကို ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး ကစားနည်းများတို သင်ပြပေးပြီး ကိုယ်တိုင်ပါဝင်လျက် ကစားကြခြင်းဖြင့် ကိုယ်လက်ကြံ့ခိုင်ရေးကို ကျေးရွာ အချင်းချင်းပြိုင်ပွဲများ ကျင်းပပေးနိုင်သည်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဗဟုသုတတိုးတက်ရေး

(က) နယ်လှည့်စာကြည့်တိုက်ပါ စာအုပ်များ ဂျာနယ်များကို ဖတ်ခြင်း၊ ဖတ်ပြီးသမျှ အချင်းချင်း ပြန်လည် ဆွေးနွေးစေခြင်း။

www.burmeseclassic.com

www.burmeseclassic.com


(ခ) အခြေခံ ပြည်သူ့နီတိ၊ ဒီမိုကရေစီ အကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်အကြောင်းများကို မှူးများက ပြောကြားဆွေးနွေးပေးခြင်း။

(ဂ) ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲများ ကျင်းပပေးခြင်း။

(ဃ) နယ်လှည့် လူထုပညာယာဉ်ဖြင့် ပညာပေး ရုပ်ရှင်ကားများ ပြသပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ယဉ်ကျေးမှု

(၁) လူထုပညာ သီချင်းသင်ကြားပေးပြီး စေတနာ့ဝန်ထမ်းဆရာများနှင့် မှူးများထဲမှ မယ်ဒလင်၊ ဘင်ဂျို၊ ပုလွေ တီးမှုတ်တတ်သူများ၏ တီးခတ်ပေးမှုဖြင့် သီဆိုစေခြင်း၊

(၂) မင်္ဂလာကဗျာ၊ မင်္ဂလာသုတ်၊ မေတ္တာသုတ်၊ သံဝေဂကဗျာ လင်္ကာများ သင်ကြားပေးပြီး ပရိတ်အသင်း ဝတ်အသင်းများဖွဲ့စည်း၍ ဓမ္မစကြာကို သင်ကြားပေးခြင်း၊

(၃) သင်္ကြန်ရက်အတွင်း သက်ကြီးဘိုးဘွားများကို သန့်ရှင်းပေးခြင်း၊ ရေချိုးခေါင်းလျှော်ပေးခြင်း တို့ ဆောင်ရွက်ပေးခဲ့ပါသည်။

## အိမ်တွင်း လက်မှုပညာ

လူထုပညာသင်တန်းမှ ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်း၍ ပဥ္စမပတ်မှ အမျိုးသမီးမှူးများနှင့် ဆဋ္ဌမပတ် သင်တန်းသူများဖြင့်

(၁) လက်ချုပ်၊ စက်ချုပ်၊ အကျီညှပ် ပညာများ၊

www.burmeseclassic.com

www.burmeseclassic.com


(၂) ဇာထိုး၊ ပန်းထိုး၊ သိုးမွေး ဆွယ်တာထိုး ပညာများ၊
(၃) စက္ကူပန်းလုပ်နည်းနှင့် ညှပ်စ ဖြတ်စ ပိတ်များကို သုံး၍ အရုပ်လုပ်ပညာ၊
(၄) ထမင်းဟင်း ချက်နည်းများ၊ မြန်မာ့သားရေစာ မုန့် လုပ်နည်းများ၊
(၅) သင်တန်းမှ ဆရာဦးထွန်းစိန်နှင့် စေတနာ့ဝန်ထမ်း ဆရာများက ချည်ဆေးဆိုးပညာ၊ ယက္ကန်းပညာ၊
(၆) သင်တန်းမှ ဆရာဦးထွန်းကြည်နှင့် စေတနာ့ဝန်ထမ်း ပညာရှင်ဆရာများက ဆပ်ပြာချက်နည်း၊ အလှဆီ၊ ခေါင်းလိမ်းဆီလုပ်နည်း၊ အုန်းဆံခြေသုတ်ဖုံနှင့် အုန်းဆံကြိုးကျစ်နည်းများကိုလည်းကောင်း၊
(၇) ဆဌမပတ် သင်တန်းသားများထဲမှ ဦးမောင်ကြီး၊ ကိုကျော်မြင့်တို့နှင့်အတူ မှူးဦးမင်းအောင်တို့က ကလေးကစားစရာကို သုံးထပ်သားကိုဗိုင်းလွှဖြင့် လှီးဖြတ်၍ လုပ်သော သစ်ထွင်းအရုပ်လုပ်ငန်း၊ ရွှံ့မြေစေးဖြင့် အရုပ်လုပ်ပညာတို့ကို လည်းကောင်း၊
(၈) ဆံပင်ညှပ်ပညာ၊ သင်ဖျာရက်ပညာတို့ကို လည်းကောင်း အပိုဝင်ငွေရရှိအောင် လုပ်နိုင်သည် အထိ တတ်မြောက်အောင် သင်ကြားပေးပါသည်။

## တစ်ပိုင်တစ်နိုင်မွေးမြူရေး

သင်တန်းမှ ဆရာဦးရောဘ ကြီးမှူး၍ မှူးများနှင့် စေတနာ့ ဝန်ထမ်း၊ အတတ်ပညာရှင်များမှ၊ နွားမျိုးကောင်းမျိုးသန့် မွေးမြူရေး၊

www.burmeseclassic.com

www.burmeseclassic.com


ဝက်ကြက်မွေးမြူရေးများနှင့် ဆေးဝါးကုသနည်းများကို တိရစ္ဆာန်ဆေးကုဆရာဝန်များအကူအညီဖြင့် ပြသသင်ကြားနိုင်ခဲ့ပါသည်။

နွေရာသီ သင်တန်းတွင် လိုအပ်သော ကျောက်သင်ပုန်း၊ ကျောက်တံ၊ ခဲတံ၊ ဗလာစာအုပ်၊ သက်ကြီးဖတ်စာအုပ်များ၊ အိမ်တွင်းမှ သင်တန်းအတွက် လိုအပ်သော ပန်းစက္ကူ၊ ပိတ်စ၊ သိုးမွေး၊ အပ်ချုပ်စက်နှင့် ကုန်ကြမ်းများ အားလုံးကို လူထုပညာသင်တန်းဆရာများနှင့် စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများ၏ စားသောက်ရေး၊ နေထိုင်ရေးတို့ကိုလည်း ကောင်စီမှပင် တာဝန်ယူခဲ့ပါသည်။

## ကျွန်းကလေးကျေးရွာစခန်း

ကျွန်းကလေးစခန်းတွင် မှူးဦးဝမ်းမောင်က စခန်းတာဝန်ခံဖြစ်ပါသည်။ ဆဋ္ဌမပတ် သင်တန်းမှ သင်တန်းသူ သင်တန်းသား ၁၀ ဦး၊ ပဉ္စမပတ် သင်တန်းဆင်းမှူးထဲမှ အမျိုးသမီးမှူး ၁ ဦး၊ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမ ၂၀ ခန့်တို့ တာဝန်ယူ၍ ကဏ္ဍအလိုက် ဘာသာရပ်အလိုက် တာဝန်ယူဆောင်ရွက်ကြပါသည်။

ကျွန်တော်တာဝန်ခံ ဆောင်ရွက်ရသော ကဏ္ဍမှာ သုံးထပ်သားကို ဒိုင်းလွှငယ်ဖြင့် လှီးဖြတ်၊ ထွင်းဖောက်၍ ကလေးကစားစရာ အရုပ်လေးများ၊ မြင်းလှည်းနှင့် နွားလှည်းလေးများ၊ မဟာမြတ်မုနိ ပုံတော် ဓာတ်ပုံကို သုံးထပ်သားတွင် ကပ်၍ လှီးဖြတ်ပြီး ပန်းတံကဲဖြင့် လှပစွာ ပုံဖော်ပါသည်။ ပန်းတံကဲမှာ ငွေရောင်ရွှေရောင်ဘော်ကြယ်များကို ကော်ကပ်ပြီး နောက်ခံ ကတ္တီပါအနက်ပေါ်တွင် ကပ်ပါသည်။ ထိုပုံတော်ကို ၂၀ လက်မ ၁၅ လက်မ အရွယ်မှန်ဘောင်ထဲ ထည့်လိုက်သောအခါ အလွန်သပ္ပာယ်၍ ကြည်ညိုဖွယ် ဘုရားဓာတ်ပုံကားကြီးဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com


သက်ကြီး သင်တန်းသားများ အလွန်စိတ်ဝင်စား၍ သဘောကျ နှစ်ခြိုက်ကြပါသည်။

ညဘက် သက်ကြီးစာသင်တန်းများသို့ လက်ဆွဲဓာတ်မီး ထွန်းပြီး လိုက်ပို့၊ အပြန်သွားကြိုသော အလုပ်ကိုလည်း တာဝန်ယူ ရပါသည်။ ထိုသို့ ကြိုရပို့ရသည့် ဆရာမ များထဲမှ ပဥ္စမပတ် အမျိုး သမီးမှူးမှာ ကျွန်တော်နှင့် ရင်းနှီးချစ်ခင်လာကြပါသည်။ လူပျို အပျိုတို့ ဘာသာဘာဝ မျက်စိကျ၍ မျက်လုံးချင်း စကားပြောကြ ပါသည်။ သို့ရာတွင် လူထုပညာရေးကောင်စီတွင် (၃)နှစ် အိမ်ထောင်မပြုဘဲ တာဝန်ထမ်းဆောင်ပေးပါမည်ဟု ကတိထား သော ခံဝန်ချက်က ကျွန်တော်တို့ နှစ်ဦး၏ ချစ်ခြင်းမေတ္တာကို ထိန်းထားစေခဲ့ပါသည်။ ကျွန်တော်တို့နှစ်ဦး၏ ဆက်ဆံရေးကို မနာလိုကြသော စေတနာ့ဝန်ထမ်း ဆရာများထဲက ၂ ယောက်က ဦးဆောင်ပြီး အမျိုးသမီးမှူး ဆရာမနာမည်ဖြင့် စာတိုက်မှ ပစ်စာ ပေးကြပါသည်။ ကျွန်တော်တို့ သင်တန်းမှာ တစ်ဦးနှင့်တစ်ဦး ရှိသေ လေးစားစေရန် ဆရာ၊ ဆရာမဟု အချင်းချင်း ခေါ်ပြော ဆက်ဆံ ကြပါသည်။

တစ်ည သက်ကြီးစာသင်တန်းမှ ကြိုပြီးအပြန်တွင် ဆရာမက ကျွန်တော့်ကို "ဆရာ ကျွန်မဆီကို စာတိုက်က ပစ်စာ တစ်စောင်ရောက်လာတယ်၊ ဆရာနဲ့ ကျွန်မကို စွပ်စွဲထားတာပါ။ ဆရာ ဖတ်ကြည့်ပါ" ဆိုပြီး ထိုပစ်စာကို ကျွန်တော့်အား ပေးပါသည်။ ဆရာမ ပြောသည့်အတိုင်းပင် စွပ်စွဲပြီး မထိတထိကလိ ထားသော စာဖြစ်ပါသည်။ "ဒါ မနာလိုတဲ့သူက လုပ်တာ ဖြစ်မှာပါ၊ စိုးရိမ်စိတ်မနေပါနဲ့ ဆရာမရယ်၊ ပုံမှန်ကိုယ့်တာဝန်ကိုယ် ထမ်းသွား ကြရုံ ပြီးတာပါပဲ"ဟု ကျွန်တော်က ပြောပြ နှစ်သိမ့်သဖြင့် ကျေနပ်ပြုံးသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


လှည်းကူးမြို့ကို ဗဟိုပြု၍ ဖွင့်လှစ်ခဲ့သော နွေရာသီသင်တန်းကို ၁၉၅၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် အောင်မြင်စွာဖြင့် စခန်းသိမ်းပွဲ ကျင်းပနိုင်ခဲ့ပါသည်။

၁။ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများကို တစ်ယောက်လျှင် သက္ကလပ်ပိတ်ထူ ၂ ကိုက်၊ ရိုးရိုးပိတ်ဖြူ ၂ ကိုက်စီနှင့် ဂုဏ်ထူးဆောင်လက်မှတ်များဖြင့် ချီးမြှင့်ပါသည်။

၂။ သက်ကြီးသင်တန်းသား (ကျား) များကို စွပ်ကျယ် ၂ ထည်၊ လုံချည် ၂ ထည်ဖြင့် လည်းကောင်း၊ အမျိုးသမီးများကို ဖလန်ထည် ၂ ကိုက်စီဖြင့် လည်းကောင်း။

၃။ သက်လတ်အမျိုးသားအား အကျႌစပိတ်ဖြူ ၄ ကိုက်စီ၊ သက်လတ်အမျိုးသမီးများအား ဖလန်ထည် ၂ ကိုက်စီ၊ သက်ငယ်အမျိုးသမီးများအား လုံချည် ၁ ထည်စီဖြင့် အသီးသီးချီးမြှင့်ပေးပါသည်။

၄။ သင်တန်း ဆရာ၊ ဆရာမများ နေထိုင်ရန် သင်တန်းအဖြစ် အသုံးပြုခွင့်ပေးသူ စေတနာရှင်အိမ်ရှင်များအား ဆွယ်တာ ၁ထည်နှင့် လုံချည် ၁ထည်စီ ချီးမြှင့်ပါသည်။

စခန်းသိမ်းပွဲသို့ လူထုပညာရေးကောင်စီဝင်များ ဖြစ်ကြသော ပြန်ကြားရေးဌာန ဝန်ကြီး ဦးထွန်းဝင်းနှင့် ချင်းဝိသေသတိုင်းဝန်ကြီး ဦးရှိန်ထန်းတို့ ကိုယ်တိုင်တက်ရောက် မိန့်ခွန်းပြောကြားပြီး စခန်းသိမ်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

နောင်နှစ်တွင်လည်း မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ပေါင်း (၂၀)တွင် အလားတူ သက်ကြီးစာမတတ်သူပပျောက်ရေး နွေရာသီသင်တန်းများကို လှည်းကူးသင်တန်းများကဲ့သို့ ဖွင့်လှစ်သင်ကြားနိုင်သဖြင့် သက်ကြီး အသုံးလုံးသင်တန်းများတွင် သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



သားပေါင်း ၂ သောင်းနီးပါး တက်ရောက်သင်ကြားသဖြင့် အရေး အဖတ် အတွက် တတ်မြောက်သွားကြသည်။

တတိယအကြိမ် နွေရာသီသင်တန်းများကို ပဲခူးတိုင်း ရှမ်းတိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အသီးသီး ဖွင့်လှစ်သင်ကြားခဲ့သဖြင့် "အ" သုံးလုံး သက်ကြီးသက်လတ် သင်တန်းသား၊သူ စုစုပေါင်း ၃၆၀၀၀၀ စာတတ်မြောက်သွားကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ စာတတ်မြောက်သူ ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းရှိကြောင်းသိရပါသည်။

## အသံလွှင့်ဇာတ်လမ်း

သက်ကြီးစာမတတ်သူပပျောက်ရေး နွေရာသီသင်တန်းများ အောင်မြင်မှုများကို အခြေခံ၍ ကျေးလက်ပြုပြင်ရေး၊ ကျေးလက်သန့်ရှင်းရေး၊ ကျေးလက်ကျန်းမာရေးတို့ ပါဝင်သောဇာတ်လမ်းများကို မြန်မာ့အသံမှ တစ်လလျှင်နှစ်ကြိမ်ခန့် လွှင့်ထုတ်ပေးခဲ့ပါသည်။

စာရေးသူသည် လူထုပညာသင်တန်းတက်စဉ်အချိန်ကစ၍ သင်တန်းမှာ တက်တက်ကြွကြွ မခိုမကပ် အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း၊ သင်တန်းမှာ ဗလ ငါးတန် ပြဇာတ်ကစဉ် ဗလ ငါးတန် မင်းသားအဖြစ် ကပြခဲ့ခြင်း၊ သင်တန်းမှာ သင်တန်းပိုင် လျှပ်စစ်မီးစက်သုံးစွဲ၍ မီးပေးရာတွင် စက်နှင့်လျှပ်စစ်မီးလိုင်းတို့ တာဝန်ခံ ဆောင်ရွက်ပေးခဲ့ခြင်းတို့ကြောင့် ရေဒီယိုဇာတ်လမ်းများကို သင်ကြားပြသဇာတ်တိုက်ပေးသော ဆရာဦးတင်မောင်နှင့် ဆရာဦးအေးမောင်၊ သင်တန်းမှူး ဆရာကြီးဦးသန်းမောင်တို့က နှစ်သက်စိတ်ကျပြီး ရွေးချယ်စေခိုင်းမှုကြောင့် ဇာတ်လမ်းတိုင်းမှာ ပါဝင်သရုပ်ဆောင်ပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်မည်မှုကောင်း မကောင်းတော့ ကိုယ်တိုင် မသိပါ။ ဇာတ်လမ်းတွင်ပါဝင်သော လူထုပညာသိချင်းကိုဆို၍ အသံလွှင့်ခဲ့ဖူးရာ စာရေးသူအသံကို ရေဒီယိုထဲတွင် နားထောင်ပြီး သဘောကျနေသော ဆရာမတစ်ဦးက လူကိုယ်တိုင်တွေ့သည့်အခါ "ရေဒီယိုဇာတ်လမ်း နားထောင်တုန်းက လူကိုတွေ့ရင် လက်ဖက်ရည် တိုက်မယ် စိတ်ကူးထားတာ ခုတော့ အာပြဲကြီးနဲ့အော်တဲ့ အသံ ကြားပြီး စိတ်ကုန်သွားတယ်" ဟု ဩဘာပေးဖူးသည်။

## စံပြကျေးရွာ စီမံကိန်း

စံပြကျေးရွာ စီမံကိန်း၏အစ ထောက်ကြန့်ကဟု ဆိုလောက် ပါသည်။ ယင်းထောက်ကြန့်ကျေးရွာသည် အင်းစိန်မြို့နယ်မှ ရွာ တစ်ရွာဖြစ်ပြီး ရန်ကုန်မြို့မှ (၂၂) မိုင် ဝေးကွာသော ပြည်လမ်းနှင့် မန္တလေးလမ်းဆုံရာမှာ တည်ရှိသည်။

၎င်းရွာသည် မူလက အိမ်ခြေ (၇၀) သာရှိပါသည်။ ၁၉၅၁ ခုနှစ်တစ်ဝိုက်တွင် သောင်းကျန်းသူများ၏ အန္တရာယ်ကြောင့် ရွာနီး ချုပ်စပ်မှလူများ ပြောင်းရွှေ့လာရောက် ခိုလှုံကြသဖြင့် ရွာ၏ လူဦးရေသည် (၄)ဆခန့် တိုးပွားလာပါသည်။

မူလကပင် ရွာကို အလျဉ်းသင့်သူချင်း စုပေါင်းနေထိုင်ကာ ဆောက်လုပ်ထားသောအိမ်များမှာ ဟိုတစ်စု သည်တစ်စု ရှိနေပြီး ရွာလယ်လမ်းမကြီး တစ်လမ်းနှင့် ဖြတ်လမ်းတိုသာရှိ၍ နောက်ဖေး လမ်းကြားလုံးဝမရှိပါ။ သောင်းကျန်းမှု ဒုက္ခသည်များ ဖြစ်သလို ဝင်ရောက်နေထိုင်လာကြသဖြင့် မီးဘေးအန္တရာယ်၊ ကျန်းမာရေး အန္တရာယ်၊ ရေကောင်းရေသန့်ရရှိရေး အခက်အခဲများ ပေါ်ဆင့် ပေါ်ပေါက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်ဝယ် လူထုပညာရေးမှူး (၃) ယောက်သည် ဤရွာသို့ ရောက်ရှိလာပါသည်။ စံပြကျေးရွာ ဖြစ်မြောက်ရေးအတွက် ပထမဦးဆုံး ဦးဆောင်ခဲ့သော မှူးဦးရေမွှေး၏အမည်ကို ဤနေရာတွင် မှတ်တမ်းတင် ဖော်ပြရပါသည်။

ဖြစ်သလို ဆောက်လုပ်နေထိုင်ကြသော နေအိမ်များကို စနစ်တကျ အတန်းဖော် အိမ်မြေကွက်များ ညီအောင်ညှိ၍ လက်ရှိနေအိမ်များ ရွှေ့ပြောင်းရေးကိစ္စသည် မလွယ်ကူပါ။ တာဝန်ကားမသေးလှပါ။ အလွှာအသီးသီးကို နည်းမျိုးစုံဖြင့် ချဉ်းကပ်ပြီး စည်းရုံးဟောပြောဆွေးနွေးသဖြင့် စံပြကျေးရွာတည်ဆောက်ရန် သဘောတူကြပါသည်။ စံပြကျေးရွာတည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး စတင်ဆောင်ရွက်ပါသည်။

ထောက်ကြန့်ကျေးရွာသည် စစ်ဘက်ပိုင်မြေကွက်ပေါ်တွင် တည်ဆောက်ထားသဖြင့် အရပ်ဘက်အရာရှိများ၊ ရဲဘက်မှအရာရှိများနှင့် စံပြကျေးရွာတည်ဆောက်ရေးအဖွဲ့တို့ ပူးပေါင်းပြီး စစ်ဘက်အာဏာပိုင်များနှင့် တင်ပြဆွေးနွေးမေတ္တာရပ်ခံသဖြင့် အာဏာပိုင်များဘက်က သဘောတူခွင့်ပြုပြီး စံပြကျေးရွာတည်ဆောက်ခွင့်ပေးလိုက်ပါသည်။

မြေတိုင်းဌာနမှ ကျွမ်းကျင်သူများ၏ အကူအညီကိုတောင်းခံပြီး အနံ ၃၅ ပေ၊ အလျားပေ ၅၀ ကျယ်ဝန်းသောမြေကွက်များရိုက်ပြီး ရွာပန္နက်ရိုက် အကွက်ချပါသည်။ ရွာလမ်းများကို ပေ ၃၀ အကျယ်ထားပါသည်။ နောက်ဖေးလမ်းကြား ၁၀ ပေထားပါသည်။ အိမ်တစ်အိမ်မှာ အိမ်ရှေ့ပန်းခြံအတွက် (၅) ပေ၊ နောက်ဖေးဟင်းသီးဟင်းရွက်စိုက်ခင်းအတွက် (၁၀) ပေ အကျယ်သတ်မှတ်၍ အိမ်များကို ဆောက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာဟောင်းမှ အိမ်ကြီးအိမ်ကောင်းများကို မဖျက်ဘဲ ရွှေ့မည့်နေရာသို့ တိုင်များ လမ်းကြောင်းကိုမြေပြောင်းများတူးခြင်း၊ မော်တော်ကားချိုင့်ကဲ့သို့ မ,တင်သည့် ဒုံးကလားများဖြင့် အဆင့်ဆင့် မ,တင်ပြီး ဒလိမ့်တုံးများသုံး၍ လူအားဖြင့် ရွှေ့ပြောင်း ကြပါသည်။

ဤကဲ့သို့ အိမ်များရွှေ့ပြောင်းတည်ဆောက်ရာတွင် ကျေးရွာလူထုသည် ကုန်ကျမည့် စရိတ်များကို ရသည့်နည်းဖြင့် ကြိုးစားရှာဖွေ အကုန်ခံသည့်အပြင် ချို့တဲ့သူများကိုလည်း ဝိုင်းဝန်း ထောက်ပံ့ကြသည်မှာ ထောက်ကြန့်ရွာလူထု၏ စည်းလုံးညီညွတ်မှုကို စံပြုထိုက်ပါသည်။

သွပ်၊ သံ၊ ဘိလပ်မြေများကိုလည်း အိုးအိမ်ပြန်လည် ထူထောင်ရေးအဖွဲ့မှ ချိုသာသောဈေးနှုန်းများဖြင့် ရောင်းချကူညီ ပေးပါသည်။ အီးစီအေအဖွဲ့ကလည်း ချိုးဖြူပိုက်မှရေကို ပိုက်များ ဆက်သွယ်၍ အိမ် (၆) အိမ်လျှင် ရေတိုင်တစ်တိုင် စိုက်ထူပေးပါ သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျေးရွာရေရရှိရေးအဖွဲ့က လည်း အဝီစိတွင်းများတူးပေးပါသည်။ ယင်လုံတွင်းနက်အိမ်သာ များအတွက် ခြေနင်းကျောက်ပြားများကို အခမဲ့ဝေငှပေးပါသည်။

ထောက်ကြန့်စံပြကျေးရွာသည် လူထုပညာရေးမှုးများ ဖွဲ့ဆော်ဦး လက်စွမ်းပြသော စံပြကျေးရွာဖြစ်ပါသည်။ နောက်ပိုင်း တွင် အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့၊ မြို့ပြကျေးလက်ဖွံ့ဖြိုးရေး အဖွဲ့တို့နှင့် လူထုပညာရေးကောင်စီတို့ ပူးပေါင်းကာ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်များတွင် စံပြ ကျေးရွာပေါင်း (၅၂) ရွာအထိ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

## ကျေးလက်သာယာဖွံ့ဖြိုးရေး

ကျေးလက်သာယာဖွံ့ဖြိုးရေးစီမံကိန်းတွင် ဦးတည်ချက် လေးရပ် ပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


၁။ ပထမဦးတည်ချက် ဘုန်းတော်ကြီးကျောင်းပညာ သင်ကြားရေး၊
၂။ ဒုတိယ သက်ကြီးစာမတတ်သူ ပပျောက်ရေးနှင့်နွေရာသီလူထု ပညာရေးသင်တန်းစခန်း၊
၃။ တတိယ ကျေးရွာရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊
၄။ စတုတ္ထ အိုးအိမ်နှင့်စံပြကျေးရွာများ တည်ဆောက်ရေး။

ယင်းဦးတည်ချက် လေးရပ်အနက် ပထမနှင့်ဒုတိယ ဦးတည်ချက် ၂ ရပ်ကို လူထုပညာရေးကောင်စီမှ လုံးဝတာဝန်ယူရပါသည်။

တတိယဦးတည်ချက်ကို ကျေးရွာရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနနှင့် လူထုပညာတို့ ပူးပေါင်းတာဝန်ယူရပါသည်။ စတုတ္ထဦးတည်ချက်ကို အိုးအိမ်ပြန်လည်ထူထောင်ရေးဌာနနှင့် လူထုပညာတို့ ပူးတွဲတာဝန်ယူရပါသည်။

အခြေခံကျန်းမာရေးဗဟုသုတ ခေါင်းပါးမှုကြောင့် ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါ၊ ပုလိပ်ရောဂါ ဝမ်းကိုက် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ကျောက်ရောဂါ စသည်တို့ဖြင့် မသေသင့်ဘဲ လူပေါင်းထောင်ချီ၍ သေဆုံးခဲ့ကြရပါသည်။ ကျေးရွာရေရရှိရေးနှင့်သန့်ရှင်းရေးအဖွဲ့သည် ထိုရောဂါများ ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအတွက် ရေတွင်းရေကန်များ ပြုပြင်တူးဖော်ရေး၊ အဝီစိရေတွင်းများ တူးဖော်ပြီး ရေတိုကင်လက်နှိပ်ပန့်များ တပ်ဆင်ခြင်း၊ လေမှုတ်စက်များ တပ်ဆင်အသုံးပြုခြင်းတို့ဖြင့် ရေကောင်းရေသန့်သောက်သုံးရေရရှိရေး အညစ်အကြေး အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ရေး၊ တွင်းနက်ယင်လုံအိမ်သာများ တည်ဆောက်အသုံးပြုရေးတို့ကို လူထုပညာရေးမှူးများနှင့် တွဲဖက်၍ ဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါလုပ်ငန်းများကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရေး အတွက် လူထုပညာရေးမှူး (၃၈)ဦးတို့အား စာတွေ့လက်တွေ့ သင်တန်းကို တက်ရောက်သင်ကြားရန် တာဝန်ပေးခဲ့ပါသည်။ သင်ကြားရသောဘာသာရပ်များမှာ

(က) မြေမျက်နှာပြင်နှင့် မြေအောက်ရေအကြောင်း၊

(ခ) စမ်းရေနှင့် ရေတိမ်တွင်းများ၊ တွင်းနက်များအကြောင်း၊

(ဂ) ရေ၏သန့်ရှင်းမှုအခြေအနေကို စမ်းသပ်နည်း၊

(ဃ) ရေထဲ၌ပါသော ရောဂါပိုးများအကြောင်းနှင့် ရေကိုသန့် ရှင်းအောင်ပြုပြင်နည်း၊

(င) ယင်လုံတွင်းနက်အိမ်သာပုံစံနှင့် ဆောက်လုပ်နည်း၊

(စ) ရေအောက်ဘူမိဗေဒအကြောင်းတို့ ဖြစ်ပါသည်။

အဆိုပါဘာသာရပ်များကို ဆေးနှင့်ကျန်းမာရေး ဒုတိယ မင်းကြီး ဒေါက်တာဦးလတ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာ ဆူဇီ၊ မစ္စတာရှစ်ပ်၊ မစ္စတာ ဖီးလ်ဟိတ်တို့က ချော်တွင်းကုန်း လူထုပညာ သင်တန်းတွင် သင်ကြားပို့ချပေးပါသည်။

ရေအောက်ဘူမိဗေဒအကြောင်းကို ဘူမိဗေဒပါမောက္ခ ဒေါက်တာသာလှက ရန်ကုန်တက္ကသိုလ် သိပ္ပံသင်တန်းဆောင် အပေါ်ထပ်တွင် မြေပုံကားချပ်များ၊ ရုပ်သေဆလိုက်များဖြင့် ရှင်းလင်းပြသပို့ချပေးပါသည်။

ထိုသင်တန်းဆင်း ပ/မှူးများအား အဖွဲ့ခွဲ၍ ထောက်ကြန့် ကျေးရွာနှင့် လှည်းကူးမြို့နယ် ဒရယ်ဘိုကျေးရွာတို့ကို အခြေစိုက် စခန်းထား၍ အဝီစိတွင်းတူးဖော်ခြင်း၊ တွင်းနက်အိမ်သာတူးဖော် အသုံးပြုခြင်းတို့ကို တာဝန်ချထားပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်ပြီးသူ မှူး (၃၈)ဦးအား ကျေးရွာရေရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီးနောက် အင်းစိန်ခရိုင်၊ သာယာဝတီခရိုင်၊ ပဲခူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## လူသစ်ဖန်တီးရေးစီမံကိန်း

"လူသစ်တည်၍ ပြည်သစ်ဆောက်အံ့" ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ကျေးရွာ အသီးသီးသို့ ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော မှူးများသည် သင်တန်းမှ သင်ကြားပို့ချပေးလိုက်သော ကျေးလက်လူထု၏ နိမ့်ကျနေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပေါင်းသင်း ဆက်ဆံရေးများကို မြှင့်တင်ပေးခြင်းအပြင် ပြဿနာအရပ်ရပ်ကို တတ်အားသမျှ ကူညီဖြေရှင်းပေးကြရပါသည်။ လူထုပညာရေး ကောင်စီမှ ပြသည့်ကြားချက်လုပ်ငန်းများနှင့်မတူ တစ်မူထူးခြား ကာ လူသစ်ဖန်တီးရမည့် လူတန်းစားတစ်ရပ်ကို အမှတ်ထင်ထင် တွေ့ရှိရပါသည်။ ထိုလူတန်းစားတစ်ရပ်မှာ ကယ်ပါ၊ စဏ္ဍာလ၊ သူတောင်းစားများပင်ဖြစ်သည်။ ထိုသူတို့၏အလွန်နိမ့်ကျသော ဘဝကို မြှင့်တင်ပေးရေးနှင့် ဘဝလွတ်မြောက်၍ လူသစ် စိတ်သစ် ဘဝသစ် ပြုပြင်ပြောင်းလဲရေးမှာ စိတ်ကူးလွယ်သလောက် လက်တွေ့မှာ အလွန်ခက်ခဲပါသည်။

ကယ်ပါ၊ စဏ္ဍာလ၊ သူတောင်းစားရွာများကို လူတန်းစား မခွဲခြားဘဲ လူထဲကလူများအဖြစ် သဘောထား၍ သူတို့ရွာများတွင် ဝင်ပြီး ရောနှောဆက်ဆံပေါင်းသင်းကြည့်ပါသည်။ သူတို့ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



လည်း အနီးကပ်လေ့လာကြပါသည်။ သူတို့ဘဝပြုပြင်ရေးအတွက် စည်းရုံးပေါင်းသင်း ဆောင်ရွက်သောအခါ အောင်မြင်မှုလမ်းစ တွေ့ရှိလာပါသည်။ သူတို့ဘဝသည် သာမန်လူဆင်းရဲများ ဘဝထက် ပို၍ဆင်းရဲကြခြင်း၊ သာမန်ဆင်းရဲသားလူထုကြီးကပင် ဝိုင်းပယ်ထားခြင်းကို ခံရသူများဖြစ်ကြောင်းကိုလည်း တွေ့ရှိလာရပါသည်။

ကယ်ပါ၊ စဏ္ဍာလ၊ သူတောင်းစား လူတန်းစားများကို "မတို့ကောင်း၊ မထိကောင်း" သည့် လူတန်းစားများဖြစ်သည် ဟူသော အယူအဆ အစွဲအလမ်းမှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ မူလအယူအစွဲများမဟုတ်ပါ။ အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်တို့၏ အစွဲအလမ်းများမှ ကူးစက်ပြန့်ပွားလာခြင်း ဖြစ်ပါသည်။

ထိုလူတန်းစားတို့၏ သမိုင်းကြောင်းမှာ အလွန်ရှေးကျ၍ ရှည်လျားလှပါသည်။ အမှန်မှာ အိန္ဒိယနိုင်ငံကြီးတွင် (၁) ခတ္တိယမျိုး -(ရှင်ဘုရင်မျိုး)၊ (၂) ဗြဟ္မဏ - ပညာရှိမျိုး (ပုဏ္ဏားမျိုး) (၃) ဝဿ တုန်သွယ် လယ်လုပ်မျိုး၊ (၄) သုဒ္ဒိယ ကျွန်မျိုး ဟူ၍ လူမျိုးကြီးများ ခွဲခြားသတ်မှတ်၍ ဇာတ်မြင့်၊ ဇာတ်နိမ့် ခွဲခြားသတ်မှတ်ခဲ့ရာမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

စဏ္ဍာလ ဟူသော ဝေါဟာရကား မူလမူရင်း အဓိပ္ပာယ်မှာ အလုပ်ကြမ်းသမားဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ပန်းပဲစသည့်အလုပ်ကြမ်းသမားများ၊ ရထားလှည်းတို့လုပ်ကိုင်သော လက်သမားများ၊ တံငါမုဆိုးများ၊ ပန်း၊ အမှိုက်သွန် တံမြက်လှဲ စသော သန့်ရှင်းရေးသမားများ၊ ဝါးခုတ်၊ ဝါးခွဲ၊ နှီးထိုး ဖျာရက်အလုပ်သမားများအား ထိုဝေါဟာရ "စဏ္ဍာလ" ဟုခေါ်ကြောင်း ဇာတ်နိပါတ် အပဏ္ဏကဇာတ်အဋ္ဌကထာ၌ ထင်ရှားရှိပါသည်။

သို့သော် အတ္တဝါဒ အယူအဆ အစွဲအလမ်းတို့လွှမ်းမိုးမှုကြောင့် အလုပ်ကြမ်းသမားဟူသော မူလအဓိပ္ပာယ်ပျောက်၍

www.burmeseclassic.com

www.burmeseclassic.com



သူကောင်ထမ်း၊ တွင်းတူး၊ သူသေကိုင်အလုပ်ကို လုပ်ကိုင်ကြသူများအား သူယုတ်၊ "စဏ္ဍာလ" ဟူသော အမည်ဖြင့် ခေါ်ဝေါ်လာကြခြင်းဖြစ်ပါသည်။ ထိုလူတန်းစားများအား သာမန်လူတန်းစားထဲတွင် မထည့်သွင်းတော့ဘဲ မြို့ပြင်ရွာပြင် သုသာန်များသို့ ဖယ်ထုတ်နေထိုင်စေခဲ့ကြပါသည်။

## ဘုရားကျွန် ကျောင်းကျွန် ကယ်ပါ သူတောင်းစားများ

မြန်မာနိုင်ငံတော်တွင် ပုဂံခေတ်ဦးကပင် ရှင်ဘုရင်များ၊ မှူးမတ်များ၊ သူဌေး၊ သူကြွယ်များသည် ဘုရားများ၊ ကျောင်းများလှူဒါန်းသောအခါ မိမိတို့၏ တပည့်ကျေးကျွန်များကို ထိုဘုရားကျောင်းများတွင် ဝေယျာဝစ္စလုပ်ရန် ထိန်းသိမ်းစောင့်ရှောက်ရန် ထည့်သွင်းလှူဒါန်းခဲ့ခြင်းကြောင့် ဘုရားကျွန် ကျောင်းကျွန်များ ဟူ၍ ခေါ်ဝေါ်လျက် စတင်ပေါ်ပေါက်လာကြောင်းကို သမိုင်းကျောက်စာများတွင် တွေ့ရှိရပါသည်။ ပုဂံခေတ်ဦးသမိုင်းကျောက်စာများအရ ဘုရားများ ကျောင်းများကို အလုပ်အကျွေးပြုရန်အလို့ငှာ လယ်ယာမြေများနှင့်တကွ ထိုသူများလုပ်ကိုင်စားသောက်နိုင်ရန် ထည့်သွင်းလှူဒါန်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

နှစ်ကာလကြာရှည်လာသောအခါ ထိုလူတန်းစားများဦးရေတိုးပွားများပြားလာသဖြင့် သူတို့၏ ဘဝရပ်တည်မှု စားရေးသောက်ရေးမှာ မလောက်မင၊ မဝဖြစ်လာတော့၏။ ထိုအခါ အပြင်လောက လူထုထဲသို့ဝင်၍ အလုပ်အကိုင်လုပ်၍သော်မှမရ လူရာမသွင်းဝိုင်းပယ်၍ထားသော ယုတ်ညံ့သောလူတန်းစားဘဝသို့ ရောက်ရှိ၍လာကြပါသည်။ ထို့ကြောင့် ဘုရားကျောင်းကန်များ

www.burmeseclassic.com


အနီးတွင် ဆွမ်းတော်စွန့်သော ဆွမ်းတော်တင်ပွဲကျများကို ယူ၍ စားသောက်ကြခြင်း၊ တောင်းရမ်းစားသောက်ခဲ့ကြရာမှ သူတောင်းစားဘဝသို့ ရောက်ရှိလာကြရပါသည်။

ထိုသူတောင်းစား၊ ကယ်ပါ၊ စဏ္ဍာလ လူတန်းစားများဘဝ လွတ်မြောက်ရေး၊ လူသစ်ဖန်တီးရေးလုပ်ငန်းမှာ လူထုပညာရေးမှူးများ တစ်ဦးချင်း ပြုပြင်ရုံမျှဖြင့် အောင်မြင်မှုအပြည့်အဝမရရှိနိုင်ပါ။ လူထုပညာရေးကောင်စီသို့ တင်ပြကြရပါသည်။

“လူထုပညာရေးကောင်စီနှင့် ကယ်ပါဘဝလွတ်မြောက်ရေး”

လူ့သတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို တည်တန့်အောင် ထိန်းသိမ်းနိုင်ရန်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို လေးစားလိုက်နာ ကျင့်သုံးရပေမည်။ လောကပါလတရားများကို လေးစားလိုက်နာကျင့်သုံးရာမှာလည်း အနိမ့်အမြင့်လူတန်းစားခွဲခြားမှု ရှိနေသမျှ ကာလပတ်လုံး ဖြစ်နိုင်ဖွယ်မရှိပေ။

ကုလသမဂ္ဂအဖွဲ့ကြီးက လူအားလုံးသည် ဥပဒေအရ တန်းတူဖြစ်၍ အတန်းအစားခွဲခြားခြင်း မရှိစေဘဲ ဥပဒေအကာအကွယ်ကို အညီအမျှခံစားနိုင်သည့် အခွင့်အရေးရှိသည်။ ဤကြေညာချက်ကို ဖောက်ဖျက်သည့် အတန်းအစားခွဲခြားမှုနှင့် ထိုကဲ့သို့ အတန်းအစားခွဲခြားရန် လှုံ့ဆော်ခြင်း၏ ဘေးမှလူတိုင်းမှာ ညီမျှသော ကာကွယ်မှုရှိသည်ဟု ပဋိညာဉ်ကြေညာချက်ကို ထုတ်ပြန်ထားပေသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင်လည်း ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမိန်းမ မရွေး၊ နိုင်ငံသားဟူသမျှသည် နိုင်ငံတော်၏ ဥပဒေအရာတွင် အညီအမျှသာဖြစ်သည်။ နိုင်ငံသားတစ်ဦးနှင့် တစ်ဦး သို့တည်းမဟုတ် နိုင်ငံသားလူတန်းစား၊ တစ်စားနှင့်တစ်စား တစ်ဖက်သတ် သဘောအတိုင်း ခွဲခြားခြင်းမပြုရ။ ပြည်သူ့ဝန်ထမ်း ဆိုင်ရာ ရာထူးတို့နှင့်လည်းကောင်း၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ် ရောင်းဝယ်မှု၊ စီးပွားရှာမှု၊ အတတ်ပညာနှင့် အသက်မွေးမြူမှုတို့ ၌လည်းကောင်း နိုင်ငံသားအားလုံးသည် ညီမျှသောအခွင့်အလမ်း ကို ရရှိမည်ဟူသော ပဋိဉာဉ်ကို အတိအလင်း ထည့်သွင်းထားပေ သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီးကလည်း လွတ်လပ်ရေးကြေညာစာတမ်းတွင်

ပြည်ထောင်စု မြန်မာနိုင်ငံသည် ယနေ့တွင် လွတ်လပ် သော မြန်မာနိုင်ငံတော်ဖြစ်သည်နှင့်အညီ တစ်ဦးကိုတစ်ဦး နှိပ်စက် ခြင်းမှစ၍ မကောင်းသော အလေ့ဆိုးများကို လုံးဝပယ်ဖျက်ရန် ကျွန်ုပ်အစိုးရက ရည်ရွယ်သည်။ ရာဇဝင်တွင် ရှေးရှေးသောအခါ မှစ၍ ရှေ့မင်းများအာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန် ကယ်ပါ သင်ချိ စသော လူတန်းစား အနှိမ်ခံရသူတို့လည်း ရှိနေကြသည်။ ဤကဲ့သို့ လူတန်းစား အနှိမ်ခံကြရရှာသော ဘုရားကျွန်၊ ကျောင်းကျွန် သင်ချိ စသည် တို့ကို ယနေ့မှစ၍ ရှေးအမင်းမင်းတို့၏ အာဏာစက်ကို ပယ်ဖျက် ၍ ထိုသူတို့၏ သဘောအတိုင်း လုပ်လိုသော အလုပ်မျိုးစုံတို့ကို လွတ်လပ်စွာ လုပ်ကိုင်ကြစေဟု အမိန့်ချမှတ်သည် ဟူသော အမိန့် ကို ထုတ်ပြန်ကြေညာခဲ့လေသည်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်ကပင် လူတန်းစားတစ်စား နှင့်တစ်စား ခွဲခြားခြင်းကို လုံးဝအလိုရှိတော်မမူခဲ့ပေ။ အသွေး

www.burmeseclassic.com

www.burmeseclassic.com



အရောင် ဇာတိကို အစွဲပြု၍သော်လည်းကောင်း၊ အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းကိုလည်းကောင်း၊ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားထားမှုကိုလည်းကောင်း ယုတ်သောသူ မြတ်သောသူဟူ၍ ခွဲခြားနိုင်သည်ဟု မခွဲခြားသင့်ကြောင်း၊ ယုတ်သောအကျင့် မြတ်သောအကျင့်ကို သာလျှင် အစွဲပြု၍သာလျှင် ယုတ်သောသူ မြတ်သောသူဟူ၍ မဇ္ဈိမပဏ္ဍာသပြဟ္မဏာနှင့် အဿလာယန ပုဏ္ဏားလုလင်အား လည်းကောင်း သုတ်သီလက္ခန် သောဏဒဏ္ဍ သုတ်၌ သောဏဒဏ္ဍ ပုဏ္ဏားတို့အား ဟောကြားတော်မူခဲ့လေသည်။

ဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားမှုအစွဲအလမ်းမှ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူပြဟ္မဏတို့၏ ဝါဒမှ ကူးစက်ပြန့်ပွားလာခြင်းဖြစ်ပေသည်။

နိမ့်ကျသော လူတန်းစားတစ်ရပ်ဟူ၍ ကျင့်သုံးနေခြင်းအား ဖြင့် နိုင်ငံတော်၏ အင်အားများကို လျော့ပါးဆုတ်ယုတ်စေရန် ခွဲထုတ်ပယ်ရှားမှုလည်း ဖြစ်နေပေသည်။

နှစ်သောင်းကျော်ရှိသော ထိုလူများသည် သာမန်လူတန်း စားများနှင့် အခွင့်အရေးတန်းတူမရရှိဘဲ ပေါင်းစည်းနေထိုင် လုပ်ကိုင်စားသောက်ခွင့်မရကြပါ။ လက်ဝေခံဘဝဖြင့်သာ နေထိုင်ရ သူများဖြစ်သည့်အတိုင်း ၎င်းတို့၏အကြံအား ဉာဏ်အား လုပ်အား တို့ကို နိုင်ငံတော်က ဆုံးရှုံးလျက်ရှိနေပေသည်။ ထိုသူများအတွက် ပြည်သူလူထုကြီး၏ ပခုံးပေါ်မှာ တာဝန် ဝန်ထုပ် ဝန်ပိုးစီးလျက် ရှိနေပေသည်။

အထက်ပါအကြောင်းအချက်များကြောင့် မြန်မာနိုင်ငံတွင် အမျိုးအနွယ် အလုပ်အကိုင်တို့ကို အကြောင်းပြု၍ မသက်ဆိုင် ထိုက်သော လူတန်းစားများဟု တည်ရှိနေခြင်းကို ပြုပြင်ပြောင်းလဲ ပစ်ရန် လိုအပ်နေကြောင်း ထင်ရှားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အဖြစ်ဖြင့် သုသာန်ကျင်းတူးခြင်း၊ လူသေအလောင်းကိုင်တွယ်ခြင်း မီးသဂြိုဟ်ခြင်းတို့လုပ်ကိုင်သူများ လုံးဝပျောက်ကွယ်သွားစေရမည် ဟု ဆိုလိုရင်းမဟုတ်ပါ။

အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမနီစသောနိုင်ငံကြီး များတွင်လည်း ထိုအလုပ်ဖြင့် အသက်မွေးသူများ ရှိနေကြ၏။ ထိုနိုင်ငံကြီးများတွင် ထိုအလုပ်ကို လုပ်ကိုင်သူများအား လူတန်းစား တစ်ရပ်ခွဲခြားခြင်းမရှိဘဲ လူထုထဲတွင် ဝင်ထွက်သွားလာ ဆက်ဆံ ခြင်း၊ စားသောက်ဆိုင်များမှာလည်း အတူစားသောက်နေကြခြင်း တို့ကို သတိပြုလေ့လာသင့်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ အချို့သော မြို့ရွာကျေးလက်များတွင် စဏ္ဍာလဟူ၍ သီးခြားမရှိပါ။ မိမိတို့ ရပ်ရွာသူ ရပ်ရွာသားများ သေဆုံးကြသောအခါ၊ ဆွေမျိုးအပေါင်း အသင်းများက သေသူကို ရေချိုးသန့်စင်ပေးခြင်း၊ အသုဘကို တင့်တယ်စေရန် ပြင်ဆင်ပေးခြင်း၊ ပျဉ်ပုတ်များဝယ်၍ ခေါင်းများ ဝိုင်းဝန်းလုပ်ပေးခြင်း၊ အသုဘချသောအခါ အချို့ဒေသတွင် အလောင်းစင်ကို ဝိုင်းထမ်းပြီး သုသာန်သို့ပို့ဆောင်ကြခြင်း၊ မြေမြှုပ် ရန် မြေကျင်းကို ဝိုင်းဝန်းတူးကြပြီး အလောင်းကို မြေမြှုပ်သဂြိုဟ် ခြင်းတို့ကို အရပ်သူအရပ်သားများ ဝိုင်းကူလုပ်သော ဓလေ့မှာ ယနေ့ထိရှိနေသေးပါသည်။ မီးသဂြိုဟ်သော ကိစ္စတွင်လည်း ထိုသို့ပင် ဝိုင်းဝန်းလုပ်ကြသော ဓလေ့လည်းရှိပါသည်။ ထိုသို့လုပ်သူ များကို နိမ့်ကျသူများဟု မည်သူကမျှ မသတ်မှတ် မယူဆကြပါ။ ရပ်ရေးရွာရေးမှာ တက်ညီလက်ညီ လုပ်ကြသူများဟု ဂုဏ်ယူ သတ်မှတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း ဒါနအမှုများ ထွန်းကားနေသော ကျွန်ုပ်တို့၏ နိုင်ငံတော်တွင် အခြေအနေအရ ခိုကိုးရာမဲ့ ဒုက္ခိတ တောင်းစားသူများ လုံးဝပပျောက်သွားစေရန်မှာ လွယ်ကူလှမည်မဟုတ်ပေ။

ယခု စီမံကိန်းမှာ ကယ်ပါ၊ စဏ္ဍာလ၊ သူတောင်းစားစသော လောကပညတ်အားဖြင့် နိမ့်ကျသော လူတန်းစားဟု ခွဲခြားသတ်မှတ်နေသော အယူဝါဒအစွဲကို ပပျောက်စေရန်အတွက် ထိုသူများကို အခြားလူထုကြီးနှင့်မခြား တစ်တန်းစားတည်းဖြစ်လာပြီး အများနှင့်ရော၍ နေထိုင်စားသောက်လာစေရန် ပြုပြင်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

"လူသစ်တည်၍ ပြည်သစ်ဆောက်အံ့" ဟူသော ကြွေးကြော်သံဖြင့် ကျေးလက်ဖွံ့ဖြိုးရေး တိုးတက်ရေးနှင့် လူတန်းစားခွဲခြားမှုတို့ပပျောက်ရေးအတွက် ရေးရှူဆောင်ရွက်လျက်ရှိသော (သာသနာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန)၏ လက်အောက်ခံ လူထုပညာရေးကောင်စီ၏ တာဝန်ဖြစ်ပါသည်။

ထိုအချိန်မှာ လူထုပညာရေးကောင်စီအား ပညာရေးဝန်ကြီးဌာနလက်အောက်မှ သာသနာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနဝန်ကြီးဦးဘစော၏ လက်အောက်သို့ ပြောင်းရွှေ့ထားသော ကာလဖြစ်ပါသည်။

ထို့ကြောင့် ကောင်စီအတွင်းရေးမှူး ဦးအောင်မင်းနှင့် အုပ်ချုပ်ရေးမှူး ဦးဘဝမ်းတို့သည် ဝန်ကြီးရုံးသို့ သွားရောက်၍ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရေးကိစ္စကို ဝန်ကြီးဦးဘစောအား ရှင်းလင်းတင်ပြအစီရင်ခံကြပါသည်။

ဝန်ကြီးဦးဘစောက "၁၉၃၀ ခုနှစ်လောက်က မိလ္လာသိမ်းကုလားတစ်ယောက်အမှုတွင် လျှောက်လွှာစာရေးတစ်ယောက်က

www.burmeseclassic.com



တူညီပေးသောကြောင့် အမှုမှာ ပြေလည်သွားသဖြင့် ကျေးဇူးဆပ်လို၍ စဒါဗရာနို့ခဲမုန့် ပြုလုပ်ပြီး ကန်တော့ရာ လျှောက်လွှာစာရေးက စားသောက်ကြောင်း။ ထိုသတင်းသည် မြို့ထဲသို့ပျံ့နှံ့သွားရာ မြို့လူထုက ထိုလျှောက်လွှာစာရေးကို ကဲ့ရဲ့ပြောဆိုကြပြီး အဆက်အသွယ်ဖြတ်ကြကြောင်း ထိုသတင်းကို (K.S.M)ဘွဲ့ရ ကျောက်ဖြူအရေးပိုင် ကြီး ဦးမြထွန်းအောင်က ကြားသိရာ မြို့ပေါ်ရှိ လူကုံထံသူဌေးများကိုလည်းကောင်း၊ လျှောက်လွှာစာရေးနှင့် မိလ္လာသိမ်းကုလားကိုလည်းကောင်း ဖိတ်ကြားပြီး၊ စားကောင်းသောက်ဖွယ်စုံလင်စွာဖြင့် ထမင်းစားပွဲကြီးဖြင့် ဧည့်ခံကျွေးမွေးပါသည်။ အရေးပိုင်ကြီးကိုယ်တိုင်လည်း အတူဝင်ရောက်စားသောက်ပါကြောင်း၊ ထိုအခါမှစ၍ လျှောက်လွှာစာရေးကိုလည်း လူအများက ပြန်လည်ဆက်ဆံပေါင်းသင်းကြကြောင်း" တို့ကို ပြောပြပါသည်။

ထို့အပြင် "ရမ်းဗြဲသို့ ကယ်ပါများ တစ်နှစ်တစ်ကြိမ် လာရောက်တောင်းရမ်းလေ့ရှိကြောင်း။ ထိုကယ်ပါများသည် အိမ်တံစက်မြိတ်အပြင်မှာနေပြီး မျက်နှာအောက်ငုံ့လျက် ဆန်ခံသည့် ပန်းကန်လေးများဖြင့် တောင်းရမ်းကြကြောင်း။ မည်သူ့ကိုမှ ပြောဆိုဆက်ဆံမှုမပြုဝံ့ကြကြောင်း ထိုစဉ်ကစပြီး သူတို့ဘဝကို များစွာ ဂရုဏာသက်ခဲ့မိကြောင်း၊ ယခုကယ်ပါဘဝလွတ်မြောက်ရေး စီမံကိန်းကြီး လာရောက်တင်ပြသည့်အတွက် ဝမ်းသာရကြောင်း၊ ကျွန်တော်နိုင်ငံတော်အစိုးရအဖွဲ့အစည်းဝေးတွင် တင်ပြပြီး ခွင့်ပြုချက်ရအောင် ဆောင်ရွက်ပေးပါမည်" ဟု ဝန်ကြီးက ပြောဆိုခဲ့ပါသည်။ ပြောဆိုသည့်အတိုင်းလည်း အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကယ်ပါဘဝလွတ်မြောက်ရေးစီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

## ပထမအကြိမ်
## ကယ်ပါဘဝလွတ်မြောက်ရေး နှီးနှောဖလှယ်ပွဲ

ပထမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကယ်ပါများ၏ ဘဝလွတ်မြောက်ရေး နှီးနှောဖလှယ်ပွဲကို ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၂၉ ရက်မှ ၃၁ ရက်) နေ့အထိ (၃) ရက်ဆက်၍ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာရွာ၌ ကျင်းပနိုင်ခဲ့ပါသည်။

ထိုနှီးနှောဖလှယ်ပွဲကို လူထုပညာရေးကောင်စီမှ ဥက္ကဋ္ဌ လူမှုဝန်ထမ်းဌာနဝန်ကြီး ဦးဘစော ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ခဲ့ပါသည်။ လူထုပညာရေးကောင်စီမှ တာဝန်ခံအရာထမ်းများနှင့်အတူ လူထုပညာရေးမှူးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ဒေါက်တာဘားလ်ဆရာလည်း တက်ရောက်လေ့လာပါသည်။

အစိုးရအရာရှိကြီးများမှာ မကွေးတိုင်းမင်းကြီး ဦးအောင်မြင့်ကိုယ်တိုင် ကြီးမှူး၍ မင်းဘူးခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်များ၊ စစ်ဘက်မှ ဗိုလ်မှူးကြီးများ၊ ပါလီမန်အမတ်များ၊ အသင်းအဖွဲ့များမှ ခေါင်းဆောင်လူကြီးများ၊ သမဝါယမဌာန၊ တိရစ္ဆာန်ဆေးကုဌာန၊ စိုက်ပျိုးရေးဌာနများမှ အရာရှိကြီးများ ခရိုင်မီးသတ်အရာရှိ၊ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးမှူးများ



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ဌာနပေါင်းစုံမှ အမှုထမ်းအရာထမ်းများ ပေါင်းစုံ တက်ရောက်ကြပါသည်။

## ကယ်ပါကိုယ်စားလှယ်များ

ကယ်ပါကိုယ်စားလှယ်တော်များမှာ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ ဆင်ဖြူကျွန်း၊ စကု၊ မင်းဘူး၊ ရေနံချောင်း၊ မင်းလှ၊ ပခုက္ကူ၊ ရေစကြို၊ ပခန်းငယ်၊ မြစ်ချေး၊ အမရပူရ၊ ချောက်၊ ပုဂံ အစရှိသောမြို့နယ်များမှ ကိုယ်စားလှယ် (၆၂) ဦးနှင့် လေ့လာသူ (၂၀၀) ကျော်၊ စုစုပေါင်း (၃၀၀) တက်ရောက်ကြပါသည်။ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး တာဝန်များကို လူထုပညာရေးကောင်စီမှ တာဝန်ယူစီစဉ်ပေးပါသည်။

## ဆွေးနွေးချက်များ

ထိုနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးချက်များမှာ လွန်စွာစိတ်ဝင်စားဖွယ်ဖြစ်သည်နှင့်အမျှ အရေးပါအရာရောက်လှပေသည်။

အခက်အခဲ ပြဿနာများကို ဆွေးနွေးရာ၌ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအဖွဲ့ လေးဖွဲ့-ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူများကို အတိုင်ပင်ခံပုဂ္ဂိုလ်များအဖြစ် ထားရှိလျက် အခက်အခဲများ ပြေရာပြေကြောင်း ဆွေးနွေးအဖြေရှာဖွေကြပါသည်။

ကြုံကြိုက်ခဲလှသော အစိုးရဌာန တာဝန်ခံအသီးသီးတို့နှင့် ဤနှီးနှောဖလှယ်ပွဲတွင် စုံစုံညီညီ တွေ့ဆုံမေးမြန်းခွင့်ရရှိကြသည့်အပြင် ကယ်ပါလူထုအဖို့ မိမိတို့သိလိုသမျှ လိုအပ်သမျှ ရှင်းလင်းစွာ တင်ပြဆွေးနွေးခွင့်ရရှိကြသဖြင့် လွန်စွာစိတ်အားတက်ကြွ ထက်သန်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးအားဖြင့် သူတို့ဘဝကို စွန့်လွှတ်ပြီးနောက် သူတို့ စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ လူကောင်းများ ရပ်ကွက်တွင် ရောနှောနေထိုင်ခွင့်ရရှိရေး စသည်တို့ကို တင်ပြ ဆွေးနွေးကြသည်။ အစိုးရဌာနအသီးသီးမှ တာဝန်ခံများက လည်း သူတို့ပြုပြန်မှုအတွက် ရဲသား၊ စစ်သား၊ ဆေးရုံဝန်ထမ်း စသည်များကို ရရှိအောင် ကူညီမည့်အကြောင်း တာဝန်ခံကြပါ သည်။

နှီးနှောဖလှယ်ပွဲကို သုံးရက်တိုင်တိုင် ကျင်းပလျက်ပြုပြင် ရန် အချက်အလက်များကို အဖွဲ့ငယ်များတွင် ဆွေးနွေး၍ရရှိသော အချက်များကို ဆောင်ရွက်ရန် အစီအစဉ်များ ဆုံးဖြတ်ချက်ချမှတ် ကြပါသည်။ ကယ်ပါ လူကောင်းအားလုံးရောနှောရင်းနှီးဆုံစည်းမိ ရန် ရည်ရွယ်ချက်ဖြင့် မိတ်ဆက်ဘောလုံးပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ ရုပ်ရှင် ပြသခြင်း၊ ပြဇာတ်ကပြခြင်း၊ ပေါ်ပြောပွဲများကို စီစဉ်ထည့်သွင်း ပေးထားပါသည်။

ဒုတိယနေ့ညတွင် လူမှုဝန်ထမ်းဌာနဝန်ကြီး၊ မကွေးတိုင်း မင်းကြီး၊ ပါလီမန်အမတ်များနှင့် အစိုးရအရာရှိကြီးငယ်များ ကိုယ်တိုင် ကယ်ပါကိုယ်စားလှယ်တော်များနှင့်အတူ မိတ်ဆုံ ထမင်းစားပွဲကို ကျင်းပလျက် လူအားလုံးအဆင့်အတန်း တူညီ ကြောင်းကို ပြသခဲ့ပါသည်။

ထိုမိတ်ဆုံစားပွဲကြီးတွင် ကယ်ပါကိုယ်စားလှယ် ခေါင်းဆောင်များကိုယ်တိုင် ဝမ်းသာပီတိမျက်ရည်ကျကြပြီး သူတို့ တစ်သက်တာတွင်- ယခုအတွေ့အကြုံများမှာ အိပ်မက်ပင် မမက် နိုင်သော ပွဲကြီးဖြစ်ကြောင်း ပြောပြမျက်ရည်သုတ်ကြသော မြင်ကွင်းမှာ စိတ်ဝင်စားဖွယ် ဇာတ်ကားကြီးကို ကြည့်ရှုရသတဲ့သို့ ခံစားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**နိုးနှောဖလှယ်ပွဲ** နောက်ဆုံးနေ့တွင်ကား အဖွဲ့ဝင်များမှ ဆွေးနွေးရရှိသော အချက်များကို အားလုံးစုပေါင်းတင်ပြလက်ခံ အတည်ပြုကြပါသည်။

အထက်က ဖော်ပြခဲ့သော မြို့နယ်အသီးသီးမှ ကယ်ပါ ရွာပေါင်း (၁၆)ရွာမှ တက်ရောက်လာသော ကိုယ်စားလှယ် (၆၂)ဦး တို့သည် ကယ်ပါဘဝ လွတ်မြောက်ရေး လူသစ်စိတ်သစ်ပြုပြင် ဖန်တီးရေးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပါမည်ဟု အဓိဋ္ဌာန် ပြုကာ လူမှုဝန်ထမ်းဌာန ဝန်ကြီးနှင့်နိုးနှောဖလှယ်ပွဲ ပရိသတ် လူထု ရှေ့မှောက်တွင် လက်မှတ်ရေးထိုး မှတ်တမ်းတင်ကြပါသည်။

## ဝန်ကြီး၏မိန့်ခွန်း

လူမှုဝန်ထမ်းဌာနဝန်ကြီး ဦးဘစောက "ကျွန်တော်တို့၏ ဆွေမျိုးများဖြစ်သည့် ကယ်ပါ၊ ဒွန်းစဏ္ဍား အခေါ်ခံနေရသည့် လူတစ်စုသည် နိုင်ငံတော်အကျိုးအတွက် လယ်ယာကိုင်းကျွန်း လုပ်ကိုင်၍လည်းကောင်း၊ အစိုးရအရာထမ်းအမှုထမ်းအဖြစ် လည်းကောင်း၊ ရဲတပ်၊ တပ်မတော်တွင်လည်းကောင်း၊ အခြား အလုပ်အကိုင်များတွင်လည်းကောင်း၊ ပြည်ထောင်စုသားကောင်း ပီပီ တာဝန်ယူဆောင်ရွက်နိုင်ရန် ကြိုးစားကြရမည်။ လူထုကြီး ကလည်း ယခုအခါ စိတ်ဓါတ်အားဖြင့်လည်းကောင်း၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ၌လည်းကောင်း၊ အခြေအနေနိမ့်ကျသူများ ကို မိမိတို့ကဲ့သို့ ပြည်ထောင်စုသားများ ဖြစ်ကြသည်ဟု သတိရလျက် ၎င်းတို့၏ ဘဝလွတ်မြောက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက် အားပေးကြစေလိုပါကြောင်း" ဟု မိန့်ခွန်းမြွက်ကြားမေတ္တာရပ်ခံ ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နှီးနှောဖလှယ်ပွဲမှ ဆွေးနွေးဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပ/မှူးများက ကြီးကြပ်ဆောင်ရွက်ပေးရပါသည်။ ပညာရေးကဏ္ဍတွင် အသုံးလုံးသင်တန်းများကိုလည်းကောင်း ကျန်းမာရေးကဏ္ဍတွင် ကျေးရွာသန့်ရှင်းရေးနေ့စဉ် နေထိုင်ချက်ပြုတ်စားသောက်မှုမှစ၍ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ကြရေးကိုလည်းကောင်း စီးပွားရေးကဏ္ဍတွင် အချို့ကျေးရွာများတွင် ငါးဖမ်းလုပ်ငန်း၊ အိမ်တိုင်း ကြက်၊ ဆိတ်၊ မွေးမြူရေးများဖြင့်လည်းကောင်း၊ နေ့စဉ် ၁၀ ပြား ၁၅ ပြား စုငွေဖြင့် အရင်းတည်၍ ၎င်းတို့ရွာတွင် နေ့စဉ်စားသုံးသော အိမ်ဆိုင်သမဝါယမဆိုင်ကို ဖွဲ့စည်း၍လည်းကောင်း အလုပ်လက်မဲ့ အမျိုးသမီးနှင့်လူငယ်များကို တောင်ယာစိုက်ခင်းများတွင် ပေါင်းသင်၊ စိုက်ပျိုးရေးလုပ်သားများအဖြစ် လုပ်ကိုင်နိုင်ရန် ဗ. တ. လ. စ အဖွဲ့၏ကူညီမှုဖြင့် အလုပ်ရအောင် ဆောင်ရွက်ပေးကြပါသည်။

## ဒုတိယအကြိမ်

## ကယ်ပါများဘဝလွတ်မြောက်ရေးနှီးနှောဖလှယ်ပွဲ

ပထမအကြိမ်နှီးနှောဖလှယ်ပွဲကျင်းပပြီးနောက် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သမျှ လုပ်ငန်းတို့၏ အောင်မြင်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ဒုတိယအကြိမ်နှီးနှောဖလှယ်ပွဲအတွက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း အတွင်းရှိ ကယ်ပါရွာများ စာရင်းဇယားကောက်ယူရေး စည်းလုံးဆောင်ရွက်ရေးတို့ကို အဆိုပါတိုင်းများရှိ ပ/မှူး များသို့ လူထုပညာရေးကော်မီမှ ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။ ကောင်စီအတွင်းရေးမှူးနှင့် စီစဉ်ရေးမှူးတို့ကိုယ်တိုင် မန္တလေး၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦးမြို့များသို့

www.burmeseclassic.com

www.burmeseclassic.com



ကွင်းဆင်းပြီး ကယ်ပါကျေးရွာခေါင်းဆောင်များကိုလည်းကောင်း အုပ်ချုပ်ရေးအရာရှိများကိုလည်းကောင်း၊ လွှတ်တော်အမတ်နှင့် အဖွဲ့အစည်းခေါင်းဆောင်များကိုလည်းကောင်း ဒုတိယအကြိမ် နှီးနှောဖလှယ်ပွဲအတွက် ကြိုတင်ဆွေးနွေးညှိနှိုင်းမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြပါသည်။

## ဗဟိုကော်မတီဖွဲ့စည်းခြင်း

ဒုတိယအကြိမ်နှီးနှောဖလှယ်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းမင်းကြီးရုံးပြည်တော်သာ အစည်းအဝေးခန်းမ၌ ၈. ၁၁. ၅၆ နေ့တွင် အစည်းအဝေးပြုလုပ်၍ ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါသည်။

### ဗဟိုကော်မတီ

၁။ ဥက္ကဋ္ဌ၊ ဦးစိန်ချော၊ တိုင်းမင်းကြီး။

၂။ ဒု ဥက္ကဋ္ဌ၊ ဦးခင်မောင်၊ ဥတ္တရတိုင်းရဲမင်းကြီး မန္တလေး။

၃။ ဒု ဥက္ကဋ္ဌ၊ ကာနယ်သန်းစိန်၊ တပ်မဟာ (၁) နန်းတွင်း။

၄။ အတွင်းရေးမှူး ဦးစိုးသိမ်း၊ မကွေးတိုင်း ပ/မှူး။

၅။ တွဲဘက်အတွင်းရေးမှူး ဦးတင် မန္တလေးတိုင်း ပ/မှူး။

၆။ ငွေထိန်း၊ အတွင်းရေးမှူးဦးတင်အောင်စု ညွှန်ကြားရေးဝန် သာသနာရေးဌာန၊ မန္တလေးတို့ ဦးဆောင်ပါဝင်၍ အဖွဲ့ဝင် အမှုဆောင်လူကြီး (၃၃) ဦး ပါဝင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ခရိုင်ကော်မတီ

နှီးနှောဖလှယ်ပွဲကြီး စည်ကားစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်အတွင်းရှိ အစိုးရဌာန အကြီးအကဲများနှင့် လူထုအသင်းအဖွဲ့ခေါင်းဆောင်များသည် အားသွန်ခွန်စိုက် ကူညီကြိုးပမ်းကြပါသည်။ ၁၆-၁၁-၅၆ နေ့တွင် မြင်းခြံခရိုင်ပြည်တော်သာ အစည်းအဝေးခန်းမတွင် ခရိုင်ဝန် ဦးမောင်မောင်တင်က ဥက္ကဋ္ဌ၊ ဦးမင်းအောင်က အတွင်းရေးမှူးတာဝန်ယူ၍ ခရိုင်ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၁။ အလုပ်အမှုဆောင်ကော်မတီ၊ ၂။ ဘဏ္ဍာရေးကော်မတီ၊ ၃။ ပုဂံ-ညောင်ဦး ပူးပေါင်းကော်မတီ၊ ၄။ ဧည့်ခံရေးကော်မတီ၊ ၅။ အခမ်းအနား ပြင်ဆင်ရေးကော်မတီ၊ ၆။ နေရာချထားရေးကော်မတီ၊ ၇။ ဖျော်ဖြေရေးကော်မတီ၊ ၈။ လှုံ့ဆော်ရေးနှင့် သတင်းဖြန့်ချိရေးကော်မတီတို့ အသီးသီးဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

ဤသို့ အစိုးရဌာနအသီးသီးမှ တာဝန်ခံများ၊ လူထုအသင်းအဖွဲ့ခေါင်းဆောင်များ၊ ပါလီမန်အမတ်များ၊ တက်ညီလက်ညီ ကြိုတင်စီစဉ်မှုများကို စံနစ်တကျပြုလုပ်ဆောင်ရွက်ထားသဖြင့် ထိုညီလာခံကြီးမှာ ထူးထူးခြားခြားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ - ၂၆၊ ၂၇၊ ၂၈ ရက်နေ့များတွင် ဓမ္မပွဲပြိုင်ပွဲများ ကျင်းပခြင်း၊ ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ပြပွဲများ ဟောပြောပွဲများကို (၃)ရက် ကြိုတင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


# ဒုတိယအကြိမ်မြောက် လူသစ်ဖန်တီးရေး နှီးနှောဖလှယ်ပွဲ ညီလာခံကြီး

## ညီလာခံပထမနေ့ (၂၉-၁၂-၅၆)

ဒုတိယအကြိမ်မြောက် ပြည်ထောင်စုမြန်မာနိုင်ငံ လူသစ်ဖန်တီးရေး နှီးနှောဖလှယ်ပွဲ ညီလာခံကို မန္တလေးတိုင်း၊ မြင်းခြံခရိုင် ညောင်ဦးမြို့နယ်၊ ပုဂံမြို့သရပါတံခါးအနီး သဗ္ဗညုစေတီတော်ရှေ့ ညီလာခံမဏ္ဍပ်ကြီးအတွင်း၌ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့ နံနက် (၁၁) နာရီအချိန်တွင် စတင်ကျင်းပခဲ့ပါသည်။

လူမှုဝန်ထမ်းနှင့်သာသနာရေးဌာန၊ လူထုပညာရေးဌာန ဝန်ကြီးဦးဘစော၊ ဝန်ကြီးကတော်နှင့် အဖွဲ့ဝင်များ ညီလာခံမဏ္ဍပ်သို့ ကြွရောက်လာသောအခါ မန္တလေးတိုင်းမင်းကြီးနှင့် ပြည်တော်သာအဖွဲ့ဝင်များ၊ ပါလီမန်အမတ်များ၊ တိုင်းခရိုင်မြို့နယ်မှ အရာရှိများ၊ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များက ပုဂံမြို့ဈေးအနီး လမ်းမကြီးမှ ကြိုဆိုနှုတ်ဆက်ကြပါသည်။

လူသစ် ကျေးရွာအသီးသီးမှ အတီးအမှုတ်၊ စည်တော် ဒိုးပတ် အိုးစည်ဝိုင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး လူသစ်ကျေးရွာအမျိုးသမီးငယ်များက ဝန်ကြီးနှင့်ဝန်ကြီးကတော်အား ပန်းစီးဆက်ကြိုဆိုပါသည်။

အခမ်းအနားတွင် လူသစ်ကိုယ်စားလှယ်တော်များ၊ လေ့လာသူများ၊ အထူးဧည့်သည်တော်များ၊ ညီလာခံကိုယ်စားလှယ်တော်များ အပါအဝင် လူထု (၅၀၀၀) ကျော် တက်ရောက်ကြပါသည်။ သဘာပတိအဖြစ် မန္တလေးတိုင်းမင်းကြီး ဦးတင်ဖေထံ ဆောင်ရွက်၍ အခမ်းအနားမှူးကို ပ/မှူး ဦးစိုးသိမ်းက ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com


ကြပြီး ပြည်တော်သာရွာ လူသစ်အမျိုးသမီးငယ်များက လူထုပညာ သီချင်းသီဆိုပြီး အခမ်းအနားစတင်ဖွင့်လှစ်ပါသည်။

နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်း၊ မေတ္တာပို့ခြင်းတို့ ဆောင်ရွက်ပြီးနောက် ပုဂံနယ်ပိုင်ဝန်ထောက် ဦးခင်မောင်ဦးက နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားပါသည်။

ထို့နောက် - ဝန်ကြီးဦးဘစောကလည်းကောင်း၊ ညွှန်ကြား ရေးဝန်ဦးအောင်မင်းနှင့် တိုင်းမင်းကြီးတို့က အဖွင့်မိန့်ခွန်းအသီးသီး ပြောကြားကြပါသည်။

ထို့နောက် လူသစ်ရွာများမှ ကိုယ်စားလှယ်များ၏ အမည် စာရင်း၊ ဖွဲ့စည်းထားသော ကော်မတီဝင်များ၏ အမည်စာရင်းများ ကို ကြေညာကြပါသည်။

နေ့လယ်ပိုင်းတွင် ဝန်ကြီးဦးဘစော ဦးဆောင်၍ လူသစ် ကျေးရွာများမှ ကိုယ်စားလှယ်များ၊ ကော်မတီဝင်များနှင့် ဘာဝ လွတ်မြောက်ရေးလုပ်ငန်းအခြေအနေများ၊ အခက်အခဲများ ခင်မင် ရင်းနှီးစွာ ညီလာခံမဏ္ဍပ်ကြီးထဲတွင် ဒူးတိုက်ဆွေးနွေးကြပါသည်။

ကိုယ်စားလှယ်တော်များကလည်း အဖွဲ့လိုက်ဆွေးနွေး ညှိနှိုင်းပြီး ကော်မရှင်သို့တင်သွင်းရန် အစီရင်ခံစာကို ပြင်ဆင်ရေးဆွဲ ကြပါသည်။

## ဒုတိယနေ့ (၃၀-၁၂-၅၆)

နံနက်ပိုင်းတွင် ပုဂံမြို့ ဖ. ဆ. ပ. လ အဖွဲ့မှ ဝန်ကြီးနှင့် ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများအား ဧည့်ခံပြု လက်ဖက်ရည် ပွဲဖြင့် ထမင်းစားဆောင်ကြီးအတွင်း ဟည်ခင်း ဧည့်ခံရာ လူပေါင်း (၁၅၀၀) ခန့် တက်ရောက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပညာရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ စီးပွားရေးကော်မတီနှင့် လူမှုရေးကော်မတီတို့၏ ဆွေးနွေးပွဲများကို လေးနေရာခွဲကာ တစ်နေ့လျှင် (၃) ကြိမ် စိတ်ပါဝင်စားစွာ ဆွေးနွေးကြပါသည်။

ကိုယ်စားလှယ်တော်များကလည်း အဖွဲ့လိုက်ဆွေးနွေးညှိနှိုင်းပြီး ကော်မရှင်သို့ တင်သွင်းရန် အစီရင်ခံစာကို ပြင်ဆင်ရေးဆွဲကြပါသည်။

## တတိယနေ့ (၃၀-၁၂-၅၆)

လူသစ်ဖန်တီးရေး နှီးနှောဖလှယ်ပွဲညီလာခံကြီး၏ နောက်ဆုံးနေ့ပိတ်ပွဲ ကျင်းပခြင်းဖြစ်ပါသည်။ အခမ်းအနားမဏ္ဍပ်ကြီးအတွင်း စင်မြင့်ပေါ်တွင် ဝန်ကြီးဦးဘစောနှင့်ဇနီး တိုင်းအဆင့်ကော်မတီဝင်များ နေရာယူကြပါသည်။

(၁) ပညာရေးကော်မတီ၏ အစီရင်ခံစာ

(၂) ကျန်းမာရေးကော်မတီ၏ အစီရင်ခံစာ

(၃) စီးပွားရေးကော်မတီ၏ အစီရင်ခံစာ

(၄) လူမှုရေးကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားကြပြီး အဆိုသွင်းခြင်း၊ ထောက်ခံခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

ထိုအချိန်တွင် ပုဂံတောင်ပိုင်း ပါလီမန်အမတ်(မြင်းခြံ - ဒမိုက်ရှာသား) ဦးမောင်မောင် ဦးဆောင်သော ပုဂံမြို့မှ ရွာပေါင်း (၁၇)ရွာမှ တောင်သူလယ်သမားလူထု ၂၀၀၀ ကျော်တို့သည် ဗ. တ. လ. စ အလံများ၊ နိုင်ငံတော်အလံများ ကိုင်ဆောင်လွှင့်ထူကာ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်း၊ အကအခုန်တို့ဖြင့် ညီလာခံကြီးအား ထောက်ခံရန် ချီတက်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ကော်မတီများ၏ အစီရင်ခံစာ အဆိုတင်သောက်ခံခြင်း အခမ်းအနားကိုပင် ခေတ္တရပ်နားထားရပါသည်။

ထို့နောက် ဝန်ကြီးဦးဘစောက ညီလာခံအပိတ်မိန့်ခွန်း ပြောကြားပါသည်။ ဝန်ကြီးကတော်က ပြပွဲပြိုင်ပွဲ ဖျော်ဖြေပွဲများတွင် အနိုင်ရရှိသောအဖွဲ့များကို ဆုမျာ်း၊ နှစ်သိမ့်ဆုများ ချီးမြှင့်ပါသည်။

## အမိဋ္ဌာန်ကြွေးကြော်၍ညီလာခံရုပ်သိမ်းခြင်း

(၁) ကျွန်ုပ်တို့သည် လူတန်းစားခွဲခြားခြင်းကို ပပျောက်စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၂) ကျွန်ုပ်တို့သည် လူ-လူချင်း အခွင့်အရေးညီမျှမှုကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သစ္စာတော်ကို စောင့်သိလျက် နိုင်ငံတော်၏အကျိုးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

အထက်ပါကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ပြီး ညီလာခံကြီးကို ရုပ်သိမ်းလိုက်ပါသည်။

## နိုင်ငံတော်အစိုးရ၏ ဂုဏ်ပြုညစာစားပွဲကြီး

ညီလာခံ မဏ္ဍပ်ကြီးအတွင်း၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများလူထု (၁၀၀၀) ကျော်အား နိုင်ငံတော်အစိုးရ၏ ကိုယ်စားဝန်ကြီးဦးဘစောက ဂုဏ်ပြုညစာစားပွဲကြီးဖြင့် ကျွေးမွေးဂုဏ်ပြုပါသည်။

ဘဝသစ်ကိုယ်စားလှယ်များက သူတို့တစ်သက်တာမှာ ဤမျှကြီးကျယ်သော ထမင်းစားပွဲကြီးမျိုးကိုလည်း မတွေ့ဘူးကြောင်း ဤကဲ့သို့ ထမင်းစားပွဲကြီးမျိုးကို သူတို့ကိုယ်တိုင်ဝင်စားသောက်ရ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု အိပ်မက်ပင်မမက်နိုင်ပါကြောင်းတို့ကို ဝမ်းသာဝမ်းနည်း ပြောပြကြပါသည်။

စာမတတ်လျှင် ဥစ္စာစီးပွားမတိုးတက်နိုင်၊ စီးပွားဥစ္စာမရှိက အဆောက်အဦး... အဆွေခင်ပွန်းကောင်းမရနိုင်၊ အဆွေခင်ပွန်းကောင်းမရှိက ချမ်းသာသုခမရနိုင်၊ ချမ်းသာသုခမရှိက ကုသိုလ်ကောင်းမှုမပြုနိုင် ဆိုသော လောကနီတိဆရာ၏ ဩဝါဒအရ ပ/မှူး များသည် ညီလာခံကြီးက ဆုံးဖြတ်ခဲ့သော စီမံကိန်းကြီးလေးရပ်ကို အကောင် အထည်ပေါ်အောင် ကြိုးစားကြပြီး ၁၀သစ် လူသစ် စီမံကိန်းကြီး အောင်မြင်စေရန် စွမ်းစွမ်းတမံ ကြိုးစားတာဝန်ထမ်းကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

## မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများတွင် ဘ၀သစ်အဖွဲ့များ စေလွှတ်ဆောင်ရွက်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ဖွံ့ဖြိုးခြင်း မရှိသေးသော နယ်စပ်ဒေသများသို့ "ဘ၀သစ်ဖန်တီးရေးအဖွဲ့" များကို ၁၉၅၂ ခုနှစ်မှစ၍ လူထုပညာရေးကောင်စီက တာဝန်ယူ စေလွှတ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင် အနေအထားအရ တောင်တန်း ဒေသများအပါအဝင် နယ်စပ်အချို့ဒေသများမှာ တောတောင် အထပ်ထပ် မြစ်ချောင်းအသွယ်သွယ် ခြံရံကာဆီးနေခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း၊ ခက်ခဲခြင်းတို့ကြောင့် မြေပြန့် ဒေသနှင့် ဆက်သွယ်သွားလာမှုနည်းပါး ခဲ့ပါသည်။

ယင်းဒေသများမှာ သဘာဝသယံဇာတ ပစ္စည်းများ ပေါကြွယ်သော်လည်း သယ်ယူရန်ခက်ခဲခြင်း၊ လူဦးရေနည်းပါးခြင်း အတတ်ပညာ စာပေပညာ မတတ်ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနည်းပါး ပြီး ခေတ်နောက်က ကျန်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြည်မရှိ ဒေသများရှိ လူထုနှင့်နှိုင်းယှဉ်လျှင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ အလွန်နိမ့်ကျနေကြပါသည်။ စားသောက်နေထိုင်မှုအဆင့်အတန်းမှာ အလွန်နိမ့်ကျခြင်း၊ ကျန်းမာရေးဗဟုသုတမရှိခြင်းတို့ကြောင့် ကလေးလူကြီး အသေအပျောက်များပါသည်။

၎င်းပြဿနာများမှာ တစ်ခုကိုတစ်ခု အကြောင်းပြု၍ ဆက်သွယ်ရင့်သန်လာသဖြင့် ရောယှက်ကာ အစိုင်အခဲဖြစ်နေပါသည်။

ပညာမဲ့သူပေါ်များခြင်း၊ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရပြီး ပြင်းထန်သောရာသီဥတု၏ဒဏ်ကို ကာကွယ်နိုင်သည့် အဝတ်အထည်များ အိုးအိမ်များ မထူထောင်နိုင်ခြင်း စသည်တို့မှာ ၎င်းဒေသများ၌ ရင်ဆိုင်နေရသော ပြဿနာအချို့ဖြစ်ပါသည်။

အဆိုပါ ပြဿနာများကို စုပေါင်းဖြေရှင်းနိုင်ရန် နည်းပေးလမ်းပြ ပြုကာ တာဝန်ခံကာ ဆောင်ရွက်နိုင်သူများ ပါဝင်သော ဘဝသစ်ဖန်တီးရေးအဖွဲ့များ ဖွဲ့စည်းပြီး ဒေသအလိုက် ရွေးချယ်ထားသော ဌာနများတွင် စခန်းချလျက် ပတ်ဝန်းကျင် ဒေသများကိုပါ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၁) လမ်းပန်းဆက်သွယ် ဖောက်လုပ်ခြင်းနှင့် အိုးအိမ်ကျေးရွာများကို စနစ်တကျ ထူထောင်ပေးရန်။

(၂) (က) အဝတ်အထည် အစားအသောက် လုံလောက်ပြည့်ဝမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(ခ) ဝင်ငွေတိုးစေမည့် အိမ်တွင်းမှု လုပ်ငန်းများ ထူထောင်ရန်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) စိုက်ပျိုးရေး အစီအစဉ်များ တီထွင်ပြုလုပ်ရန်။
(ဃ) တိရစ္ဆာန်မွေးမြူရေးများ စနစ်တကျ စီစဉ်ပေးရန်။

(၃) (က) ဒေသနေ လူထု၏ သန့်ရှင်းကျန်းမာမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုအတွက် စီစဉ်ဆောင်ရွက်ရန်။
(ခ) ကိုယ်လက်လှုပ်ရှား ကစားခုန်စားနှင့် စိတ်ပျော်ရွှင်မှုအတွက် ဖျော်ဖြေမှုများ စီစဉ်ပေးရန်။

(၄) ပညာဗဟုသုတ ဖြန့်ဖြူး၍ စာရေးစာဖတ် တတ်စေရန် စာသင်ကြားလိုစိတ်များ ဖြစ်ပေါ်စေရေး စည်းရုံးဆောင်ရွက်ရန်။

(၅) လူမှုရေး လုပ်ငန်းဖြစ်သည့် ရပ်ရွာ၏ တာဝန်များကို စုပေါင်း ထမ်းဆောင်လာတတ်ရေး စည်းရုံးဆောင်ရွက်ပေးရန်တို့ ဖြစ်ပါသည်။

## ဘဝသစ်ဖန်တီးရေးအဖွဲ့

ဘဝသစ်ဖန်တီးရေး အဖွဲ့တွင် အထက်ပါ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါကျွမ်းကျင်သူ တာဝန်ခံများဖြင့် ရွေးချယ် ဖွဲ့စည်းပေးပါသည်။

(၁) အဖွဲ့ခေါင်းဆောင်။
(၂) လမ်းပန်းဆက်သွယ်ရေးနှင့် အိုးအိမ်လူထောင်ခြင်း တာဝန်ခံ။

www.burmeseclassic.com

ww.burmeseclassic.com



(၃) ကျန်းမာရေးနှင့် သူနာပြု တာဝန်ခံ။
(၄) စိုက်ပျိုးရေး တာဝန်ခံ။
(၅) တိရစ္ဆာန် မွေးမြူရေး တာဝန်ခံ။
(၆) အိမ်တွင်းမှုလုပ်ငန်း တာဝန်ခံ (အမျိုးသား/သမီး)
(၇) ကစားခုန်စား တာဝန်ခံ။
(၈) ဖျော်ဖြေရေး တာဝန်ခံ။
(၉) ပညာဗဟုသုတ ဖြန့်ဖြူးရေး တာဝန်ခံ။
(၁၀) စကားပြန်။
(၁၁) အကူလုလင်။ သင့်တော်သောဒေသများတွင်၊
(၁၂) အိုးလုပ်ငန်းတာဝန်ခံ။
(၁၃) လွှဆွဲလုပ်ငန်း တာဝန်ခံ။
(၁၄) ပန်းပဲလုပ်ငန်း တာဝန်ခံ။
(၁၅) ရက်ကန်း တာဝန်ခံ။

ထိုအဖွဲ့ဝင် တာဝန်ခံများနှင့် အထက်ပါ လုပ်ငန်း၏ တာဝန်ခံများသည် ကျေးရွာဒေသခံ လူထု၏ ကူညီပူးပေါင်း ဆောင်ရွက်မှုကို ရရှိစေရန် ပထမစည်းရုံးဟောပြော၍ စီစဉ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အိုးလုပ်ငန်း၊ သစ်ခွဲလွှဆွဲလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် သားဖွားမီးယပ်လုပ်ငန်းတို့တွင် အထူး ကျွမ်းကျင်သူ ပြင်ပပညာရှင်များကို ခေါ်ယူဖွဲ့စည်းပေးပါသည်။ ကျန်အဖွဲ့ဝင်များနှင့် အဖွဲ့ခေါင်းဆောင်၏ တာဝန်များကို လူထု ပညာရေးကောင်စီမှ ရွေးချယ်ထားသည့် ပ/မှူးများသာ ဖြစ်ပါသည်။ အဆိုပါ မှူးများသည် မိမိတို့ တာဝန်ခံ ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ရမည့် ဘာသာရပ်အလိုက် စာတွေ့ လက်တွေ့ အထူးသင်တန်းများမှာ သင်ကြားထားသူများသာ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့တာဝန်ခံ ဆောင်ရွက်ရမည့် ဘာသာရပ်များတွင် ကျွမ်းကျင်စွာ တာဝန်ယူ ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါသည်။

## အဖွဲ့အလိုက် ပစ္စည်းကိရိယာများ။

(၁) စီးပွားရေး ။ ။ ရက်ကန်းစင်၊ အပ်ချုပ်စက်၊ အိမ်တွင်းမှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ လက်သမားသုံး ကိရိယာများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ ပေါက်ပြား၊ ဂေါ်ပြားများနှင့် မျိုးစေ့၊ သစ်စေ့များ။

(၂) ကျန်းမာရေး ။ ။ ဆေးဝါး (ဒီ. တီ. တီ)သုံးစွဲ ကိရိယာစုံ၊ ကြံ့ခိုင်ရေးဆိုင်ရာ ကစားခုန်စားပစ္စည်းစုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဆိုင်ရာသုံး ပစ္စည်းကိရိယာများ။

(၃) ပညာရေး ။ ။ စာအုပ်စာတမ်းများ၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ခဲတံ၊ ဗလာစာအုပ်၊ မြေဖြူ၊ သင်ပုန်း (ဘော)၊ ရုပ်ပြကားချပ်များ။

(၄) ဖျော်ဖြေရေး ။ ။ အသံဖမ်းစက်၊ ဓာတ်စက်၊ ဓာတ်ပြား၊ အသံချဲ့စက်၊ တူရိယာပစ္စည်းများ၊ ရုပ်ရှင်၊ ရုပ်မြင်မြဲစက်၊ ဇာတ်ကားများ၊ ဓာတ်ပုံရိုက်ကင်မရာ၊ လျှပ်စစ် မီးအားပေးစက်။

www.burmeseclassic.com

www.burmeseclassic.com



(၅) အခြား ။ ။ ရိက္ခာခြောက်၊ ဘက်ထရီ၊ ရေနံဆီ၊ ဓာတ်ဆီ၊ လက်ဆွဲဓာတ်မီး၊ လက်နှိပ်ဓာတ်မီး။ ဓာတ်ခဲ၊ လက်ဆွဲ မှန်အိမ်များ။

အထက်ပါ ပစ္စည်းမျိုးစုံဖြင့် "ဘဝသစ်အဖွဲ့" များကိုလူထုပညာရေးကောင်စီနှင့် ဒေသခံ အာဏာပိုင်များ ပါလီမန်အမတ်များ ညှိနှိုင်းရွေးချယ်ထားသော စခန်းများသို့ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစ၍ (၃)သုတ်ခွဲ၍ စေလွှတ်ခဲ့ပါသည်။

## စေလွှတ်သော ပြည်နယ်ဒေသများ

(၁) ကချင်ပြည်နယ်၊ အင်းကျန်းယန်စခန်း - ဘဝသစ်အဖွဲ့။
(၂) ကယားပြည်နယ်၊ ရှားတော၊ မိုင်းလုံစခန်း-ဘဝသစ်အဖွဲ့။
(၃) ကရင်ပြည်နယ်၊ ဖားအံစခန်း - ဘဝသစ်အဖွဲ့။
(၄) ချင်းပြည်နယ်၊ မင်းတပ်စခန်း - ဘဝသစ်အဖွဲ့။
(၅) တနင်္သာရီတိုင်း၊ ရေးစခန်း - ဘဝသစ်အဖွဲ့။
(၆) နာဂတောင်တန်း၊ ဟတ္ထိစခန်း - ဘဝသစ်အဖွဲ့။
(၇) ရခိုင်ပြည်နယ်၊ မင်းကံစခန်း - ဘဝသစ်အဖွဲ့။
(၈) ရှမ်းပြည်နယ်၊ မိုင်းရယ်စခန်း - ဘဝသစ်အဖွဲ့။

အဖွဲ့(၈)ဖွဲ့ကို ပထမသုတ် စတင်စေလွှတ်ခဲ့ပါသည်။ ၁၉၅၃- ၅၄ ခုနှစ်တွင် နောက်ထပ် ဘဝသစ်အဖွဲ့ (၇)ဖွဲ့ ထပ်မံဖွဲ့စည်းကာ

(၁) ကချင်ပြည်နယ်၊ မန်းမင်းစခန်း - ဘဝသစ်အဖွဲ့။
(၂) ကယားပြည်နယ်၊ ဖယ်ခုံစခန်း - ဘဝသစ်အဖွဲ့။
(၃) ချင်းပြည်နယ်၊ ဇာမွေစခန်း - ဘဝသစ်အဖွဲ့။
(၄) မကွေးတိုင်း၊ ဂန့်ဂေါစခန်း - ဘဝသစ်အဖွဲ့။

www.burmeseclassic.com

www.burmeseclassic.com


(၅) နာဂတောင်တန်း၊ လေရှီးစခန်း - ဘဝသစ်အဖွဲ့။
(၆) တနသ်ာရီတိုင်း၊ မြိတ်ကျွန်းစု၊ ကော့သောင်စခန်း - ဘဝသစ်အဖွဲ့။
(၇) ချင်းပြည်နယ်၊ ပလက်ဝစခန်း - ဘဝသစ်အဖွဲ့။

ဤသို့ အဖွဲ့ပေါင်း (၁၅)ဖွဲ့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြစဉ် (စစ်ဘက်အာဏာပိုင်များ၏ တောင်းဆိုချက်အရ) ရှမ်းပြည်နယ် မြောက်ပိုင်း "ဝ" နယ်များသို့-

(၁) ကိုးကန့်ဒေသ၊ ဆင်ကိုင်စခန်း - ဘဝသစ်အဖွဲ့။
(၂) တောင်ပိုင်း"ဝ"နယ်၊ ပန်ယန်းစခန်း - ဘဝသစ်အဖွဲ့။
(၃) မြောက်ပိုင်း"ဝ"နယ်၊ မိုင်းမောစခန်း - ဘဝသစ်အဖွဲ့။

များကို တတိယ သုတ် အဖြစ် စေလွှတ်ဆောင်ရွက်ခဲ့ပါသည်။

## မိုင်းမောဒေသ ဘဝသစ်အဖွဲ့ဝင်များ

(၁) ဦးကျော်အေး၊ ပ/မှူး၊ - အဖွဲ့ခေါင်းဆောင်။
(၂) ဦးသိန်းဟန်၊ ပ/မှူး၊ - ပညာရေးတာဝန်ခံ။
(၃) ဦးဟုတ်စိန်၊ ပ/မှူး၊ - စိုက်ပျိုးရေးတာဝန်ခံ။
(၄) ဦးကျော်မြင့်၊ ပ/မှူး၊ - ကြံ့ခိုင်ရေးနှင့် ဖျော်ဖြေရေးတာဝန်ခံ။
(၅) ဦးတင်မောင်၊ ပ/မှူး၊ - မွေးမြူရေးတာဝန်ခံ။
(၆) ဒေါ်စန်းစန်းသစ်၊ ပ/မှူး၊ - အိမ်တွင်းမှုတာဝန်ခံ။
(၇) ဒေါ်လှငြိမ်း၊ ပြင်ပ၊ - (L. H. V) ကျန်းမာရေးဆရာမ။

## ၁။ မိုင်းမောဒေသ တည်နေရာ

မိုင်းမောသည် မြောက်ပိုင်း "ဝ"နယ်၊ ဟိုပန်းမြို့၏ အရှေ့တောင်ဘက်တွင် ခြေလျင် (၄)ရက်ခရီး။ မိုင်အားဖြင့် (၈၀)မိုင်

www.burmeseclassic.com

www.burmeseclassic.com


ခန့်ဝေးကွာပြီး ပေ (၆၀၀၀)ကျော် မြင့်သည့် တောင်ကုန်းပေါ်၌ တည်ရှိပါသည်။

## ၂။ လမ်းပန်းအဆက်အသွယ်

လားရှိုးမြို့မှ ဟိုပန်သို့ကားလမ်းခရီးမိုင် (၈၀)ခန့် ကွာဝေးပါသည်။ နွေအခါမှာ ကောင်းစွာ သွားလာနိုင်သော်လည်း မိုးရာသီဆိုလျှင် အတော်ခက်ခဲစွာ သွားရပါသည်။ ဟိုပန်မှ တောင်တန်းကြီးများကို ကျော်ဖြတ်၍ (၃)ညအိပ် (၄)ရက်ခရီးကို လားများနှင့် သွားရပါသည်။ လမ်းခရီးတွင် ကိုက် (၅၀)ခန့် ကျယ်ဝန်းသော နမ့်တွန်ချောင်းနှင့် ကိုက် (၁၀၀)ခန့်ကျယ်သော နမ့်စမ်ချောင်း တို့ကို ဖြတ်ကူးရပါသည်။

## ၃။ လူဦးရေ

မိုင်းမောတွင် ဈေးကုန်း၊ တောင်တန်းဝန်ထောက်ရုံးကုန်း၊ ဘဝသစ်ကုန်း၊ မိုင်းမောရွာကုန်း ဟူ၍ ကုန်းလေးကုန်း ရှိပါသည်။ ဈေးကုန်းတွင် ကိုက်(၁၀၀)ခန့် ရှည်သော ဈေးတန်းကလေးနှစ်တန်းရှိပါသည်။ တောင်တန်းဝန်ထောက်ကုန်းတွင် ရုံးနှင့် ကချင်တပ်ခွဲတစ်ခွဲရှိပါသည်။ ကုန်းလေးကုန်းတွင် အိမ်ခြေပေါင်း ၂၀၀ ခန့် ရှိပါသည်။ ဈေးကုန်းအရှေ့ဘက် သုံးမိုင်ခန့် ကွာဝေးသော တောင်စောင်းပေါ်တွင် အိမ်ခြေ (၄၀)ရှိ ဖားမိုင်ရွာနှင့် အိမ်ခြေ (၁၂)အိမ်ရှိ မန်ကတ်ရွာတို့ တည်ရှိပါသည်။ တောင်ဘက်တစ်မိုင်ခန့်တွင် အိမ်ခြေ (၆၀)ရှိ မန်လုံရွာ၊ အနောက်ဘက်သုံးမိုင်ခန့်တွင် အိမ်ခြေ (၃၀)ရှိ မန်ကောင်တပ်ရွာရှိ၍ လူဦးရေပေါင်း (၂၄၀)ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


မိုင်းမောဒေသသို့ လာရောက်ဈေးရောင်းချသော ပတ်ဝန်းကျင်မှ ရွာ (၈)ရွာ ရှိပါသည်။ ဈေးကုန်းမှာ တရုတ်လူမျိုးများနေထိုင်၍ မန်ကောင်းတပ်ရွာတွင် တရုတ်ပြည်ဘက်မှ ပြောင်းရွှေ့လာသော တိုင်တုန်းခေါ် ရှမ်းတရုတ်လူမျိုးများ နေထိုင်ကြပါသည်။ ကျန်လူမျိုးများမှာ "ဝ"များ ဖြစ်ကြပါသည်။

## ၄။ အလုပ်အကိုင်

ထိုဒေသရှိ လူများသည် တောင်စောင်းများတွင် လှေကားထစ် လယ်ကွင်းများ ပြုလုပ်၍ လည်းကောင်း၊ တောင်များတွင် သစ်ပင်များ ခုတ်လှဲ မီးရှို့၍ စိုက်ပျိုးသော ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စပါးစိုက်ကြပါသည်။ ဤကဲ့သို့ စိုက်ပျိုးသော်လည်း ဝမ်းစာ စပါးမဖူလုံကြပါ။ တစ်နှစ်လျှင် တစ်အိမ်ထောင်အတွက် စပါး (၁၀)တင်း၊ ဆပ်စပါး (၁၅)တင်းလောက်သာ အများဆုံး ရရှိကြပါသည်။ ဆပ်ဆန်များနှင့် တောတွင်းမှရသော သစ်ဥသစ်ဖုများကို ရောနှော ချက်ပြုတ်စားသောက်ကြရပါသည်။

## ၅။ လူနေမှုအဆင့်အတန်း

နိမ့်ကျပါသည်။ အဝတ်အထည်ပြည့်ပြည့်စုံစုံ မရှိကြပါ။ ကိုယ်ပေါ်တွင် ဝတ်ထားသော အဝတ်အစားများမှာ စုတ်ပြဲလျက်ရှိပါသည်။ အစားအသောက်မှာလည်း လူးဆပ်ထမင်း သစ်ဥဖြင့်ရော၍- ဆား၊ ငရုတ်သီးတို့နှင့် ရော၍ စားကြရပါသည်။ ဟင်းရွက်သားငါးဟင်းများ မရှိပါ။ ငှက်ပျောအူကို ဆန်နှင့် ရောပြုတ်သော ဆန်ပြုတ်ကိုသာ သောက်ကြရပါသည်။

အိမ်မှာ မြေစိုက်သက်ကယ်တဲကြီးများ ဖြစ်၍ မည်းမှောင်နေပြီး ဖုံအထပ်ထပ် တင်နေပါသည်။ တစ်အိမ်ထောင်လျှင် ထမင်း

www.burmeseclassic.com

www.burmeseclassic.com


ချက်ရန် ကြေးနီအိုးတစ်လုံး၊ မြေပန်းကန်၊ သံဇလုံ၊ သစ်သားခွက် သုံးလေးလုံးသာ ရှိပါသည်။ ရေခပ်ရာတွင် ဝါးကျည်တောက် ၃-၄ ဆစ်တွဲနှင့် ဗူးခါးသီးခြောက်များကို သုံးကြပါသည်။

ကျန်းမာရေးအတွက် ဆေးဝါးဟူ၍ မရှိပါ။ မကျန်းမာလျှင် ကြက်၊ ဝက်၊ ကျွဲ၊ နွား များကို သတ်၍ ယစ်ပူဇော်ကာ နတ်ကု ကုကြပါသည်။ တစ်ရွာလုံး ရောဂါကျရောက်လျှင် လူဦးခေါင်းကို ဖြတ်၍ နတ်ပသ ကြပါသည်။

## ၆။ ပညာရေး

စာသင်ကျောင်းဟူ၍ မရှိပါ။ ကလေးငယ်များ ဗူးခါးသီး နှစ်လုံး နိုင်လျှင် ရေခပ်ခြင်း၊ တောင်ယာသို့ လိုက်၍ စာခြောက်ခြင်း တို့ လုပ်ရပါသည်။ အသက် (၉)နှစ် (၁၀)နှစ် အရွယ် မိန်းကလေးများသည် ဆန်ဖွပ်၊ ကလေးထိန်း၊ ချည်ငင်ခြင်း၊ ဂျပ်ခုတ်ခြင်း တို့ လုပ်ကြရပါသည်။ အတီးအမှုတ်အတွက် အိုးစည်ဗုံမောင်း မရှိပါ။ သစ်သားတုံးကြီးများကို ထွင်းထားသော အုန်းမောင်းကြီးများ တစ်ရွာလျှင် သုံးလုံးစီ ရှိကြပါသည်။

## ၇။ ကိုးကွယ်မှု

မိုင်းမောဈေးကုန်း အနီးတွင်ရှိသော ကျေးရွာသုံးရွာမှ လူများသည် ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြပါသည်။ ကျန် “ဝ”လူမျိုးများသည် နတ်ကိုးကွယ်ကြပါသည်။ မကျန်းမမာဖြစ်လျှင် သော်လည်းကောင်း၊ ကောက်ပဲသီးနှံ အထွက်မကောင်းလျှင် သော်လည်းကောင်း၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်များကို သတ်၍ နတ် ပူဇော်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ရွာလည်တွင် ကျွဲခေါင်းယစ်တိုင် ၄၀ မှ ၁၀၀ကျော် အထိ ရှိကြပါသည်။ လူခေါင်း ယစ်တိုင်လည်း ၄၀ မှ ၆၀ ထိ ရှိတတ်ပါသည်။ လူသေဆုံးလျှင် ကျွဲသတ် ကျွေးမွေးပြီး အသုဘချရပါသည် အသုဘချရန် ကျွဲမရှိသေး မတတ်နိုင်သေးလျှင် လူသေအလောင်းကို ခေါင်းသွင်းပြီး အိမ်မှာပင် ထားကြပါသည်။ သတ်ရန် ကျွဲမရှိသဖြင့် အသုဘမချရသော လူသေလောင်းများ သုံးလေးနှစ်အထိ အိမ်တွင် ထားရသည်လည်း ရှိပါသည်။ သင်္ချိုင်း သီးသန့် မရှိပါ။ လူသေအလောင်းကို အိမ်ဘေးတွင် မြှုပ်နှံကြပြီး သေသူများလည်း နတ်ဖြစ်သည်ဟု ယုံကြည်ကြပါသည်။

## ၈။ ဗုဒ္ဓဘာသာ ကိုးကွယ်မှု

"ဝ"နယ် မြောက်ပိုင်းမှ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသော်လည်း အရည်းကြီး သာသနာကဲ့သို့ ဖြစ်နေပါသည်။ ထိုဒေသမှ ဘုန်းတော်ကြီးနှင့် ကိုရင်တို့သည် ခေါင်းရေသောက်ခြင်း၊ ဘိန်းရှူခြင်း၊ နေ့လွဲညစာစားခြင်း၊ လက်ပတ်နာရီပတ်၍ ရှူးဖိနပ်စီးကြပါသည်။ အမျိုးသမီးများကိုလည်း ရည်းစား စာပေးခြင်း၊ ရည်းစားစကားပြောခြင်းတို့ လုပ်ကြပါသည်။ သူတို့သည် သင်္ကန်းဝတ်ထားပြီး နံနက် ၄ နာရီခန့်တွင် ဘုရားရှိခိုး အမျိုးမျိုး ပရိတ် အမျိုးမျိုးတို့ ရွတ်ဖတ်ခြင်းကြောင့်သာ ဘုန်းကြီး၊ ကိုရင်ဟု ခေါ်ဆိုကြပါသည်။

## ဘဝသစ်အဖွဲ့၏ ဆောင်ရွက်ချက်များ

၁၉၅၄ ခုနှစ်တွင် မိုင်းမောဘဝသစ်အဖွဲ့ ရောက်ရှိချိန်မှာ ယဇ်ပူဇော်သော အလေ့အထများ ရှိနေဆဲဖြစ်ပါသည်။ ဘဝသစ်အဖွဲ့အား ခြိမ်းခြောက်ရာ အဖွဲ့ဝင်များက မိမိတို့သည် ဒေသခံဆွေမျိုးများ၏ တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ရန်

www.burmeseclassic.com

www.burmeseclassic.com


လာကြခြင်းဖြစ်ကြောင်း၊ ဒေသခံဆွေမျိုးများအား ဒုက္ခပေး နှိပ်စက်ခြင်း ပြုမည်မဟုတ်ကြောင်းတို့ကို စကားပြန်နှင့်ရှင်းလင်း ပြောပြရပါသည်။

အခါအားလျော်စွာ ကျေးရွာများသို့ သွားရောက်လည်ပတ်ပြီး ဒေသခံတို့နှင့် ရင်းနှီးမှုရအောင် ပေါင်းသင်းရပါသည်။ ဘဝသစ်အဖွဲ့မှ ကူညီဆောင်ရွက်ပေးမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွေးမြူရေးတို့ကို တိုးတက်အောင် ဆောင်ရွက်ပေးမည့် အကြောင်းများ ပြောပြကြရပါသည်။ ဤသို့ဖြင့် ဒေသခံများက ရင်းနှီးမှုပြလာသောအခါ လုပ်ငန်းစတင်နိုင်ကြပါသည်။

"ဝ" နယ်မှ ကျန်းမာသန်စွမ်းသော လူငယ်များကို စစ်တပ်ထဲသို့ စစ်သားအဖြစ် လက်ခံနိုင်ရန် သက်ဆိုင်ရာ စစ်ဗိုလ်များနှင့် တိုင်ပင်စီစဉ်ပေးခြင်း၊ အမျိုးသမီးများအား စစ်သားများက အိမ်ထောင်ပြုလျှင် ဘဝသစ်အဖွဲ့က လက်ဖွဲ့ပစ္စည်းများ၊ ငွေများ ထောက်ပံ့ကူညီခြင်းဖြင့် ရင်းနှီးမှု၊ ယုံကြည်မှု ရှိလာစေရန် ဆောင်ရွက်ကြရပါသည်။

"ဝ" ဒေသမှာ အလုပ်အတွက် အခကြေးငွေပေးပြီး စေခိုင်း၍မရပါ။ ခင်မင်ရင်းနှီးအောင် စည်းရုံးပေါင်းသင်း၍ ဘဝသစ်အဖွဲ့အတွက် လိုအပ်သော အဆောက်အအုံများကို ဆောက်လုပ်ရာတွင် ထမင်းကျွေးဖိတ်ခေါ်ပြီး ကူညီဆောက်လုပ်ကြရပါသည်။ ထိုကဲ့သို့ လုပ်ကိုင်ခြင်းကို သူတို့ဒေသ အသုံးအနှုန်းအရ "အားချသည်" ဟု ခေါ်ပါသည်။ ပြည်မမှာ အချို့ကျေးရွာများတွင် အိမ်ဆောက်ခြင်း အိမ်မိုးခြင်း၊ အိမ်ပြုပြင်ခြင်းတို့တွင် ရွာသူရွာသားများ တက်ကြွမ်း သည့်ဘက်က ဝင်ကူလုပ်ကြပါသည်။ ကူညီသူများကို အိမ်ရှင်က

www.burmeseclassic.com

ww.burmeseclassic.com



ထမင်းကျွေး၊ ကွမ်းဆေး ဧည့်ခံရပါသည်။ ထိုဓလေ့မျိုး "ဝ" နယ်တွင် ရှိနေခြင်းက ကောင်းမွန်သော ဓလေ့ဟု ဆိုရပါမည်။

ဘဝသစ်အဖွဲ့ခေါင်းဆောင် ဦးကျော်အေးသည် ပလောင်လူမျိုးဖြစ်၍ "ဝ" တို့နှင့် စကားအပြောအဆို ဆက်ဆံရာတွင် လွယ်ကူမှုရှိပါသည်။ အဆောက်အအုံ ကူညီဆောက်ပေးကြသူများကို ထမင်းကျွေးပြီး ပုတီးနှားတောင်းနှင့် အဝတ်အထည်များ လက်ဆောင်ပေးသဖြင့် သူတို့ပျော်သွားကြပါသည်။

စခန်းဆောက်ပြီးနောက် ၂ ရက်အကြာ၌ ဘဝသစ်စခန်းသို့ လာရောက်ပြီး ရုပ်ရှင်ကြည့်ရန် ဖိတ်လိုက်ပါသည်။ လက်လှမ်းမှီရာ ရွာသားများလည်း ခေါ်လာရန် မှာကြားလိုက်ပါသည်။

ထိုဒေသတွင် ရုပ်ရှင်ကို တစ်ခါမျှမကြည့်ဘူးသဖြင့် ရုပ်ရှင်ကြည့်မည့်သူများ တော်တော်များများ ရောက်လာကြပါသည်။ ရုပ်ရှင်မပြမီ လက်ဆောင်ပစ္စည်းများပေးသဖြင့် လွန်စွာကျေနပ်ဝမ်းသာကြပါသည်။ ရုပ်ရှင်ပြသသောကားများမှာ ဗဟုသုတရသော ဇာတ်ကားများ၊ ကာတွန်းကားများကို ပြသပြီး အဖွဲ့ခေါင်းဆောင်က ဘာသာပြန်ပြောပြသဖြင့် လွန်စွာစိတ်ဝင်စားကြပါသည်။

ထိုစိတ်ဝင်စားမှုကို အရှိန်ယူ၍ လူထုပညာရေး၏ လုပ်ငန်းစဉ် ရုပ်ငြိမ်ဇာတ်ကားများ ပြသ၍ ဟောပြောရပါသည်။

ဒေသခံလူထုနှင့် ရင်းနှီးမှုရလာသောကြောင့် သူနာပြုတာဝန်ခံနှင့် မိခင်နှင့်ကလေးပြုစုရေး ဆရာမတို့က ဆေးခန်းဖွင့်၍ ပြုစုကုသပေးပါသည်။ အနီးအနားမှ "ဝ" အမျိုးသမီး ၃-၄ ယောက်ကို ခေါ်၍ အိမ်တွင်းမှုတာဝန်ခံ ဆရာမက ရေချိုးသန့်စင်ပေးခြင်း အဝတ်အစားသစ်များ ဝတ်ဆင်ပေးခြင်း၊ မြန်မာစကား တစ်လုံးစ နှစ်လုံးစ ပြောတတ်အောင် သင်ပေးခြင်းဖြင့် စည်းရုံးမှုကို ဆောင်ရွက်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## လေ့လာရေးအဖွဲ့

အိမ်တွင်းမှုတာဝန်ခံ ဆရာမကလည်း အချက်အပြုတ်မှ စ၍ လက်ချုပ်၊ စက်ချုပ်၊ ဇာထိုး၊ သိုးမွေးထိုးတို့ကို စိတ်ပါလာအောင် ဆွဲဆောင်သင်ပြပေးပါသည်။ ပညာရေးတာဝန်ခံကလည်း သက်ကြီးအသုံးလုံး သင်နည်းဖြင့် စာများစတင် သင်ကြားပေးပါသည်။ ထို့ပြင် အိမ်ခြံဝင်းများခတ်ခြင်း၊ နွားတင်းကုတ် စပါးကျီများ ဆောက်လုပ်ခြင်းတို့ကို တစ်စ၊ တစ်စ စည်းရုံးဆောက်လုပ်ပေးကြပါသည်။ ယင်းသို့ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်ရလာသောအခါ "ဝ" နယ်မှ လူလတ်တန်းစား တိုင်းရင်းသားများအား ရန်ကုန်မြို့သို့ ဗဟုသုတလေ့လာရေး ခရီးထွက်ရန် အစီအစဉ်တစ်ရပ်ရေးဆွဲ ဆောင်ရွက်ပါသည်။

လေ့လာရေးခရီးတွင် လူပေါင်း (၁၇၅) ယောက် လိုက်ပါရန် စာရင်းပေးပါသည်။ ထိုအစီအစဉ်အတွက် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များကို တင်ပြအကူအညီတောင်းခံရာ မိုင်းမောမှ လားရှိုးမြို့အထိ သွားလာရေးအတွက် ကားများ၊ စားသောက်ရေး တည်းခိုရေးတို့ပါ ကူညီကြပါသည်။ လေ့လာရေးအဖွဲ့သားများ လားရှိုးသို့ရောက်ပြီး တစ်ညအိပ်ကြပါသည်။ လားရှိုးမှာ မြို့မ ဝန်ထောက်ကြီးက မန္တလေးမြို့အထိ ပို့ဆောင်ရေးနှင့် စားသောက်ရေးတို့ တာဝန်ယူကူညီပေးပါသည်။

လေ့လာရေးအဖွဲ့သားများ မန္တလေးသို့ ရောက်သောအခါ လူထုပညာလက်ထောက်တိုင်းမှူး၏ ဆွေမျိုးသားချင်းများဖြစ်သော ပလောင်လက်ဖက်ကုန်သည်များက မန္တလေးမြို့တွင် ဘုရားဖူးရန်နှင့် လှည့်လည်လေ့လာရေးအတွက် ကုန်ကျမည့်ငွေများကို ရက်ရက်ရောရော လှူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတွင် ဘုရားများနှင့် မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို ဖူးမြော်ခြင်း၊ မြို့တွင်း၊ နန်းတွင်းသို့ လှည့်ပတ်လေ့လာခြင်းတို့ ပြုလုပ်ပေးပါသည်။

ရန်ကုန်မြို့သို့ခရီးဆက်ရန်အတွက် မန္တလေးတိုင်းမင်းကြီးအား တင်ပြအကူအညီတောင်းခံရာ၊ မန္တလေးမှ မီးရထားဖြင့် ရန်ကုန်သို့သွားရန် စရိတ်နှင့် လမ်းမှာစားသောက်စရိတ်များကိုပါ တာဝန်ယူစီစဉ်ပေးပါသည်။ ဤသို့ဖြင့် "ဝ" နယ်မှ ဗဟုသုတ လေ့လာရေးအဖွဲ့သား (၁၇၅) ယောက်ကို ဘဝသစ်အဖွဲ့မှ ဦးဆောင်ကာ ရန်ကုန်မြို့သို့ ချောမောစွာ ခေါ်ဆောင်လာခဲ့နိုင်ပါသည်။

လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိလာသောရက်မှာ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပနေခိုက် ဖြစ်ပါသည်။ သာသနာရေးဌာန ပါလီမန်အတွင်းဝန် ဦးသန်းစိန်၏ စီစဉ်ပေးချက်အရ လေ့လာရေးအဖွဲ့သားများသည် ထိုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ခွင့် ရရှိပါသည်။

လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများကို စုံညီစွာ တွေ့မြင်ကြရသောကြောင့် လေ့လာရေးအဖွဲ့သားများ အထူးဝမ်းသာကျေနပ်ကြပါသည်။ ထို့နောက် နိုင်ငံတော်အလံတင်အခန်းအနားကို ကြည့်ရှု၍ ကိုယ်တိုင်ပါဝင်အလေးပြုကြရခြင်း၊ နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို ဖတ်ကြားရာမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးအတွက် သွေးချွေး၊ မျက်ရည်တို့ဖြင့် ရင်းနှီး၍ တိုက်ပွဲဝင်ခဲ့ရကြောင်းများတို့ ကြားသိရသော လေ့လာရေးအဖွဲ့သားများမှာ မျိုးချစ်စိတ်ဓာတ်များ ဖြစ်ပေါ်လာကြပါသည်။ လွတ်လပ်ရေးကျင်းပရေးအဖွဲ့ဝင်များတာ

www.burmeseclassic.com

www.burmeseclassic.com


တရင်းတနှီး အရေးတယူ နှုတ်ဆက်ခြင်းပြုသဖြင့် ပြည်ထောင်စု စိတ်ဓာတ်များ ဖြစ်ပေါ်ခြင်း၊ နိုင်ငံတော်အစိုးရကို ယုံကြည်လေးစား မှုများ ဖြစ်လာကြပါသည်။

နောက်နေ့များတွင် ရန်ကုန်မြို့တော်အနှံ့ လေ့လာသင့်သော အချက်အချာဌာနများသို့ လိုက်လံပြသပါသည်။ တောင်တန်းသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဝေဠုဝန်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြပါသည်။ ဝေဠုဝန်ကျောင်းတိုက်ကြီးရှိ ရဟန်းသာမဏေများ စာသင်ကြားကြပုံ၊ ဝိနည်းနှင့်အညီ နေထိုင်ကြပုံ၊ ဆွမ်းဘုန်းပေးနေကြပုံတို့ကို ကြည့်ရှုလေ့လာခွင့် ရကြပါသည်။ ထို့နောက် ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ကြည်ညို ဖူးမြော်ကြပါသည်။

လေ့လာရေးအဖွဲ့ထဲတွင် "ဝ" နယ်မှ "ဘုရားထန်" ဘွဲ့တော်ဖြင့် ရဟန်းတစ်ပါး လိုက်ပါလာပါသည်။

ထိုရဟန်းသည် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုနေခိုက်မှာ "ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်တစ်ဦးကို" သူ့အာရုံတွင် မြင်တွေ့နေပါသည်။ ထိုပုဂ္ဂိုလ်က "ဘုရားထန်" နေရပ်ပြန်ရောက်ပြီး ဗုဒ္ဓသာသနာကို စင်ကြယ်စွာ သာသနာပြုမည်ဆိုလျှင် လိုအပ်သောအကူအညီများ ပေးမည်ဟု အမိန့်ရှိကြောင်းကို တည်းခိုရိပ်သာသို့ ပြန်ရောက်သောအခါ ပ/မှူး ခေါင်းဆောင်ကို ပြောပြပါသည်။

အပြန်ခရီးတွင် လေ့လာရေးအဖွဲ့သားများသည် သစ်စက်၊ ဆန်စက်၊ အထည်စက်၊ သကြားစက်များကို လေ့လာကြည့်ရှုခွင့် ရခဲ့ကြသဖြင့် သူတို့အချင်းချင်း နိုင်ငံတော်၏ တိုးတက်ပုံများကို ပြောကြားလာကြသည်မှာ အားရစရာကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စပါးများရိတ်သိမ်းချိန် ဖြစ်၍ လမ်းခရီးတစ်လျှောက်ရှိ စပါးအဝယ်ဒိုင်များတွင် တောင်လိုပုံထားသော စပါးပုံကြီးများကို ပြပြီး "မိတ်ဆွေတို့ ဒီစပါးတောင်လိုမောက်အောင် ထွက်ရှိတာဟာ လူခေါင်းဖြတ်ပြီး ယဇ်ပူဇော်လို့ ရလာတာမဟုတ်ပါဘူး။ လယ်သမားများ ကြိုးစားမှုကြောင့်သာ ရရှိတဲ့စပါးတွေ ဖြစ်ပါတယ်။ ဒါကြောင့် ယဇ်ပူဇော်တဲ့ဓလေ့ကို စွန့်လွှတ်ကြဖို့ အချိန်တန်ပါပြီ မိတ်ဆွေတို့ရယ်" ဟု ပ/မှူးခေါင်းဆောင်က တိုက်တွန်းပြောပြလိုက်ပါသည်။

နေရပ်သို့ပြန်ရောက်ကြသောအခါ လေ့လာရေးအဖွဲ့သားများက သူတို့၏ အတွေ့အကြုံများကို အချင်းချင်းပြောပြကြသဖြင့် စိတ်သစ်များပြောင်းလဲလာကြပါသည်။ သာသနာပြုကိစ္စအတွက်လည်း ဘုရားထန်က သိန္နီဂိုဏ်းချုပ်ဆရာတော်ကြီးအား လျှောက်ထားပါသည်။ ဆရာတော်ကြီးကလည်း "ဝ" နယ်မှ ရဟန်းများကို သိက္ခာထပ်ပေးပါသည်။ ထို့နောက် "ဝ" လူငယ် (၁၅) ယောက်ကို ရှင်သာမဏေအဖြစ် ရှင်ပြုပွဲကျင်းပရန် မှူးများ၏ စည်းရုံးမှုမှာလည်း အောင်မြင်သွားပါသည်။

သာသနာပြုလုပ်ငန်းများ အောင်မြင်တိုးတက်လာသဖြင့် သာသနာပြုကျောင်းတစ်ကျောင်းဆောက်လုပ်ရန် မန်ဆိုင်စော်ဘွားထံမှ မြေနေရာအလှူခံရာ မြေတစ်ကွက်လှူဒါန်းပါသည်။ ထိုမြေကွက်မှာ နတ်တောကြီးဖြစ်နေသည့်အပြင် နှစ်ပေါင်း ၁၀၀ ကျော်က ပေါက်နေခဲ့သော လွန်စွာကြီးမားသောညောင်ပင်ကြီးနှစ်ပင် ရှိနေပါသည်။ ၎င်းညောင်ပင်ကြီးများတွင် တန်ခိုးကြီးသော နတ်ကြီးများနေထိုင်သည်ဟု ပြောကြပြီး မည်သူမျှမခုတ်လှဲဝံ့ကြပါ။

ထိုအခါ ဘုရားထန်က သာသနာပြုလျှင် ကျဉ်းမည်ဟု ရွှေတိဂုံစေတီကြီးမှာတင်းက ပြောခဲ့သည့် ဝတ်ဖြူပင်ကြယ်ဖြင့်

www.burmeseclassic.com



ပုဏ္ဏိုလ် ကြီးကို တိုင်တည်၍ အဓိဋ္ဌာန်(၁၀)ရက် ဝင်ပါသည်။ အဓိဋ္ဌာန် (၃)ရက်မြောက်သောနေ့တွင် မိုးလည်းမရွာ လေလည်း မတိုက်ဘဲ ညောင်ပင်ကြီးနှစ်ပင်သည် အလိုအလျောက် လဲကျသွားပါသည်။

ဤအဖြစ်အပျက်ကို -

(၁) ဗိုလ်မှူးကြီးအောင်လွင်၊ (က. က ထူးစစ်ရုံးချုပ်)

(၂) ဗိုလ်မှူးလွင်မြင့် ၊ (ယခုစက်မှု -၁)

(၃) ဗိုလ်မှူးညိုအေး၊

(၄) နယ်ခြားဝန်ထောက် ဦးထွန်းလွင်နှင့် ဘဝသစ်အဖွဲ့ဝင်များ ကိုယ်တိုင်တွေ့မြင်သိရှိကြပါသည်။

ထိုသို့ ထူးခြားအံ့ဩဖွယ်ဖြစ်ရပ်ကြောင့် ဘုရားထန်၏ ဘုန်းတန်ခိုးမှာ တစ်ရှိန်ထိုး တိုးတက်သွားပါသည်။ သာသနာပြုကျောင်းကိုလည်း အောင်မြင်စွာ ဆောက်လုပ်နိုင်ပါသည်။ ကျောက်မဲ၊ သိန္နီ၊ လားရှိုးတို့မှ ရှမ်း၊ ပလောင်နှင့် "ဝ" များသည် ကားကြီးကားငယ်များဖြင့် လာရောက်ဖူးမြော်ကြပါသည်။ သရဏဂုံ ဆောက်တည်ကြပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြပါသည်။

ဘုရားထန်က (၉)တောင်ပြည့် ကြေးဆင်းတုတော်ကြီး သွန်းလောင်းပူဇော်လိုကြောင်း အမိန့်ရှိသဖြင့် "ဝ" နယ်သူနယ်သားများက ကြေးဖလား၊ ကြေးအိုး၊ ကြေးခွက်များ လှူဒါန်းကြသည်မှာ (၁၀)ပေ ပတ်လည်ခန်းလုံးပြည့် ရရှိပါသည်။ ထိုကြေးဖလား ကြေးခွက်များကို မန္တလေးသို့ သယ်ယူသွားပြီး (၉)တောင်ပြည့် ကြေးဆင်းတုတော်ကြီး သွန်းလုပ်ပူဇော်ပါသည်။ ဤသို့ဖြင့်

၁။ ရန်ကုန်မြို့တွင် လွတ်လပ်ရေးနေ့ အခမ်းအနားကို တက်ရောက်ခွင့် ရရှိကြ[illegible]င် "ဝ" ဇာမျိုးသားများ

ww.burmeseclassic.com



တွင် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ထားများ နိုးကြားလာကြပါသည်။

၂။ လေ့လာရေးခရီးအတွင်း သူတို့ မမြင်ဘူးကြသော စက်ရုံကြီးများ၊ စပါးပုံကြီးများကို ကိုယ်တိုင်တွေ့ရှိခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကို ယုံကြည်အားကိုးလာကြပါသည်။

၃။ ခရီးစဉ်တစ်လျှောက်တွင် မြန်မာနိုင်ငံသားများက နွေးထွေးစွာ ကျွေးမွေးဧည့်ခံကြသဖြင့် မြန်မာလူမျိုးတို့သည် "ဝ" တို့၏ ဆွေမျိုးများ ဖြစ်ကြသည်ဟု သဘောပေါက်သွားကြပါသည်။

၄။ ဘ၀သစ်အဖွဲ့၏ ဖွဲ့လုံ့လဖြင့် ကြိုးစားစည်းရုံးလုပ်ဆောင်မှုများကြောင့် လူခေါင်းဖြတ်ပြီး ယဇ်ပူဇော်သော ဓလေ့ကြီးကို တွန်းလှန်ကြကာ လူသစ်ဘ၀သစ်ဖြင့် တိုးတက်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## နာဂ- ဟတ္ထိစခန်း ဘဝသစ် ဖန်တီးရေးအဖွဲ့

နာဂတောင်တန်းတွင် ဘဝသစ်အဖွဲ့ သွားရောက်စခန်းဖွင့်နိုင်ရေးအတွက် လူထုပညာရေးကောင်စီမှ စီစဉ်ရေးမှူး ဦးခင်ညိုအား ရှေ့ပြေးသွားရောက် လေ့လာရန် တာဝန်ပေး စေလွှတ်ခဲ့ပါသည်။ စီစဉ်ရေးမှူး ဦးခင်ညို လေ့လာတွေ့ရှိချက်များကို အခြေပြု၍ ခန္တီးခရိုင် ဟတ္ထိရွာတွင် ဘဝသစ်အဖွဲ့ စခန်းတည်ဆောက်ရန် ရွေးချယ်လိုက်ပါသည်။

အဖွဲ့ဝင်များ

(၁) ဦးအေး မှူး၊ - အဖွဲ့ခေါင်းဆောင်။
(၂) ဦးလှိုင်ကြွယ် မှူး၊ - ဒုတိယခေါင်းဆောင်နှင့် ကျန်းမာရေး တာဝန်ခံ။
(၃) ဦးအုန်းမောင် မှူး၊ - စီးပွားရေး တာဝန်ခံ (စိုက်ပျိုးရေး)
(၄) ဦးအောင်ဇံ ကျွမ်းကျင် - တိရစ္ဆာန်မွေးမြူရေး တာဝန်ခံ။
(၅) ဦးကျော်ရင် မှူး၊ - ဆောက်လုပ်ရေး တာဝန်ခံ။
(၆) ဦးသိန်းဖေ မှူး၊ - ပညာရေး တာဝန်ခံ။
(၇) ဦးအမ်ကျော်မြင့် မှူး၊ - ဖျော်ဖြေရေး တာဝန်ခံ။
(၈) ဦးချစ်ဖေ မှူး၊ - ကစားခုန်စား တာဝန်ခံ။

www.burmeseclassic.com


(၉) ဒေါ်ခင်စောစန်း မှူး၊ - အိမ်တွင်းမှု တာဝန်ခံ။
(၁၀) ဒေါ်စိန်စိန် မှူး၊ - သူနာပြု တာဝန်ခံ။
(၁၁) ဒေါ်သိန်းကြည် (L. H. V) - မိခင်နှင့်ကလေးစောင့်ရှောက်ရေး တာဝန်ခံ။
(၁၂) ဒေါ်စိန်ရွှေ ကျွမ်းကျင်။ - ယက်ကန်း တာဝန်ခံ။
(၁၃) ဒေါ်သိန်းသိန်း ။ - ယက်ကန်း တာဝန်ခံ။
(၁၄) ဦးစံမြင့် ။ - ပန်းဘဲ တာဝန်ခံ။
(၁၅) ဦးဘိုးသက် ။ - အိုးလုပ်ငန်း တာဝန်ခံ။
(၁၆) ဒေါ်လွင် ။ - အိုးလုပ်ငန်း တာဝန်ခံ။
(၁၇) ဦးထွန်းရ ။ - လွှဆွဲ တာဝန်ခံ။
(၁၈) ဦးရောဘတ်စိန်ထွန်း မှူး - ကြိုးမဲ့ ကြေးနန်း တာဝန်ခံ။

နာဂတောင်တန်း ဒေသတွင် ဆွမ်မရ တောင်တန်း၊ လဟယ်နယ်၊ ခန္တီးစော်ဘွားပိုင်နယ်နှင့် သောင်သွတ် စော်ဘွားပိုင်နယ်မြေများ ပါဝင်ပါသည်။ အရှေ့ဘက်တွင် မြစ်ကြီးနားခရိုင်၊ အနောက်ဘက်တွင် မဏိပူရနယ်၊ တောင်ဘက်တွင် အထက်ချင်းတွင်းခရိုင်နှင့် မြောက်ဘက်တွင် တိဘက်ပြည်တို့ရှိကြပါသည်။ စာရာမေရိတောင်သည် ပေပေါင်း (၁၂၅၅၃) ရှိသဖြင့် အမြင့်ဆုံးတောင်ဖြစ်ပါသည်။ ခန္တီးစော်ဘွားပိုင် နယ်မြေအတွင်းရှိ အိမ်ခြေ (၁၀၀)ခန့် ရှိသော ခန္တီးတွင် ခရိုင်ဝန်ရုံးစိုက်၍ အိမ်ခြေ (၆၀)ခန့်ရှိ၊ လဟယ်တွင် နယ်ပိုင်ဝန်ထောက်ရုံး ရှိပါသည်။

ချင်းတွင်းမြစ်ဝှမ်း တစ်လျှောက် မြေပြန့်တွင် ဗုဒ္ဓဘာသာ ချင်းလူမျိုးများ နေထိုင်၍ တောင်ပေါ် မြေမြင့်တွင် နတ်ကိုးကွယ်သော နာဂလူမျိုးများ နေထိုင်ကြပါသည်။ နာဂ လူဦးရေ မည်မျှရှိကြောင်း အတိအကျ [illegible] ရှိရပါ။ ခန္တီးမှ နမ့်ဇလိန်ချောင်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com


သွားပြီး ထိုမှ ဟာတ္တိ၊ လဟယ်သို့ ခြေလျှင်သော်လည်းကောင်း၊ လားများဖြင့်သော်လည်းကောင်း သွားကြရပါသည်။ ရန်ကုန်မှ ခန္တီးသို့ လေကြောင်းဖြင့် သွားနိုင်သော်လည်း လေယာဉ်ခရီးစဉ်မှာ တစ်ခါတစ်ရံမှသာ ရှိပါသည်။ အမြဲမရှိပါ။ နာဂလူမျိုးများ၏ စီးပွားရေးမှာ ဝါးကြိမ် ရက်လုပ်ခြင်း၊ မျှားဖွပ်ခြင်း၊ ဝက်ကြက်မွေးမြူခြင်းတို့ ရှိပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ပဲပြောင်းများ စိုက်ပျိုးကြပါသည်။

နာဂ ဘဝသစ်အဖွဲ့သည် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာ (၁၂)ရက်နေ့တွင် နာဂတောင်တန်းသို့ ခရီးစတင်ထွက်ခွာကြရာ ရန်ကုန်မှ မန္တလေးသို့ လေယာဉ်ဖြင့် သွားရောက်ကြရပါသည်။ မန္တလေးမြို့ မင်းတဲအမှတ် (၁)မှာ (၁၀)ရက်စောင့်ဆိုင်းရပြီး ယူဘီမော်တော်ငှား၍ ပစ္စည်းများ တင်ရပါသည်။ ပစ္စည်းများ အပေါ်မှာ ဘဝသစ်အဖွဲ့ဝင်များ နေရာယူ၍ အပေါ်က ရွက်ထည်များမိုးလျက် ပင်လုံသင်္ဘောကြီးကို တွဲ၍ လိုက်ရပါသည်။ (၂၂. ၁၁. ၅၂)ရက်နေ့ မန္တလေးမှ မုံရွာ၊ ကနီ၊ ကလေးဝမြို့များကို ဖြတ်ပြီး ချင်းတွင်းမြစ်ကို ဆန်တက်ခဲ့ရာ မော်လိုက်မြို့သို့ (၂၈. ၁၂. ၅၂)ရက်နေ့တွင် ရောက်ရှိပါသည်။ နောက်တစ်နေ့တွင် ကံကောင်း တစ်ထပ်သင်္ဘောပေါ်သို့ ပြောင်းရွှေ့ကာ ယူဘီကို တွဲ၍ ဆက်လက်ဆန်တက်ခဲ့ပါသည်။ တံငါရွာ၊ ဖောင်းပြင်မြို့၊ နောင်ဆန်းကျင်ရွာ တို့ကို (၃) ညအိပ် ခုတ်မောင်းပြီး (၁. ၁၂. ၅၃)ရက်နေ့တွင် ဟုမ္မလင်းမြို့သို့ ရောက်ကြပါသည်။ ဟုမ္မလင်းမှာ ညအိပ်ရပ်နားနေစဉ် ပါလီမန်အမတ် ဦးလှတင်က ညစာစားပွဲဖြင့် ဧည့်ခံပါသည်။ ထို့နောက် "ကံသာ"ခေါ် ရေတိမ်သွား သင်္ဘောလေးက ယူဘီကိုတွဲပြီး ဆက်လက် ဆန်တက်ခဲ့ရာ ခန္တီးမြို့ကို (၆. ၁၂. ၅၃)နေ့တွင်

www.burmeseclassic.com

ww.burmeseclassic.com



ရောက်ရှိပါသည်။ ခန္တီးမှာ အိမ်ခြေ ၁၀၀ ကျော်ရှိ၍ ခရိုင်ဝန်ရုံး စိုက်သော မြို့ဖြစ်ပါသည်။ ရှေးခါက စော်ဘွားများ အုပ်ချုပ်ခဲ့ပါသည်။ ခန္တီးမှာ ရေလမ်းသဘော်ခရီးဆုံးသောမြို့ ဖြစ်ပါသည်။

ဘဝသစ်အဖွဲ့ စခန်းချဆောင်ရွက်မည့် ဟတ္ထိရွာသည် ခန္တီးမှ (၇)မိုင်ခန့်ဝေးပြီး နာဂတောင်ဓာန်းပေါ်မှာ တည်ရှိပါသည်။ ဟတ္ထိရွာဒေသမှာ နယ်မြေအေးချမ်းမှု မရှိသေးခြင်းကြောင့်လည်းကောင်း၊ အဖွဲ့အတွက် ရွက်ထည်တဲများ မရောက်လာသေးခြင်းကြောင့် လည်းကောင်း ခန္တီးမှာ တစ်လခန့် စောင့်ဆိုင်းနေရပါသည်။ ထိုသို့ စောင့်ဆိုင်းနေသည့်အချိန်အတွင်းမှာ ခန္တီးမြို့ရှိ ဘုရားစေတီများကို သန့်ရှင်းရေး လုပ်ခြင်း၊ ကစားကွင်းများ ပြုလုပ်ခြင်း၊ ညဘက်တွက် မြို့လူထုကို ရုပ်ရှင်ပြသဖျော်ဖြေပေးပါသည်။

ဟတ္ထိရွာသို့ (၃)ယောက်စီ အလှည့်ကျသွားပြီး စခန်းအတွက် နေရာရွေးခြင်း၊ သစ်ပင်ခြုံနွယ်များရှင်းခြင်း၊ မြေများညှိခြင်းများကို ဆောင်ရွက်ထားပါသည်။ ရွက်ဖျင်တဲများ ရောက်လာသောအခါ လေးလံသောပစ္စည်းများနှင့် ရှည်လျားကြီးမားသော ပစ္စည်းများကို အဖွဲ့ဝင်ထဲမှ အသက်ကြီးသူ (၉)ဦးကို လှေ (၉)စင်းပေါ်တွင် လိုက်ပါကြီးကြပ်စေ၍ နန့်စလိန်ချောင်းအတိုင်း ဆန်တက်သွားရပါသည်။

ကျန်အဖွဲ့ဝင်များသည် လားအကောင် (၁၄၀)ငှား၍ ပစ္စည်းများကို တင်ပြီး နာဂတောင်တန်းပေါ်သို့ တက်ခဲ့ကြပါသည်။ ပေပေါင်း (၈၀၀၀) ကျော်မြင့်မားသော တောင်တန်းများပေါ်သို့ တစ်တောင်တက် တစ်တောင်ဆင်း၍ ပင်ပန်းခက်ခဲစွာ တက်ခဲ့ကြပါသည်။ စတင်ခရီးထွက်ခဲ့သောရက်မှ ဟတ္ထိစခန်းအရောက် (၃) [illegible] အချိန်ကြာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဆော်လော်နာဂတို့၏ အန္တရာယ်ကို ကြောက်နေကြသော ဟတ္ထိရွာသားနာဂများသည် တောတွင်းမှာ ပုန်းအောင်းနေကြရသဖြင့် ရွာထဲတွင် သာသနာပြုဘုန်းကြီးနှင့် ကျောင်းဆရာ၊ ရွာသားအနည်းငယ်သာ ရှိပါသည်။ ဘဝသစ်အဖွဲ့တွင် လက်နက်များပါလာသည့်အပြင် ရဲအစောင့်အရှောက်များပါ ပါလာရာ ဆော်လော်နာဂများ ဘေးရန်မှ ကာကွယ်ပေးမည့် အကြောင်းကို သာသနာပြု ဘုန်းကြီးနှင့် ကျောင်းဆရာတို့က ပြောပြောစည်းရုံးမှုကြောင့် ရွာသားများ ရွာထဲသို့ တစ်စ တစ်စ ရောက်လာကြပါသည်။ ဘဝသစ်အဖွဲ့ကိုလည်း မီးပုံပွဲဖြင့် ကြိုဆိုဧည့်ခံကြပါသည်။

စီးပွားရေးမှာ ယောကျ်ားများက အမဲလိုက်ပြီး လူငယ်များနှင့် အမျိုးသမီးများက တောင်ယာခုတ်၍ မိမိတို့မိသားစု စားလောက်ရုံသာ စိုက်ပျိုးကြပါသည်။

ပညာရေးမှာ လုံးဝမရှိ ကျောင်းဆရာတစ်ဦးရှိသော်လည်း ကျောင်းသားမရှိ၍ စာမသင်ရပါ။ ကျန်းမာရေးမှာ အလွန်နိမ့်ကျပါသည်။ ရေလုံးဝမချိုး၊ အိပ်ရာထလျှင် မျက်နှာသစ်ခြင်း မရှိသဖြင့် တစ်ကိုယ်လုံးနံစော်နေပါသည်။ အသားအရေမှာ နေလောင်ထားသဖြင့် တစ်ကိုယ်လုံးမွဲခြောက်ခြောက်ဖြစ်နေကြပါသည်။ အများအားဖြင့် မျက်စိနာကြသည်။ သစ်ခေါက်တစ်မျိုးကို ကွမ်းစားသကဲ့သို့ အမြဲဝါးစားနေသဖြင့် သွားများ၊ သွားဖုံးများမှာ မည်းနေကြပါသည်။

နေအိမ်များမှာ အိမ်ရှေ့တွင် အဝင်ပေါက်တစ်ပေါက်နှင့် အိမ်နောက်ဘက်တွင် မလွယ်ပေါက်တစ်ပေါက်သာ ရှိသည်။ ...ပ်မှာ လည်း ကုပ်ကုပ်ဆောက်ထားသဖြင့် အလင်းရောင်မရပါ။ ...နေ့တွင် ...င် ... ...ငမျိုး...

www.burmeseclassic.com

www.burmeseclassic.com


အလယ်တွင် မီးဖိုထားသဖြင့် ထိုမီးဖိုမှ အလင်းရောင်မှုန်မွှားမွှားကို အားကိုးပြု၍ အိမ်ထဲသို့ဝင်ရပါသည်။

တဲကုပ်ကုပ်ဆောက်ထားခြင်းမှာ လေတိုက်သက်သာ စေရန်လည်းကောင်း ရန်သူလာပါက အမှောင်မှနေသူကသာ ဦးစွာမြင်နိုင် ပြီး ရန်သူကို လက်ဦးအောင် တိုက်ခိုက်နိုင်ရန်အတွက် ဖြစ်ပါသည်။

သူတို့မှာ စောင်လုံလောက်အောင် မရှိကြပါ။ တဲအိမ်၏ ထောင့်တွင် မိသားစုအိပ်ရန် ဝါးစင်ငယ်များထိုးထားပါသည်။ ထိုစင်များအောက်မှာ မြေကိုဘောင်ခက်၍ အလယ်မြေကိုသိပ် ထည့်ပြီး ညှိထားပါသည်။ ထိုညှိထားသောမြေပေါ်မှာ မီးကျီခဲများ ထည့်၍ ညအိပ်ကြပါသည်။ သန်းခေါင်လောက်မှာ မီးခဲများကို လှန်ပေးခြင်းဖြင့် တစ်ညလုံးအနွေးဓာတ်ရအောင် ပြုလုပ်ထား ပါသည်။

ရွာသားများသည် သူတို့မိသားစု ဝမ်းစာအတွက်လောက် သာ စိုက်ပျိုးထားကြသဖြင့် သူတို့ထံမှ ဝယ်ယူစားသောက်၍မရပါ။ ဘဝသစ်အဖွဲ့အတွက် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးသေတ္တာများကို ကောင်စီမှ ရိက္ခာအဖြစ် ပေးပို့ထား သော်လည်း နေ့စဉ်ချက်စား၍ မဖြစ်ပါ။ မိုးတွင်းအတွက် ရိက္ခာ ချန်ထားရပါမည်။

တောတွင်းမှ "ဝါးရောင်းချဉ်ပင်" မှာ ပြည်မက ချဉ်ပေါင်ရွက်နှင့် အရသာတူပါသည်။ ဝါးရောင်းချဉ်ဟင်း၊ ရွာသားများထံမှ ရွှေဖရုံသီး၊ ပိန်းဥများကို စေတနာဖြင့် ပေးသဖြင့် ... ဟင်းအတွက် အတော်ပင် အားထားရပါသည်။

... များသည် ပိဂိကိကာဝန်ခံ ဆောင်ရွက်ရသော ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်အလိုက် အသီးသီးနည်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်း၍ အကောင်အထည် ဖော်ကြရပါသည်။

ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ သူတို့ဓလေ့စရိုက်အရ နေထိုင်မှုမှ လူသစ် စိတ်သစ် ဘဝသစ်ဖြစ်လာစေရန် လက်ခံလာစေရန် စည်းရုံးဆောင်ရွက်ကြရပုံများကို အပြည့်အစုံသာရေးမည်ဆိုလျှင် သီးခြားစာအုပ်တစ်အုပ်ခန့် ရေးသားဖော်ပြမှသာ ပြည့်စုံနိုင်ပါမည်။

အဝတ် ဝတ်လေ့ဝတ်ထမရှိ တောင်တန်းပေါ်မှာ မိမိတို့လူမျိုးများအလိုက် အုပ်စုဖွဲ့ရွာတည်ပြီး နေထိုင်လာကြသူများကို လူထုပညာရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း လူသစ်တည်၍ ပြည်သစ်ဆောက်အံ့ဆိုသည့် ရည်မှန်းချက်ရောက်အောင် မည်မျှခက်ခဲသော်လည်း မလျှော့သောဇွဲဖြင့် ဘဝသစ်အဖွဲ့သားများ ကြိုးပမ်းကြရမည်ကို ခန့်မှန်းကြည့်က သိနိုင်သောက်ပါသည်။

နာဂတို့အား အဝတ်ဘာကြောင့် မဝတ်ကြတာလဲဟု မေးကြည့်ရာ သူတို့သည် တောထဲ တောင်ထဲ အမြဲသွားလာ လုပ်ကိုင်နေကြသူများဖြစ်၍ အဝတ် ဝတ်ပြီးသွားရလျှင် သစ်ပင် သစ်ကိုင်း ချုံနွယ်များဖြင့် ငြိပြီးဒုက္ခရောက်ကြောင်း၊ သစ်ကိုင်းချုံနွယ်များဖြင့် ငြိနေချိန်မှာ တောရိုင်းတိရစ္ဆာန်များ၏ ရန်မူခြင်းကို လွတ်လပ်စွာ မကာကွယ်နိုင်ခြင်းတို့ကြောင့် အဝတ်မဝတ်ကြတာပါဟု ပြောပြကြပါသည်။

"လောင်ဆီဖူ" ဟုခေါ်သော သူကြီးကတော့ ပုဆိုးနှင့် စွပ်ကျယ်အကျႌကိုဝတ်၍ အပေါ်မှစောင်ခြုံကာ ခေါင်းဆောင်းတို့ လက်ကကိုင်လျက် ရောက်လာသမျှ အရေးကိစ္စ အမှုအခင်း ... ဖြေရှင်းပေးပါသည်။ ... နေ့တွင်

... ...င် ... ...ငမျိုး...

www.burmeseclassic.com



တစ်ခါမှာ သူကြီးက ဒေါသတကြီးဖြင့် ရွာသားတစ်ယောက်အား မီးလှုံနေသော ထင်းစဖြင့် ရိုက်ဖို့ရွယ်နေသောကြောင့် ဘေးက လူများက ဆွဲကြသည်ကို တွေ့ရပါသည်။ စုံစမ်းကြည့်၍ သိရသည်မှာ ဟတ္ထိရွာသား (၃) ယောက်သည် လမ်းဌာနတွင် လမ်းရှင်းသည့် အလုပ်ကို ဝင်လုပ်ကြကြောင်း။ ရရှိသောငွေကို သုံးဦးစု၍ ခန္တီးမှာ ဈေးဝယ်ကြ၍ ပစ္စည်းများလည်း အညီအမျှရကြကြောင်း။ ပိုငွေ တစ်ကျပ် (ဒင်္ဂါး ၁ ပြား) ကို ခွဲဝေမရ၍ တစ်ဦးက သိမ်းထားရ ကြောင်း။ ထိုငွေတစ်ကျပ်ကို သုံးဦးအား ခွဲဝေပေးရန် သူကြီးထံ ရောက်လာကြရာ သူကြီးက ပဲ တစ်ကျပ်ဖိုးစိဝယ်ပြီး သုံးဦးခွဲဝေ ယူရန် ပြောရာ တစ်ယောက်က သူ့အိမ်မှာ ပဲ ရှိနေ၍ ပဲ မလိုချင်ကြောင်း ပြောပြန်သဖြင့် ဒီငွေတစ်ကျပ်ကို သိမ်းထားပြီး နောက်တစ်ခါ လုပ်ခရမှ ပေါင်း၍ခွဲယူရန် သူကြီးကပြောပါသည်။ ငွေ တစ်ကျပ်ကို လူသုံးဦးအား ခွဲဝေမပေးနိုင်တာ ဘာသူကြီးလဲဟုပြော၍ ထိုသူကို သူကြီးက ထင်းစနှင့်ရိုက်ရန် ရွယ်ကြောင်းတို့ကို သိရပါသည်။ နာဂ တောင်တန်းရှိ လူများတွင် ဒင်္ဂါးပြားမှလွဲ၍ ငွေစက္ကူ ငွေအကြွေများ မသုံးစွဲကြပါ။ ဒင်္ဂါးပြား (တစ်ကျပ်စေ့) တစ်မျိုးကိုသာ သုံးစွဲကြပါ သည်။

အမျိုးသားတိုင်း အရွယ်ရောက်လျှင် နောက်ကျောမှာ ဓားထည့်ရန် သစ်သားပြား ဓားအိမ်ကို လူတိုင်းမှာ လွယ်ထားကြပါ သည်။ ရန်ဖြစ်ကြသော်လည်း ဓားကိုမသုံးဘဲ ဓားလွယ်ကို ဘေးချ ပြီး လက်သီးချင်းထိုးပြီး သတ်ပုတ်ကြပါသည်။

ထို့အပြင် ပစ္စည်းရှင်မသိဘဲ ခိုးယူသော အကျင့်ကိုလည်း [illegible]စ်ရဲ ယောကျ်ားလုပ်သူက ပစ္စည်းတစ်ခုခု [illegible]ထင်လျှင် သူ့ကိုမပေါင်းသင်းတော့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အနာႏးကပ်မခံပါ။ ထိုပစ္စည်းကို ပိုင်ရှင်အားတောင်းပန်ဝန်ချ၍ လျော်ကြေးနှင့်အတူ ပြန်ပေးကြရပါသည်။ ထိုအခါမှ ဇနီးကလည်း လက်ခံပြီး ပြန်ပေါင်းကြောင်း သိရပါသည်။ ထိုကဲ့သို့ ကောင်းမွန်သော ဓလေ့များရှိနေသော နာဂများကို အဝတ်-မဝတ်ရုံမျှဖြင့် လူရိုင်းများဟု မသတ်မှတ်ထိုက်ပါ။

တစ်နေ့တွင် ရွာသားတစ်ယောက် တောဝက်ပက်ခံရသည့် ဒဏ်ရာနှင့် ရွာထဲပြန်ရောက်လာပါသည်။ သူတို့ ဓလေ့အတိုင်း နတ်ဆရာက ဝက်ကို သတ်ပြီး ဝက်ပက်ခံရရသူ၏ ကိုယ်မှာ သွေးများလိမ်းပေး၍ နတ်တင် ကုသပေးနေပါသည်။ ဘာဝသစ် အဖွဲ့က သူနာပြုဆရာမကို ခေါ်ပြီး သွားကြည့်ပါသည်။ နတ်တင် တာလဲ တင်ပါ ဒဏ်ရာကိုလည်း ဆေးထည့်ပါပြောသော်လည်း လက်မခံကြသဖြင့် စောင့်ကြည့်နေရပါသည်။ ဝက်ပက်ခံရသူမှာ တစ်ကြိမ်က ခေါင်းလော်နာဂခေါင်းကို ဖြတ်ယူလာနိုင်သဖြင့် ဟတ္တိ ရွာ၏ သူရဲကောင်းအဖြစ် အသိအမှတ်ပြုထားသူဖြစ်ပါသည်။ (၇) ရက်ခန့်ကြာသောအခါ နတ်ဆရာက ကုသ၍မရကြောင်း ပြောပြီး လက်လွှတ်သွားပါသည်။ ထိုအခါမှ သူရဲကောင်း၏ အဒေါ် နာဂ အမျိုးသမီးကြီးက လူနာလာကြည့်ပေးရန် လာခေါ်ပါသည်။ လူနာ၏ အနာမှ ပုတ်စော်နံလှသဖြင့် အိမ်မှာမထားတော့ဘဲ "ပန်" မှာထားကြပါသည်။ "ပန်" ဆိုသည်မှာ ရွာသားလူငယ်များ စခန်းချ ရာ ရွာလယ်တွင် ဆောက်ထားသော တဲကြီးကိုခေါ်ပါသည်။

ဆရာမများက လူနာကို စမ်းကြည့်သောအခါ အနာရှိ ကြောင့် အပြင်းဖျားနေပါသည်။ အနာမှာ ပေါင်ရင်းတွင် အရှည်တစ် မိုက်ခန့်ရှိပါသည်။ အနာကို အရက်ပြန်ဖြင့်ရေးကိစ္စ အမှုဒ... သော အသားစများကို ရှင်းလင်းဖယ် ... နေ့တွင် ... ...

ww.burmeseclassic.com


ဆိုးလွန်း၍ နှာခေါင်းအဝတ်စီးပြီး ဆရာမနှစ်ယောက် အလှည့်ကျ အနာသန့်ရှင်းရပါသည်။ လိုအပ်သော ဆေးထိုးဆေးထည့်ပေးသဖြင့် တဖြည်းဖြည်း သက်သာလာပြီး တစ်လခန့်ဆေးကုပေးရပါသည်။ ထိုသူရဲကောင်း၏ အနာပျောက်သွားသည်ကို လက်တွေ့သိမြင်လာကြသဖြင့် ဆေးပေးခန်းလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ သစ်ခွဲလွှဆွဲလုပ်ငန်း၊ ပန်းပဲလုပ်ငန်းများတွင် တဖြည်းဖြည်း စည်းရုံးဆောင်ရွက်လာနိုင်ပါသည်။ အမျိုးသမီးငယ်များကို စုစည်း၍ ရေချိုးပေးခြင်း၊ အမျိုးသမီးသဘာဝ မီးယပ်ပေါ်သောအခါ သန့်ရှင်းစွာနေထိုင်နိုင်ရေးတို့ကအစ ဆောင်ရွက်ပေးသဖြင့် အောင်မြင်မှုများ ပိုမိုရရှိလာကြပါသည်။

ဟတ္ထိစံပြကျေးရွာ။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဟတ္ထိရွာစံပြကျေးရွာ တည်ဆောက်ခဲ့ကြပါသည်။ ခန္တီးခရိုင်ဝန် မစ္စတာ R.W မန်းက ဥက္ကဋ္ဌတာဝန်ယူပြီး ဘာဝသစ်အဖွဲ့ခေါင်းဆောင်က အတွင်းရေးမှူးတာဝန်ယူကာ ဆောင်ရွက်ကြပါသည်။

စံပြရွာမှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအိမ် (၁၅) လုံး ပထမ-ဆောက်ရန်ဆုံးဖြတ်ပါသည်။ သစ်များကို တောင်ပေါ်ရှိ သစ်ပင်ကြီးများကို ခုတ်လှဲပြီး လွှစက်ဖြင့်ခွဲပါသည်။ လိုအပ်သော အသားအသေးများကို လက်ဆွဲလွှဖြင့် ခွဲစိတ်ကြပါသည်။ သွပ်ပြားနှင့်သံများကို အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့က လေယာဉ်စီးလုံးငှားဖြင့် ပို့ပေးကြပါသည်။

…ဉ် ပျဉ်ခင်း အိမ်တွင် နေထိုင်ပါတ
…များ၏ အစွဲကြောင့် ဆောက်ပြီးသွား

www.burmeseclassic.com

www.burmeseclassic.com



သော အိမ်များတွင် နေထိုင်ကြရန် အတော်စည်းရုံးယူရပါသည်။ ဟတ္တိရှာလူကြီး ခါနူးဆီက ပထမ၊ ချင်လောင်ဖူးခေါ် စစ်သူကြီးက ဒုတိယ၊ ရွာခေါင်းက တတိယအိမ်များတွင် နေထိုင်ပြကြပြီးမှ ကျန်အိမ်များတွင် ရွာသားများ နေထိုင်လာကြပါသည်။ ထိုသို့ဖြင့် နာဂတောင်တန်းပေါ်တွင် စံပြကျေးရွာကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြပါသည်။

နာဂအမျိုးသမီးများသည် နဖူးဆံစပ်တွင်လည်းကောင်း၊ နှုတ်ခမ်းများတစ်ဝိုက်နှင့် လည်တိုင်တလျှောက်တွင် လည်းကောင်း၊ ဆေးမှင် အမဲစက်ကလေးများ ထိုးထားကြပါသည်။ ဘဝသစ်စခန်းတွင် သင်တန်းတက်နေကြသော သင်တန်းသူများကို တာဝန်ခံဆရာမများက ရေမိုးချိုးသန့်ရှင်းပေးပြီး အမွှေးနံ့သာ သနပ်ခါးများ လိမ်းပေး၍ မြန်မာအမျိုးသမီးဝတ်အကျီလုံချည်များ ဝတ်ဆင်ပေးလိုက်သောအခါ မြန်မာမလေးများကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်သွားကြပါသည်။ ထိုအခါ ဆင်သေရွာတွင် တပ်စွဲထားသော စစ်သားလူပျိုလူငယ်များက မျက်စိကျလာကြပါသည်။ စစ်တပ်မှ အကြီးအကဲများနှင့် ညှိနှိုင်းပြီး သူတို့ချင်း မေတ္တာမျှကြသူများကို လက်ထပ်ပေးနိုင်သည်အထိ ပြည်ထောင်စုဖွား တိုင်းရင်းသားတိုင်းရင်းသူအချင်းချင်း လက်ဆက်သွေးနှောခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ပွားများပြားစေပါသည်။

ရုံးကိစ္စ အမှု...
...နေ့တွင်
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

# လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပေါင်းလိုက်ခြင်း

လူထုပညာရေးလုပ်ငန်းကို ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ဆယ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါသည်၊ သမိုင်းရှုထောင့်အနေဖြင့် ကြည့်မည်ဆိုလျှင် ဆယ်နှစ်ဆိုသော ကာလသည် စာဖွဲ့လောက်သော အခြေမဟုတ်ပါ။ သို့သော် ထို (၁၀) နှစ်အတွင်းတွင် ရေးသားတင်ပြထားသော အကြောင်းအရာလုပ်ငန်းအရပ်ရပ်တို့ကို ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် လွတ်လပ်ပြီးစ မြန်မာနိုင်ငံတော်အတွက် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါသည်။

၁၉၅၈ ခုနှစ်စမှ လက်ရှိ အာဏာရ ဖ. ဆ. ပ. လ အစိုးရအဖွဲ့ထဲတွင် နိုင်ငံရေးမုန်တိုင်းပြင်းထန်လာပါသည်။ ထိုမုန်တိုင်း၏ တိုက်ခတ်မှုအရှိန်ကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးချို့တဲ့လာသော အခြေအနေကြောင့်လည်းကောင်း (၃၁-၁၀-၁၉၅၈) နေ့တွင် လူထုပညာရေးကောင်စီကို လူမှုဝန်ထမ်းဌာနနှင့် ပေါင်း...



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိတာဝန်ထမ်းဆောင်နေကြသော လူထုပညာရေးမှူးများကို အထွေထွေအုပ်ချုပ်ရေးဌာနတွင် လက်ထောက်မြို့ပိုင်ရာထူးဖြင့် ဌာနပြောင်း၍ တာဝန်ဆက်လက်ထမ်းဆောင်လိုက ထမ်းဆောင်ရန်၊ သို့မဟုတ် လူထုပညာရေးမှူးမလုပ်မီက ကျောင်းဆရာလုပ်ခဲ့သူများကို ပညာရေးဌာနတွင် ကျောင်းဆရာတာဝန်ဆက်လက် ထမ်းဆောင်ရန် သို့မဟုတ် အစိုးရ၏အခြားဌာနများတွင် ဝင်ရောက်တာဝန်ထမ်းလိုက အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးမည့်အကြောင်း ပြောကြား၍ ကောင်စီလူကြီးများက စီစဉ်ပေးပါသည်။ အမျိုးသမီးမှူးများ အများစုသည် ကျောင်းဆရာမတာဝန် ပြန်လည်ထမ်းဆောင်ကြပါသည်။

ထိုသို့ တာဝန်ဆက်လက်ထမ်းဆောင်သူများကို မိမိတို့လက်ရှိ ရရှိထားသော လစာစကေးအတိုင်း ဆက်လက်ပေးပါသည်။ အမျိုးသားမှူးအချို့က လက်ထောက်မြို့ပိုင် ဆက်လုပ်ကြပါသည်။ အချို့လည်း လူမှုဝန်ထမ်းဌာနတွင် ဆက်လုပ်ကြသည်။ အချို့လည်း နုတ်ထွက်သွားကြသည်။ အစိုးရဝန်ထမ်းတာဝန်ဆက်လုပ်ကြသူများသည် လူထုပညာမှူကပေးလိုက်သည့် စိတ်ထား၊ တိုင်းချစ်ပြည်ချစ်မိသားစုစိတ်ထား၊ ပေးသည့်တာဝန်ကို အောင်မြင်အောင်လုပ်သည့် ဓလေ့လတို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဌာနတွင် လက်ထောက်မြို့ပိုင်ဘဝမှ မြို့မဝန်ထောက်ကြီး ငွေတိုင်ဝန်ထောက်၊ ခရိုင်ဝန်အထိ ရာထူးအဆင့်ဆင့် တိုးတက်ပြီး ပင်စင်ယူသည်အထိ နိုင်ငံတာဝန်ကို ဝန်ထမ်းကောင်းပီသစွာ ထူးရုံကိစ္စ အမှုဒ...င်... ...ပြီး ...ဂုဏ်ယူလောက်ပါပေသည်။ ...နေ့တွင်

...င် ... ...ငမျိုး...

www.burmeseclassic.com



နမူနာပြရမည်ဆိုလျှင် ယနေ့နှင်းဆီးကုန်း ဘိုးဘွားရိပ်သာမှာ အုပ်ချုပ်ရေးအဖွဲ့တွင်ပါဝင်ပြီး စေတနာ့ဝန်ထမ်း လူမှုရေးတာဝန် ထမ်းဆောင်လျက်ရှိသော ဦးအောင်သန်းနှင့် ဦးချစ်မြိုင်တို့မှာ လူထုပညာရေးမှူး (ဟောင်း) များ ဖြစ်ကြပါသည်။ မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအသင်းတွင် ခေါင်းဆောင်နေသူ ဦးဘတင်မှာလည်း လူထုပညာရေးမှူး (ဟောင်း) ဖြစ်ပါသည်။ သက်န်းကျွန်းမြို့နယ်တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌတာဝန်ယူနေသူ ဦးဘဝိုင် (စာရေးဆရာမင်းဘူး မင်းဇေယျာ) မှာလည်း လူထုပညာရေးမှူး (ဟောင်း) ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

လူထုပညာအကြောင်းကို အခန်း (၁၄)ခန်းခွဲ၍ ခေါင်းစဉ်ငယ်များဖြင့် အတော်ပြည့်စုံအောင် ရေးသားတင်ပြပြီး ဖြစ်ပါသည်။ လူထုပညာအကြောင်းမှာ လွန်စွာကျယ်ပြန့်၍ ဘာသာရပ်အလိုက် အသေးစိပ်တင်ပြရေးသားမည်ဆိုလျှင် စာဖတ်သူစိတ်ဝင်စားမှုနည်းပြီး စာအုပ်စင်တွင်တင်ကာ သိမ်းထားရမည့် ကျမ်းအိပ်ဖြစ်သွားစရာရှိပါသည်။

ထို့ကြောင့် ပြည်မတွင် စာရေးသူကိုယ်တိုင်ဆောင်ရွက်ခဲ့သော လူထုပညာလုပ်ငန်းအကြောင်းနှင့် ပြည်နယ် မဖွံ့ဖြိုးသေးသော တောင်တန်းဒေသ နယ်စပ်ဒေသများတွင် ဘဝသစ်ဖန်တီးရေးအဖွဲ့ (၁၅)ဖွဲ့ စေလွှတ်ခဲ့သည့်အနက် စာဖတ်သူ စိတ်ပါဝင်စားမည့် နာဂ - ဟတ္တိ စခန်းဘဝသစ်အဖွဲ့နှင့် "ဝ" ဒေသ မိုင်းမောဘဝသစ်အဖွဲ့တို့၏ ဆောင်ရွက်မှုများကို ရွေးချယ်တင်ပြထားပါသည်။

ဤမျှဖြင့် လူထုပညာအကြောင်းကို အထိုက်အလျောက်နားလည်သိရှိသွားပြီဟု ယုံကြည်ယူဆမိပါသည်။ အမှန်မှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်၏လူထု ၈၀%ခန့်ဖြစ်သော တောနေလူထု၏ အသိပညာ[illegible]ရးကိစ္စ အမှုအ[illegible] စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေး[illegible] နေ့တွင်

[illegible]

www.burmeseclassic.com



ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရသည် တိုင်းနှင့်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်စေရန် လမ်းများဖောက်ခြင်း၊ တံတားသစ်များ ဆောက်ခြင်း မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်း ဆည်မြောင်း တာတမံ ရေလှောင်ကန်ကြီးများ တည်ဆောက်ခြင်း တို့ကို အားသွန်ခွန်စိုက်လုပ်နေခြင်းမှာ နေ့စဉ်သတင်းစာများထဲ တွင် ဖတ်ရှုနေရပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီး တည်ဆောက်မည်ဟု ကြွေးကြော်လျက် လက်တွေ့ အကောင်အထည်ဖော် တည်ဆောက်နေခြင်းတို့ကို ကိုယ်တိုင် ကြားသိနေရသဖြင့် တစ်ချိန်တစ်ခါက လူထုပညာရေးမှူး တာဝန် ထမ်းဆောင်ခဲ့သူ တစ်ဦးအနေဖြင့် များစွာ အားတက်ဂုဏ်ယူမိ ပါသည်။

လူထုပညာရေးမှူး အမျိုးသား (၇၇၇) ယောက်၊ အမျိုးသမီး မှူး (၁၈၂) ယောက် စုစုပေါင်း (၉၅၉) ယောက်တို့သည် လူထုပညာ လုပ်ငန်းနှင့် ပတ်သက်၍ စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားခြင်း၊ ပြုစုခြင်း မှတ်တမ်းတင်ခြင်းတို့ မရှိခဲ့ပါ။ လူထုပညာရေးသင်တန်းမှူး ဟောင်း ဆရာကြီး ဦးသန်းမောင် စုစည်းတင်ပြထားသော ၁၉၉၇ ခုနှစ်ထုတ် "လူထုပညာရေးမော်ကွန်း" တစ်အုပ်သာ ထွက်ရှိခဲ့ ပါသည်။ ထိုမော်ကွန်း စာအုပ်မှာ စာမျက်နှာ ၃၀၀ ကျော်ရှိပြီး စာရင်းဇယားများဖြင့်လည်းကောင်း၊ အချို့အကြောင်းအရာများတွင် ထပ်ခါ၊ ထပ်ခါ ရေးသားထားမှုများကြောင့် စာဖတ်သူများ [illegible] သည်။

[illegible] သ်း စာရေးဆရာ၊ ကျမ်းပြုပညာရှင် [illegible] ပညာ ကျမ်းငယ်ကို ရေးသားတင်ပြ

www.burmeseclassic.com

www.burmeseclassic.com



ရာ၌ ချို့ယွင်းချက် လိုအပ်ချက်များ ရှိကောင်းရှိမည်ဟု ယုံကြည်ပါသည်။

စာရေးသူ၏ အခြေအနေနှင့် စေတနာကို နားလည်ခွင့်လွှတ်ပေးကြမည်ဆိုပါက ဤ "လူထုပညာ" သည် ယခင်က မြန်မာ့စာပေနယ်တွင် ကျမ်းတစ်စောင် တစ်ဖွဲ့အနေဖြင့် မရှိခဲ့ဘူးသေးသော ကွက်လပ်ကို အတော်အတန် စုံလင်သော အချက်အလက်များကို တတ်နိုင်သမျှ ပြုစုတင်ပြထားသော ကျမ်းငယ်တစ်စောင်အဖြစ် အသိအမှတ်ပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

လူထုပညာကို ခေတ်မီစိုက်ပျိုးရေးနည်းပညာဖြင့် နှိုင်းယှဉ်တင်ပြရသော် မြန်မာ့ရေမြေ ရာသီဥတုဒဏ်ကို ခံနိုင်သော ဆီးရိုင်းဆီးချဉ်ပင်နှင့် သဏ္ဌာန်တူပါသည်။ ထိုဆီးရိုင်းပင်ကို အခြေခံပြီး ကြက်ဥဆီး၊ ဆီးပန်းသီးပင်၏ သားတက်ကိုမြှုပ်၍ ကိုင်းဆက်ကိုင်းကူးနည်းဖြင့် စိုက်ပျိုးသည့်အခါ အနံ့အရသာနှင့် ပြည့်စုံသော အလွန်လှပသော ဆီးကြက်ဥနှင့် ဆီးပန်းသီးကြီးများ သီးလာကြပါသည်။

ထို့ကြောင့် ဆီးကြက်ဥနှင့်ဆီးပန်းသီးနှင့် အလားသဏ္ဌာန်တူသော လူမှုဝန်ထမ်းလုပ်ငန်း၏ ဆင့်ပွားလုပ်ငန်းမျိုးစုံတို့ကို ပြည်ထောင်စုသားအားလုံး အကျိုးကျေးဇူးခံစားနေကြရပြီဖြစ်ကြောင်းတင်ပြ၍ လူထုပညာကို နိဂုံးချုပ်အပ်ပါသတည်း။

မောင်မင်း

ဖြူးကိစ္စ အမှုအခင်း [illegible]

[illegible] နေ့တွင်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



# လူထုပညာသိချင်း

**ရေး-ဆို ဦးဟန်ဝင်း (တယော) တီးဝိုင်း၊ စိန်ကုလား။**

၁။ ပြည်ထောင်စုဌာနီ၊ တက်လမ်းမှန်းလို့သာရည်၊ ပညာရေး အရင်းခံတည်၊ အလင်းရောင်နဲ့ ထည်ဆောက်ကာ မြေတောင် မြှောက်မည်၊ ပြည့်တာဝန်အလီလီ၊ ကြိုးပမ်းကာ ထမ်းကြမယ်၊ သားကောင်းရတနာတွေလိုသည်၊ သမီးကောင်းရတနာများများ စားစားလိုပါပေတော့သည်၊ အသရေလင်းဖို့ ဗမာပြည်၊ ဂုဏ်အရည် အချင်းတွေ ဘယ်ပုံဖြည့်တင်းမည် × × ×

**သံပြိုင်၊** ဒို့ပြည်ထူထောင်မည် × တန်းမြင့်စေချင်သည် × ကျန်းမာ သန့်ရှင်း ရောဂါတွေလဲ ကင်းအောင် × ပြုပြင်ပါရမည် × အသက်မွေးပညာမှီ ဝမ်းရေးဖူလုံမည် × ဒို့ပြည်ထောင်တွင်း ဒို့အိမ်ထောင်ချင်း × စည်းလုံးခြင်းနဲ့ ရှိုင်းပင်းပါရမည်

၂။ ကျေးလက်တောရွာပြုပြင်ပေးဖို့ လူထုပညာရေးအလေးပြု မည် ဝန်ထမ်းတွေညွှန်ကြားကာ၊ ယဉ်ကျေးမှုပါမကျန်ပြီ၊ လုပ်ငန်းစဉ် အခြေတည် အားသစ်သွင်းလို့ ငါးနှစ်အတွင်းမှာ ထွန်းလင်းလာရ မည် × အချိန်မဖြုန်းစေရန်အတည် × အသုံးချတာမည် × စုပေါင်း ရောင်းဝယ်ခြင်းနဲ့ အချင်းချင်းညီညွတ်မည် × ပြည်ရွာငြိမ်းချမ်း အောင်တည် × စီမံကိန်းနဲ့ သိမ်းသွင်းပါရမည်

**သံပြိုင်၊** ဒို့ပြည်ထူထောင်မည် × တန်းမြင့်စေချင်သည် × ကျန်းမာ သန့်ရှင်း ရောဂါတွေလဲ ကင်းအောင်၊ ပြုပြင်ပါရမည် × အသက်မွေး [illegible] × ဒို့ပြည်ထောင်တွင်း ဒို့အိမ်ထောင်ချင်း [illegible] မည် × ×

www.burmeseclassic.com

www.burmeseclassic.com



၃။ တို့တိုင်းပြည်တကယ်တိုးပွားဖို့ စိတ်ထားလဲမြင့်တင်မည်၊ နှလုံးရည်တရားမျိုးနဲ့ အများအကျိုးလဲ ရွက်ဆောင်မည် × ဗမာပြည် အေးချမ်းမည် × မေတ္တာရေချမ်းဖျန်းလို့စည် × လူထုတက်လမ်း မျှော်မှန်းကာရည် ပြည်ထောင်တွင်းဝယ် ချက်ချင်းလက်ငင်းလိုရင်း ရောက်စေမည် × × × × ×

သံပြိုင်၊ ပြန်ဆို -

www.burmeseclassic.com

www.burmeseclassic.com


# ကျမ်းကိုး

၁။ ဆရာကြီး ဦးသန်းမောင်ပြုစုသော ၁၉၉၇ ခုနှစ်ထုတ် လူထုပညာ ရေးမော်ကွန်း။

၂။ လူထုပညာ စာစောင်များ။

၃။ စာရေးသူ၏ ဒိုင်ယာရီမှတ်တမ်းများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပထမအသုတ်စေလွှတ်သော ဘာသာစ်ဖန်တီးရေးအဖွဲ့များ




၁။ ဇာတအဖွဲ့ (ဟင်္သာတဘာသာစ်အဖွဲ့)



[illegible]ဆင်ကျွန်းရဲ့ဘာသာစ်အဖွဲ့)


www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
လူထုပညာရေးလုပ်ငန်း
ပျံ့နှံ့ရာဒေသများ




www.burmeseclassic.com

www.burmeseclassic.com



၃။ ရခိုင်အဖွဲ့ (မရဂိုင်းကျွန်းဘာဝသစ်အဖွဲ့)



၄။ တနင်္သာရီ (မွန်ဘာဝသစ်အဖွဲ့)

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၂ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာမူဆုရ

ကျမ်းစာပေဒုတိယဆုရ

# 'လူထုပညာ'

ရေးသူ - မောင်းမင်း

အဖ ဦးမောင်လယ်၊ အမိ ဒေါ်ဝေါက်တို့မှ ၁၂၈၄ ခုနှစ်၊ တန်ခူးလတွင် ဝါးခယ်မမြို့နယ်၌ မွေးဖွားသည်။ မွေးချင်းခြောက်ယောက်အနက် အကြီးဆုံးဖြစ်သည်။ ဆယ်တန်းအောင်သည်အထိ ဝါးခယ်မမြို့ မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ မန္တလေးတက္ကသိုလ်မှ အိုင်အေအထက်တန်းအောင်မြင်သည်။ လူထုပညာရေးသင်တန်းတက်ရောက်ခဲ့ပြီး လူထုပညာရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၄- ခုနှစ်မှစ၍ သင့်ဘဝ မဂ္ဂဇင်းနှင့် လူထုပညာစာစောင်များတွင် ဆောင်းပါးများ ရေးသားသည်။ ယခုအခါ ရောင်ပြန်မဂ္ဂဇင်းနှင့် ဂမ္ဘီရမဂ္ဂဇင်းတို့တွင် ဘာသာရေးဆောင်းပါးများကို သူတော်စင်မင်းအောင် ကလောင်အမည်ဖြင့် ရေးသားလျက် ရှိသည်။

အမှတ် ၈/၁၇၊ ဘုရင့်နောင်လမ်းသွယ် (၁) လမ်း၊ ဥဿာ ပဲခူး မြို့တွင် နေထိုင်လျက်ရှိသည်။

အမည်ရင်းမှာ ဦးမင်းအောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ကရင်အဖွဲ့ (ဘားအံဘဝသစ်အဖွဲ့)




၆။ ကယားအဖွဲ့ (ရှားတောဘဝ

ရုံးကိစ္စ အမှုအခင်း

နေ့တွင်

ခင် ငများ


www.burmeseclassic.com



လူထုပညာရေးကောင်စီအနေနှင့် ဖွံ့ဖြိုးသေးသောဒေသများအတွက် လူမှုဖွံ့ဖြိုးရေးစီမံကိန်းကို
ဤသို့ စတင်ဆောင်ရွက်နိုင်ခဲ့သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com






နယ်စပ်ဒေသပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတ[illegible] [illegible]ကျောင်းသား
များက နယ်မြေလူထုလုံခြုံရေးအတွက် ဤသို့ရုပ်ရှင်ကားစ အမှုအခင်း[illegible]
ပါဝင်ကူညီကြ[illegible] [illegible]နေ့တွင်
[illegible]

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာပေများကို ကျေးလက်လူထုလက်အရောက် ဖြန့်ချိပေးသော လူထုပညာယာဉ်ကို တွေ့ရပုံ။ (ရှင်းယာဉ်၌ပင် ကျေးလက်လူထုအား ဆေးဝါး ကုသပေးနိုင်ရန်အတွက် ဆေးသေတ္တာပါရှိသည်။)



ကျေးလက်လူထုစိတ်ဝင်စားနိုင်သည့် စာအုပ်ပေါင်း ၂၀၀မှ ၂၅၀ခန့်အထိ ... သည့်စာအုပ်သေတ္တာဖြင့် ရွာစဉ်လှည့်လည်၍ ... ချိပေးသည်ကို တွေ့ရပုံ။


www.burmeseclassic.com

www.burmeseclassic.com



ရုံးကိစ္စ အမှုအခင်း
နေ့တွင်
www.burmeseclassic.com


www.burmeseclassic.com



ရိက္ခာထုတ်လုပ်ရေးနှင့် ဖူလုံရေးအတွက်
ဤသို့ တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း
ချမှတ်ဆောင်ရွက်ပေးသည်ကို တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်မြောက်လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးသော လူထုပညာရေးလုပ်ငန်းရပ်များအပေါ် ပြန်လည်သုံးသပ်သော နှီးနှောဖလှယ်ပွဲကို ၁၉၅၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့က ကျင်းပရာ လူထုပညာရေးကောင်စီဝင်များ၊ လူထုပညာရေးမှူးများနှင့် တတ်သိပညာရှင်အများအပြား ဤသို့ပါဝင်တက်ရောက်ခဲ့ကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com



လူထုပညာရေး သင်တန်းသား/သင်တန်းသူများ ချော်တွင်းကုန်းစခန်းတွင် သင်တန်းတက်နေကြပုံ။

www.burmeseclassic.com